"စာအုပ်ရှာ" pageမှစာပေဒါနပြုပါသည်

ကမ္ဘာကျော်သူလျှိုမယ်

# မာတာဟာရီ

တက်တိုး

(ပထမဆုံးဘာသာပြန်လက်ရာ)



| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၆၄၂/၂၀၀၄ (၆) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၆၇၂/၂၀၀၄ (၇) |

| | | |
|---|---|---|
| ပုံနှိပ်မှတ်တမ်း | ■ | ပထမအကြိမ်<br>၁၉၄၀ ခုနှစ်<br>မြန်မာပြည်စာအုပ်တိုက်<br>ဒုတိယအကြိမ်<br>၂၀၀၄ ခုနှစ်၊ ဩဂုတ်လ<br>သီဟရတနာစာပေ |
| အုပ်ရေ | ■ | (၁၀၀၀) |
| ထုတ်ဝေသူ | ■ | ဦးသိမ်းစိုး<br>(မြ-၀၃၉၈၂)<br>(သီဟရတနာစာပေ)<br>အမှတ် (၁၀၀-D)၊ အင်းယားလမ်း၊<br>ကမာရွတ်မြို့နယ်။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ် | ■ | ဒေါ်ခင်အေးမြင့်<br>(ရာပြည့်အော့ဖ်ဆက်)<br>၁၉၉၊ လမ်း-၅၀၊ ပုဇွန်တောင်။ |
| ကွန်ပျူတာစာစီ | ■ | GLORY |
| မျက်နှာဖုံးပန်းချီ | ■ | THIHA GROUP |
| စာအုပ်ချုပ် | ■ | ကိုမြင့် |
| တန်ဖိုး | ■ | (၅၀၀)ကျပ် |

# တက်တိုး

အဖဦးမောင်ကလေး၊ အမိဒေါ်စိန် ညွန့်တို့မှ (၁၉၁၃)ခု၊ ဖေဖော်ဝါရီလ (၂)ရက်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်တိုင်း သံလျင်မြို့နယ်၌ မွေးဖွားခဲ့ပြီး အမည်ရင်းမှာ ဦးအုံးဖေဖြစ်သည်။

၁၉၂၀ ခုတွင် မကွေးလောကမဓါတ်ကျောင်း၊ ၁၉၂၁-၃၀ တွင် မကွေး အင်္ဂလိပ် မြန်မာ အစိုးရကျောင်း၊ ၁၉၃၀-၃၂ တွင် ရန်ကုန်တကသိုလ် ဥပစာတန်း၊ ၁၉၃၈-၃၉ တွင် ဝိဇ္ဇာဘွဲ့ရရှိခဲ့ပါသည်။

၁၉၃၂ မှ ၁၉၃၈ အထိ မကွေးတိုင်းမင်းကြီးရုံးစာရေးအဖြစ်လည်းကောင်း၊ ၁၉၃၈-၁၉၄၀ တွင် ကန္တလောကမဂ္ဂဇင်းအယ်ဒီတာအဖြစ်လည်းကောင်း၊ ၁၉၃၉ တွင် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာနည်းပြအဖြစ်လည်းကောင်း၊ ၁၉၄၀ တွင် ပြန်ကြားရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဘာသာပြန်ဌာနခွဲစာတည်းမှူးအဖြစ်လည်းကောင်း၊ ၁၉၄၂-၄၃ တွင် ပညာမင်းကြီးရုံး၊ မြန်မာစာပေဌာန စာတည်းမှူးအဖြစ်လည်းကောင်း ၁၉၄၃-၄၅ တွင် ပညာစွယ်စုံကျမ်းလက်ထောက်စာတည်းမှူးအဖြစ်လည်းကောင်း၊ ၁၉၄၅-၄၇ တွင် ပြန်ကြားရေးဌာန သုတေသန အရာရှိအဖြစ်လည်းကောင်း၊ ၁၉၄၆ တွင် တိုင်း(မ်)မဂ္ဂဇင်းသတင်းထောက်အဖြစ်လည်းကောင်း၊ ၁၉၄၉-၅၀ တွင် ပဒေသာမဂ္ဂဇင်း အတိုင်ပင်ခံအယ်ဒီတာအဖြစ်လည်းကောင်း၊ ၁၉၅၀-၅၂ တွင် မြန်မာပြည်သတင်းဌာန စာတည်းချုပ်အဖြစ်လည်းကောင်း၊ ၁၉၇၂ တွင် မြန်မာ့သတင်းစဉ် အယ်ဒီတာချုပ်၊ အမျိုးသားစာပေဆုရွေးချယ်ရေးအဖွဲ့ဝင်၊ သတင်းနှင့် စာနယ်ဇင်းကော်ပိုရေးရှင်း ဦးဆောင် ညွှန်ကြားရေးမှူး ၁၉၇၅ တွင် ပညာရေးဝန်ကြီးဌာန၊ ပညာရေးအထူးအရာရှိ တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

ပထမဆုံးပုံနှိပ်စာမူမှာ "ကညာလော၊ ကျားကြီးလော" ဝတ္ထုဖြစ်ပြီး ကန္တလောက ဘာသာပြန်ဆုရခဲ့- ၁၉၂၈ ခုနှစ် အသက် ၁၄နှစ်အရွယ် အဌမတန်းပညာ သင်ကြားစဉ် ရေးသားခဲ့ခြင်းဖြစ်သည်။ စာအုပ်ပေါင်း(၇၀)ကျော်ကို ရေးသားပြုစုခဲ့ပြီး ထင်ရှားသော စာအုပ်များမှာ **သောကကင်းဝေးနေနိုင်ရေး၊ ခါးကုန်းကြီး၊ တစ်နှစ်သား၊ ဘဝနှင့်စာပေ၊ အညတရဘဝရှုခင်းများ၊ ဘဝပညာ၊ ၁၉၅၂ အင်္ဂလိပ်မြန်မာ အဘိဓါန်၊ လောကနီတိ** တို့ဖြစ်ကြသည်။ ၁၉၅၀ ပြည့်နှစ်တွင် **မင်းမှုထမ်း** စာအုပ်ဖြင့် စာပေဗိမာန် ဆုရရှိခဲ့ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ အသက်(၉၁)နှစ်တွင် ကွယ်လွန်သည်။

Scanned by CamScanner

# ရည်စူးချက်

စာအုပ်ဆို၍ တစ်ခါမျှမရေးခဲ့ဘူးသောငါသည် ဤစာအုပ်ကလေးကို ပျင်းပျင်းရိရိနှင့် အတော်ပင် ကလောင်နှင်ခဲ့ရ၏။

ကျေးဇူးရှင် ငါ့မိ ငါ့ဘတို့အား အခြားနည်းဖြင့် ကန်တော့ပန်း မဆင်နိုင်ရှာသောငါသည် ဤစာအုပ် ကလေးကိုပင် အမြတ်တနိုးလုပ်ကာ ကန်တော့ပန်း ဆင်ရတော့မည်တကား။ ။

တက်တိုး



Scanned by CamScanner

# အခန်း [ ၁ ]

လွန်ခဲ့သော ကမ္ဘာစစ်ကြီးတွင် မာယာတစ်သိန်း အပလိန်း အနန္တ တို့ကိုရေလဲ အမျိုးမျိုးနှင့် အသုံးပြုကာ အလွန်ခက်ခဲလှသော သူလျှိုအလုပ်ကိုဆောင်ရွက်ခဲ့ရာတွင် နာမည်ကျော်ခဲ့သော မာတာဟာရီသည် အတ္ထုပ္ပတ္တိဆရာတို့အား လှည့်စားသည်ဟု ဆိုရပေမည်။ သူ့အတ္ထုပ္ပတ္တိကို အစီအစဉ်ကျအောင်ရေးနိုင်သော စာရေးဆရာ မရှိခဲ့သေးချေ။ အကြောင်း သော်ကား သူသည် ပန်းပွင့်ကလေးတစ်ပွင့်မှတစ်ပွင့်သို့ ကူးလူးပျံသွား၍နေသော လိပ်ပြာကလေးကဲ့သို့ ဗက်တေးဘီးယား၊ ကိုင်ရို၊ ပဲရစ်၊ မဒ္ဒရာဇ်၊ လန်ဒန်မြို့များကို ကူးလူးပျံသွားလျက်နေခဲ့လေသည်။ အတ္ထုပ္ပတ္တိဆရာသည် သူ့အားလန်ဒန်တွင် တစ်နေ့၌ တွေ့ရကြောင်း အမှတ်အသားကို တွေ့ရှိရပြီးသည်နှင့် အခြားမဲ့၌ ပဲရစ်တွင်ရောက်နေကြောင်း အမှတ်အသားတွေ့ရပြန်၏။ သို့နှင့် ပျောက်ချီ၊ ပေါ်ချီ ဖြစ်နေရကား၊ သူ့အတ္ထုပ္ပတ္တိကို အစီအစဉ်ကျကျရေးသားလိုသူသည် ခုန်ပျံမြူးတူးနေသော ပန်းလိပ်ပြာကလေးကို လိုက်လံဖမ်းသော သူငယ်ကလေးကဲ့သို့ ဖတ်ဖတ်မောရချေသည်တကား။

ကျွှမ်းဆူးရီးယားသည် သူ့အား ပြင်သစ်မြို့တော်ပဲရစ်ရှိရုံးဘာသီလမ်း ယော်တယ်

**သီဟရတနာစာပေ**

ဆိုင်တစ်ဆိုင်၌ မာတာဟာရီကို ပထမစတင်၍တွေ့ရ၏။ ဟော်တယ်ပိုင်ရှင် 'ပေါရီးလ်'သည် သူ့ဟော်တယ်ဆိုင်တွင် ပျော်ပွဲစားလာကြသော ပရိသတ်တို့အား ထူးဆန်းသောကချေသည် မလေးတစ်ယောက်ကို အသုံးတော်ခံစေ၏။ ထိုကချေသည်မလေး၏အမည်ကား လုံ့ဆွန်ရဲလ်ဖြစ်၏။ (ထို လုံ့ဆွန်ရဲလ်ကား နောင် သူလျှိုရာဇဝင်တွင် နာမည်ကျော်ကြားသည့် မာယာသယ် မာတာဟာရီပင်ဖြစ်၏။)

ပေါရီးလ်၏ဟော်တယ်သည်ကား အခြားဟော်တယ်များနှင့်မတူ ကလယ်သဖွယ် ဖြစ်နေလေ၏။ လာရောက်စားသောက်ပျော်ပါးကြသူတို့မှာကား၊ ပန်းချီဆရာများ၊ စာရေးဆရာများသာဖြစ်၍ နေ့စဉ်နှင့်အမျှ ထိုသူများသာလျှင်လာကြသဖြင့် လူသစ်၊ လူစိမ်း၊ ခရီးသည်တို့ မလာရောက်ကြချေ။

ဟော်တယ်ဆိုင်ရှင် ပေါရီးလ်သည် ၁၉၁၀ ခုနှစ် နိုဝင်ဘာလ ညတစ်ည၌ ဖန်မောင်းကလေးကို ထုလိုက်လေ၏။ ထိုဖန်မောင်းကလေး၏သတ္တိကား တရုန်းရုန်း တမြုန်းမြုန်းဆူညံနေသော အသံတို့ကိုကျော်လွှားနိုင်သော စူးရှသည့် အသံကိုဆောင်၏။ ထို ဖန်မောင်းကလေးကို ထုလိုက်ခြင်း၏ အဓိပ္ပာယ်ကား အခြားမဟုတ်၊ ဟော်တယ် ရှိလူများအား ပေါရီးလ်က တစ်ခုခုပြောကြားလို၍ ဖြစ်သည်။ ထိုစူးရှလှသော ဖန်မောင်း သံကလေးသည် ဆူညံနေသောအသံများပေါ်သို့ကျော်လွှားကာ မီးကိုရေဖြင့် ငြိမ်းသတ် လိုက်ဘိသကဲ့သို့ အပ်ကျသည်ကိုပင်ကြားရမလောက် ငြိမ်သက်သွားစေ၏။

ပေါရီးလ်သည် တတိယအကြိမ် ဖန်မောင်းခေါ်ပြီး သကာလ၊ ဤသို့ ပရိသတ် အားစကားဆို၏။

'မိတ်ဆွေတို့ ခင်ဗျားတို့ ကပွဲ မကြည့်ရတာ အတော်တဲကြာသွားပြီ၊ သုံးပတ် တောင်ရှိပေါ့'

ထိုသို့ဆိုပြီးနောက် ပရိသတ်က မည်သို့ ပြန်ပြောမည်နည်းဟု ရပ်၍စောင့်သည့် အနေနှင့် စကားကို ရှေ့သို့ မဆက်သေးဘဲ ပြောကာထားလိုက်၏။ ပရိသတ်ငြိမ်လျက် ပင်ရှိသဖြင့် ဆက်ပြော၏။

'ကျွန်တော် လွန်ခဲ့တဲ့ စနေနေ့က မာဆေးလ်ကိုသွားတယ်'

ဤစကားကိုကြားသော် ပရိသတ်သည် လူပျက် ပျက်လုံးကို သဘောကျ၍

ရယ်လိုက်သကဲ့သို့ ဝါးကနဲ ရယ်၏။ ဤစကား၌ရယ်သွမ်းသွေးဘွယ်ရာ အဓိပ္ပာယ်ပါလေသည်။ ဟော်တယ်ပရိသတ်သည် ပေါရီးလ် မာဆေးလ်သွားသည့်အကြောင်းကို မပြောဘဲနှင့်သိကြကုန်၏။ ပေါရီးလ်သည် မာဆေးလ်၌ မယားငယ်တစ်ယောက်ထား၏။ အလုပ်အကိုင်နှင့် မယားကြီးတို့သည် ပဲရစ်မြို့၌ရှိရကား၊ မာဆေးလ်၌သူအမြဲမနေနိုင်ရှာချေ။ အလုပ်အကိုင်ကလူကိုပမ်း၊ မယားကြီးကစိတ်ကိုနွမ်းစေသော အခါ၌ စိတ်ပြေလက်ပျောက်ဆိုသလို မာဆေးလ်မြို့ကိုအလည်အပတ်သွား၏။ မယားကြီးသည် ဟော်တယ်တွင်စာရင်းကိုင်ငွေသိမ်းသဖြင့် လွတ်လပ်ခြင်းကို အလိုရှိသော ပေါရီးလ်သည် အစစအရာရာကျပ်တည်း ကျဉ်းမြောင်းလှသည်ကို တွေ့ကြုံရရှာ၏။ ထိုသို့ ကျပ်တည်းလှသည့်ဃရာဝါသသမ္ဘာဒမှ ပေါရီးလ်သည် တစ်လတစ်ပါတ်ယောက် လွတ်မြောက်ပါရခြင်းအကျိုးငှာ မာဆေးလ်သို့ ထွက်လေ့ရှိ၏။

အရယ်တိတ်သောအခါ ဆက်လက်၍ ပေါရီးလ်က ပြော၏။

'ကျွန်တော် မာဆေးလ် ရောက်တော့ ဟော်တယ်ဆိုင် တစ်ဆိုင် သွားတယ်၊ ဟော်တယ်မှာ ကချေသည်မလေးတစ်ယောက်ကိုတွေ့တယ်'

ပေါရီးလ်သည် ဤနေရာ၌ တဖန်ရပ်တန့်နေပြန်၏။ ယခုအခါ၌မူကား ပရိသတ်ထံမှ စကားကိုကြားလိုလှ၍မဟုတ်၊ သူ့ဘာသာ သူသဘောကျ၍ ပီတိသောမနဿဖြစ်နေသောကြောင့် မျက်စိကို အသာမှေးပြီး လက်နှစ်ဘက် ရှေ့သို့ ဟန်ပါပါနှင့် ဆန့်တန်းကာ တစ်မိနစ်မျှ နေလေ၏။

'ကျွန်တော်က ကောင်မလေးကို ထိန်းထားတဲ့သူဆီ သွားပြီးငှားတယ်၊ ငှားတော့သူက အတော် ဈေးကြီးကြီးဆိုလိုက်တယ်၊ ကျွန်တော်က ဈေးကြီးတာနဲ့ မငှားဘဲနေမလို့ပါဘဲ။ ဒါပေမယ့် ကောင်မလေးမျက်စိက တစ်မျိုးပဲဗျာ၊ သူက ကျွန်တော်နဲ့သူ့လူစကားပြောနေတဲ့ဆီကို လှမ်းကြည့်လိုက်တယ်ဆိုလျှင်ပဲ ကျွန်တော်တယ့်နှယ်ဖြစ်သွားတယ်မပြောတတ်ဘူးဗျာ၊ ငှားချင်စိတ် သိပ်များလာတာဘဲ၊ ဒါနဲ့ ဈေးကြီးကြီးနဲ့ပဲ ငှားလာခဲ့ရတယ်၊ ကဲ... ဒီမယ် သူပဲ'

ဤသို့လျှင် ပေါရီးလ်သည် ဈေးသယ်ပီပီ စကားကို ရွှန်းရွှန်းဝေအောင် ပြောတတ်ပါပေ၏။ ပြောပြီးလျှင်ပင် ပေါရီးလ်သည် တီးဝိုင်းသို့သွား၍ တီးစေ၏။



Scanned by CamScanner

တူရိယာ စလိုက်သည်နှင့် တပြိုင်နက်၊ ကန့်လန့်ကာသည် ဘေးဘက်သို့ ရုတ်၍သွားကာ၊ ဇာတ်ခုံပေါ်တွင် တင်ပလ္လင်ချိတ်ထိုင်နေသော သူငယ်မ တစ်ယောက်ကို ပရိသတ်တို့မြင်ကြရလေ၏။ မြင်စဥ္ဆ ရှော့တွင်မထူးခြားလှပေ။ ပေါရီးလ်၏ လေလုံး ထွားပုံကို သိပြီးဖြစ်၍ မည်မျှပင် သိဒ္ဓိတင်စေကာမူ၊ ထူးထူးခြားခြားမရှိလှဟု မှတ်ထင်မိ၏။

ကချေသည်မလေး၏ အောက်ပိုင်းတွင်ကား တူရကီ ဘောင်းဘီရှည် ဝတ် ဆင်လျက်ရှိ၏။ ခါးအထက်၌ကား အရောင်တောက်နှင့် အရောင်မှိန် နှစ်မျိုး တစ်လှည့် စီရှိသော အဝတ်တန်ဆာကို ဆင်ယင်လျက်ရှိသည်ဟု ထင်ရ၏။ မဲမဲနှင့် ပြောင်ပြောင် တစ်ကွက်စီ ကြားထားသကဲ့သို့ ဖြစ်နေ၏။ သူသည် မတ်တတ်ရပ်ကာ ထိုအဝတ်တန်ဆာ ကို ကိုယ်မှ လည်တွင်ပတ်ထားသော မာဖလာကို ခွာသကဲ့သို့ ခွာလိုက်ရာ ပြောင်နေ သောအရာကား၊ အခြားမဟုတ် မြွေကြီးဖြစ်နေကြောင်းကို ပရိသတ်တို့ သိကြရ၏။ မြွေကြီး အရေသည် မီးရောင်အောက်တွင် တောက်ပြောင်လျက်ရှိ၏။ မကခင် ကိုယ်မှ ဖြေလိုက်သော မြွေလိမ္မာကြီးကို လည် မျိုမှ ကိုင်၍ ပရိသတ်ဘက်သို့ မျက်နှာမူကာ မြွေကြီး၏ လျှပ်စီးပျက်သလို၊ အရောင် တလက်လက်နှင့် ထွက်ချီဝင်ချီဖြစ်နေသော လျှာကလေးကို သူ့လျှာနှင့်တို့ကာ နမ်းပြလိုက်သေး၏။ အကမှာလည်း အရှေ့တိုင်း အကမျိုးဖြစ်၏။ ပုဏ္ဏားမကနည်းမျိုးဖြစ်ပေသည်။

ကျွေမဆူးရီးယားသည် ပန်းချီဆရာဖြစ်၏။ မြွေကိုယ်ကို တစ်ပတ်ပြီး တစ်ပတ် ဖြေနေသော ကချေသည်ကို မြင်သော် မိမိရေးဆွဲနေသော ကိုယ်လုံးကျွတ်ရုပ်ပုံများအတွက် အဆက်အလက်ကျသော ကိုယ်ကာယကို မျက်စိရှေ့တွင်မြင်ရလေသောကြောင့် အထူးပင် စိတ်ဝင်စားလှာလေ၏။

ကချေသည်မလေး၏ ထူးခြားချက်တစ်ခုကား၊ အခြားကချေသည်မများကဲ့သို့ အကတွင် မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ကသည်မဟုတ် သူ့အကမှာ အဓိပ္ပာယ်တစ်မျိုးပါပေသည်။ သူကပုံနှင့် သူ့မျက်နှာထားကိုကြည့်ရခြင်းအားဖြင့် သူသည် လောကကြီးကို ပျက်ရယ် ပြုလိုသည့် ဆန္ဒရှိကြောင်း သိရ၏။ ဆန္ဒရှိယုံမျှမက၊ ပျက်ရယ်ပြုနေသည်မှာ အမှန်ပင် ဖြစ်တော့၏။ အပျော်အပါးကို ခုံမင်နေကြကုန်သော လူဆိုသည့်သတ္တဝါတို့၏ အပြုအမူ


Scanned by CamScanner

ထုံးတမ်းတို့ကို မသိမသာမဲ့ရွဲ့သော နှုတ်ခမ်းကလေးဖြင့် ကြည့်၏။ သရော်သော မျက်နှာထားနှင့်ကြည့်၏။ ကြည့်ရင်းကြည့်ရင်း ညင်သာ ယဉ်ကျေးစွာက၏။

ဆရျလိုက် ခါတ်မီးကြီးများ အားကုန်ထွန်းထား၍ အလင်းရောင်ထူပြောသော နေရာတွင်ရပ်၍ နေသော ကချေသည်မကလေး၌ လူတို့ မက်လောက်သည့် ဝိသေသလေး တစ်ခုရှိ၏။ သူ့အက ညက်ညောလှ၏လော၊ မဟုတ်လှပါ။ လှလွန်း၍လော၊ လှလွန်း၍လည်း မဟုတ် သို့သော် သူ့ဝယ် ယောက်ျားတို့၏ အသဲနှလုံးကို ယူကြုံးဆွဲငင်နိုင်သော စာဖြင့်၊ စကားဖြင့် မဆိုသာ၊ မပြောသာ၊ ဖေါ်မပြသာသည့် သတ္တိထူးကလေးရှိလေသည်။

ယောက်ျားများ စွဲမက်၍ သူ့နောက်သို့ တကောက်ကောက်လိုက်စေတတ်သော ဤသတ္တိထူးကလေးသည်....၁၉၁၀ ခု၊ နိုဝင်ဘာလ၊ ထိုနေ့ညတွင် ပေါရီးလ်၏ ဟော်တယ်တွင် က,ပြအသုံးတော်ခံသော အချိန်အခါ၌၊ အထူးသဖြင့် ပေါ်လွင်နေလေသည်။ သူ၏ အဖြစ်အပျက် အကြောင်းအရာကို မည်သူမျှ မသိစွမ်းနိုင်။ သူ့ဘဝကို ထူးဆန်းခြင်း တည်းဟူသောလွှာရုံကလေးက တလျှောက်လုံးဖုံးလွှမ်းလျက်ရှိ၏။ သူ့နောက်ကို တကောက်ကောက် လိုက်ကြကုန်သော နေ့တို့သည်လည်း မကြာမီပင်မျက်ခြေပြတ်၍ ငေါ၍ကော၍ ကျန်ရစ်ဘဝသို့ သက်ဆင်းကြရရှာ၏။ သူ၏ဘဝသည်ကား၊ ပေါ်ချီပျောက်ချီနေရသော ဘဝဖြစ်ချေ၏။

ပထမတစ်ချီ ကပြီးလျှင်ပင်၊ တီးလိုက်ကြသော လက်ခုတ်သံသည် ပြောင်းဆန်၍သွား၏။ ဖန်ခွက်ခေါက်သံ စားပွဲကို လက်နှင့်ပုတ်သံ၊ ကြောင်အော်သလို အော်သံ မှစ၍ အားလုံးသောအသံများကို ကြားရ၏။ ပရိသတ်မှာကား သာမန်ပရိသတ်မဟုတ်ကြောင်းသတိမူရာ၏။ စာရေးဆရာပရိသတ်နှင့် ပန်းချီဆရာပရိသတ် ဖြစ်ချေ၏။ စာရေးဆရာနှင့် ပန်းချီဆရာတို့ကား သူမတူ ရူးတတ်သောသတ္တဝါများသာ ဖြစ်ကြကုန်၏။

ပေါရီးလ်ကလျှံဆောန်ရလ်သည် ထိုနေ့ညအဖို့ နောက်ထပ်ကတော့မည်မဟုတ်ကြောင်းထွက်၍ပြောသောအခါ၊

'ယော့ ဘာလို့ မကရမှာလဲ၊ ကရမယ်ကွ ... နောက် ထပ်ကပါ၊ နောက်ထပ်က ... အင်း ကိုး'

ဟူသောအသံတို့သည်မိုးမွန်၍သွားလေ၏။ ဂျော့အဖို့ကား နောက်ထပ်မက



Scanned by CamScanner

စေလို၊ ဆောန်ရလ် ကသွားသည်မှာ အလွန်စွဲမက်လောက်၏။ သူ့ကို ထပ်မံ၍ကြည့်ရလျှင် မြင်ပါများတော့ ငယ်ဆိုသလို အစွဲပေါ့ပျက်ပျက်ဖြစ်သွားမည်စိုးလှ၏။

အချို့သော လက်မြန်ခြေမြန်တို့သည် ဇာတ်ခုံပေါ်သို့ ပြေးတက်ကာ ပေါရီးလ်ကို အတင်းဆွဲဖယ်ပြီးလျှင် ကန့်လန့်ကာကိုဆွဲဖွင့်ကြ၏။ ကန့်လန့်ကာပွင့်လာသော် လျှံဆောန်ရလ်ကိုမတွေ့ရချေ။ သူနှင့်သူ့မြွေကြီးရော၊ မြွေခြင်းကြီးပါပျောက်သွားလေတော့၏။ ကပွဲကိုဆက်ကြည့်လိုသူတို့သည် ကြည့်ချင်ဇောနှင့် ပေါရီးလ်အား ဘယ်မလဲ၊ ကချေသည်မလေး၊ ဘယ်ပျောက်သွားသလဲဟုမေးကြသော်လည်း၊ ပေါရီးလ်သည် တုံဏှိဘော လုပ်၍ အကြောင်ရိုက်ကာနေလေ၏။

အခြား ကချေသည်မများနှင့်မတူသည်ကို ကျော့ရိပ်မိလေ၏။ အခြားကချေသည်မများသည် ယခုကဲ့သို့ပရိတ်သတ်သဘောကျ ကလိုက်မိလျှင်၊ ပွဲပြီးသည်၏အခြားမှဲ့ဒွိမမှီတမှီ ထားသောအမဲတုံးကို သရေတာများများနှင့်မျှော်နေကြသောခွေးပမာ မိမိတို့စွဲမက်သူ ကချေသည်မထံသို့ သူ့ထက်ငါစုရုံးလာကြကုန်သော ယောကျ်ားပရိတ်သတ်အား ကောင်းမွန် စွာ ပြောဆိုရောနှော၍ သူတို့၏ပိုးကြေးပန်းကြေးတည်းဟူသောအရက်များ အစားအသောက်များကိုသောက်စားပြီးမှသွားလေသည်။ယခုကချေသည်မကလေးသည်ကား ထူးဆန်းလှ၏။ ကိုယ်ပျောက်အတတ်ကိုရသည့်အလား ပွဲပြီးပါပြီဟုပေါရီးလ်ပြော၍မှ မဆုံးမီပင် အစအန ရှာ၍မရတော့ချေ။ ထိုထူးဆန်းချက်သည် ကျော့၏စိတ်ကိုဝင်စားစေ၏။

"ပြောစမ်းပါအုံး ကိုယ့်လူရ၊ ဒီကောင်မလေးဘယ်မှာနေသလဲ၊ အခုဘယ်ဘက်တံခါးကထွက်သွားသလဲဟင်"

ဟု သူတစ်ယောက်ငါတစ်ယောက် မေးကြသော်လည်း ပေါရီးလ်မှာ ရေရေရာရာဖြေဆိုခြင်းမရှိဘဲ၊ အူကြောင်ကြောင်လုပ်နေလေ၏။

သူငယ်မလေးနေထိုင်ရာကိုမေးမရသောကြောင့် စိတ်ပျက်ကာ ပြန်သွားမည် မထင်လေနှင့်။ စာရေးဆရာပန်းချီဆရာဆိုသောသတ္တဝါတို့သည် သူတကာထက် အကဲပိုတတ်ရကား.....။

"နို့နေပါအုံး ပေါရီးလ်ရ၊ ဒီကောင်မကလေးကိုဘယ်လိုတွေ့လာတာတုန်းဗျ၊ သူ့ကို ဟာဗျာ... ခင်ဗျားကြီးမရှိုးပါဘူး၊ ကောင်မလေးကိုစွဲနေပြီထင်တယ်"ဟု ပြောကာ၊

ပေါရီးလ်အား လျံဆောန်ရလ်နှင့်တွေ့ပုံမှ ပဲရစ်သို့ခေါ်ဆောင်လာပုံတို့ကို ခရေစေ့တွင်းကျမေးကြကုန်၏။

ပေါရီးလ်သည် ဟော်တယ်ပိုင်ရှင်သဘာဝ စကားအလွန်များလှ၏။ စာရေးဆရာ၊ ပန်ချီဆရာနောက်ပိုးတို့သည်လည်း လျံဆောန်ရလ်၏အကြောင်းကို ပေါရီးလ်အား လက်တတို့တို့မေးကြသည့်အလျောက် ပေါရီးလ်ကလည်း သူ ဆောန်ရလ်ကိုတွေ့ခဲ့ရပုံကိုပြော၏။

'ဒီလိုဗျ၊ ကျုပ် မာဆေးလ်ရောက်သွားတော့မြို့စွန်မြို့ဖျားက ဟော်တယ်ဆိုင်ကလေးတဆိုင် လမ်းကြုံတာနဲ့ရောက်သွားတယ်၊ ဟော်တယ်ကလဲ ညစ်ပတ်လိုက်တာဗျာ မပြောပါနှင့်တော့၊ ဟော်တယ်ထဲကလူတွေကလဲ သင်္ဘောသားတွေနဲ့ တူပါတယ်၊ နားရွက်မှာ နားသံသီးကြီးတွေနဲ့ ပင်လယ်ဓါးပြတွေလိုပဲ အသားဖြူ၊ အသားမဲ၊ အသားဝါတွေပေါ့၊ လူမျိုးစုံပါရော။ ဟော်တယ်မှာ တီးဝိုင်းလဲ မရှိဘူး၊ ချောင်တစ်ချောင်မှာတော့ ပီယာနို ခပ်ဟောင်းဟောင်းတစ်ခုရှိတယ်။ ပီယာနို တီးတဲ့လူကလဲ ရွံစရာပါဗျာ၊ ဆေးတွေပါးစပ်ထဲငုံလို့ မကြာခင်ဘဲ ဆောန်ရလ် တံခါးပေါက်တစ်ပေါက်က ဝင်လာပြီး မြေကြီးပေါ်ထိုင်လိုက်တယ်၊ သူ့မြွေကြီးပတ်လို့ပေါ့။ ခင်ဗျားတို့ မြင်တဲ့အတိုင်းပါဘဲဗျာ မြွေကြီးကို သူ့ကိုယ်ကဖြေပြီးကတာပဲ၊ ဟော်တယ်က ကောင်တွေက သူ့ ဂရုစိုက်မကြည့်ပါဘူး၊ သူတို့က သင်္ဘောနှင့် ကမ္ဘာလှည့်နေရတဲ့လူတွေမို့ အရပ်ရပ်ရောက်ကြပေတာကိုး၊ ဒီလိုအကမျိုး သူတို့ ကြည့်ဘူးကြတာပေါ့၊ ဘာထူးဆန်းတော့မှာလဲ။ ဆောန်ရလ်ဟာ လှတာတော့မဟုတ်ဘူးဗျို့။ ဒါပေမဲ့ တမျိုးပဲ၊ သူ့မှာစွဲစရာအချက်ကလေးတော့ အမှန်ဘဲပါတယ်ဆရာတို့ရဲ့။

ကျုပ်ကတော့ သူကတာထူးဆန်းလို့ ပွဲပြီးတော့ ဟော်တယ် အတွင်းခန်းထဲဝင်မေးတာပဲ။ ဟော်တယ်ပိုင်ရှင်က သူရှိရာကို လိုက်ပို့တယ် သူ့မှာ ကလေးတစ်ယောက်ရှိတယ်ဗျို့ သူဘယ်ကလာသလဲလို့ မေးတော့ ဟော်တယ်ပိုင်ရှင်က အိန္ဒိယပြည်၊ ပွန်ဒီချာရီမြို့က သင်္ဘောတစ်စင်းနဲ့ပါလာသတဲ့။ ဒီကလေး ဘယ်သူ့ကလေးလဲဆိုတော့ သူက ဟော်တယ်ပိုင်ရှင်လက်ကိုလိုက်ဆွဲပြီး ခေါင်းရမ်းပြတယ်။ မပြောရဘူးဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ကျုပ်က ပဲရစ်လိုက်မလားလို့ မေးတော့ ခေါင်းညိတ်ပြတယ်။ သူစကားအပြောတတ်သားပါဗျာ။ ဒါပေမဲ့ မပြောဘူး။ သူက ကျုပ်ကို စိမ်းစိမ်းကြီး ကြည့်လိုက်ရင်ပဲ



Scanned by CamScanner

ကျုပ်ဗျာ ပြောလို့ပြောတာ မဟုတ်ပါဘူး စိတ်တစ်မျိုး ဖြစ်သွားပြီး မငှားဘဲမနေနိုင်လောက်အောင် ဖြစ်သွားတာပဲ၊ ဒါနဲ့ သူ့ကို ကြေးကြီးကြီးနဲ့ပဲ ငှားခဲ့ရတယ်။ ကိုယ့်မိတ်ဆွေတွေ ကြည့်ကြပါစေ ဆိုတဲ့စေတနာနဲ့ပါ။

● ● ●

# အခန်း [ ၂ ]

ကချေသည်မလေး လျှံဆောန်ရလ်၏ အက ထူးပုံကို သဘောကျနေသော ဂျော့ မဆူးရီးယား၏ စိတ်သည် လျှံဆောန်ရလ် အပေါ်သို့ တိမ်းညွတ်လေတော့၏။ ရှေးက ဂရုမစိုက်သော်လည်း ယခု ဂရုစိုက်စ ပြုလာတော့၏။ ပေါရီးလ်၏ ဟော်တယ်သည်လည်း တနင်္ဂနွေ နှစ်ပတ်တိုင်တိုင် လူစည်ကားလျက်ရှိ၏။ လျှံဆောန်ရလ်သည် ယောက်ျားတို့၏ အချစ်တုံး၊ အစွဲတုံး အသဲကျော် ဖြစ်နေလေတော့၏။ ယောက်ျားများက ချစ်သလောက် မိန်းမများက ချဉ်ကြသည်မှာ ဓမ္မတာပင်ဖြစ်၏။ မနာလို ဝန်တိုသော သဘောကြောင့် ဖြစ်ချေသည်။ လျှံဆောန်ရလ်၌ ယောက်ျားတို့ စွဲမက်လောက်သော ဝိသေသလေး တစ်ခုရှိ၏။ ထိုဝိသေသလေးကို မပိုင်သသူ မိန်းမတို့သည် မနာလို ဝန်တိုကြလေ၏။

မိန်းမတို့သည် လျှံ၌ ကလေးတစ်ယောက်ရှိကြောင်း သိကြ၏။ အပျိုမဟုတ်သဖြင့် သူတို့ ယောက်ျားများက ကြိုက်ကြမည်မဟုတ်ဟု စိတ်ကို ဖြေခြင်း မပြုနိုင်ကြချေ။ ကလေးတစ်ယောက်မက တစ်ဒါဇင်ပင် ရှိစေဦးတော့ ဒီလိုကောင်မမျိုးတော့ ငနဲတွေကမက်ကြမှာပဲ ဟူသောသဘောအမြဲရှိကြ၏။ သူတို့သည် ဤသို့ မနာလို တိုရှည်

သာ ဖြစ်နေကြသည်။ သူတို့ ကိုယ်တိုင်က သူတို့ ယောကျ်ားများကို မည်သို့ မည်မျှ ပိုင်ဆိုင်ကြပါသနည်း။ သူတို့အထဲ၌ အတည်အယူခံရသော မိန်းမ တစ်ယောက်မျှ မပါရှိ ချေ။ သူတို့ အားလုံး အပျော်မယားသာ ဖြစ်ကြ၏။ သူတို့ ယောကျ်ားများကို သူတို့ ဘယ်သို့ဘယ်မျှ ပိုင်ဆိုင်ခြင်း မရှိကြချေ။ သို့နှင့်ပင် ဤမျှလောက် ကဲကဲဆတ်နေကြသည်မှာ အံ့စရာပင်ဖြစ်၏။ သို့ပြားလည်း မိန်းမတို့ သဘာဝကို နှိုင်းဆကြည့်ပါမူ ဝန်တိုခြင်း မစွဲရသည် သူတို့၏ အသွေးအသား၌ပါရှိ၍ လာကြောင်းသိနိုင်ပေသည်။

ဂျော့ သည်ကား လျှံကို မလိုမုန်းထားကြသော မိန်းမရှင်တို့ ကဲ့ရဲ့ နေစဉ်ပင် လျှံ၏ ရူပကာကို စိတ်ဝင်စားမိ၏။ သူ့ရုပ်ပုံကို ဆွဲလိုစိတ် ပေါ်ပေါက်လာလေ၏။ လျှံသည် အလွန်အမင်းလှသည့် ယမင်းမယ်၊ လှဒေဝီကလေးမဟုတ်သည်ကားမှန်၏။ သို့သော် သူ့ပါးစပ်၊ နှာခေါင်း၊ ဆံပင်၊ ပါးပြင်ကလေးမှစ၍ ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့သည် စိတ်ဝင်စားဘွယ်၊ ချစ်စဘွယ် ဖြစ်ကြောင်းကိုတွေ့မြင်ရလေ၏။ အနည်းငယ်ပြဲသောပါးစပ်ကလေးသည် ရက်ရောခြင်းနှင့် ပျော်ရွှင်တတ်ခြင်းကိုပြ၏။ ပြူးကျယ်သော မျက်လုံးအစုံသည် မြင့်မြတ်သိမ်မွေ့သော အဖြစ်ကိုပြ၏။ အဆစ်အမြစ် ပြေပြစ်လှသော သူ့ကိုယ်ကာယ ကလေးသည်ကား ရှုချင်စဖွယ်ဖြစ်နေရုံသာမက၊ သဘာဝ၏ ကောင်းမွန်သော သတ္တိအရည် အချင်းတို့ကို ပြရုပ်သဖွယ်ပြလျက်ရှိသည်ဟု ဂျော့ထင်မိလေ၏။

လျှံတည်းဟူသော အမဲကိုလိုက်ကြသည့် ခွေးများသည် ပေါ်များလှဘိ၏။ စာရေးဆရာ၊ ပန်းချီဆရာတို့သည် လျှံ၏အနံ့ကိုခံ၍ လိုက်ကြကုန်၏။ သို့သော် လျှံသည် အရောင်အတိမ်း ကျင်လည်သော မြေခွေးငယ်ကဲ့သို့ ဤအပေါက်မှ ပြေးဝင်ပြီးလျှင်၊ မမျှော်လင့်သောအပေါက်မှ ထွက်သွားသကဲ့သို့ပင် အရောင်အတိမ်းကလည်းလည်ပတ်လှသဖြင့် အမဲလိုက်ခွေး စာရေးဆရာ ပန်းချီဆရာတို့သည် ဖတ်ဖတ်မော ဖြစ်နေကြရကုန်၏။

ဂျော့သည်ကား ကံထူးသူတစ်ဦးဖြစ်၏။ လျှံကို သူနောက်ဆုံး၌ဖမ်းမိလေ၏။ ဖမ်းမိပုံကား ဤသို့တည်း။

၁၉၁၁ ခုနှစ်၊ နှစ်သစ်ကူးပွဲနေ့၌ ပေါရီးလ်၏ ဟော်တယ်တွင် အဝတ်ဆန်းကပွဲမှာကား ဟော်တယ်သို့ လာကြသူတို့သည် မိမိကြိုက်ရာ အဝတ်အထူးအဆန်းကို ဝတ်ဆင်လာကြပြီးလျှင် မိန်းမနှင့်ယောကျ်ားတွဲ၍ ဖော့ဒ္ဒဗ္ဗရုံ ကပွဲကကြလေ၏။ အချို့က

ရေး၀တ် ရေးစားအတိုင်း စစ်ဗိုလ်ကြီးလို ၀တ်လာ၏။ အချို့က နိုင်ငံခြား အ၀တ်အစားများ ၀တ်လာ၏။ ပီနက်သည် အာရပ်လူမျိုးကဲ့သို့ ၀တ်လာ၏။

ဤသို့ ရုပ်ဖျက်၍၀တ်ဆင်လာကြပြီးကကြရာ၊ တစ်ခါတစ်လေ ယောက်ျားမှန်း မိန်းမမှန်း ခွဲခြား၍မသိနိုင်အောင်ရှိလေ၏။ လျှံဆောန်ရလ်လည်း ဤလူစုထဲ၌ ၀င်ရောက် တွဲဖက်ကာကလေ၏။ ဂျော့သည် ကံအားလျော်စွာ လျှံနှင့်တွဲ၍ ကရလေ၏။ တွဲက၍အတန် ကြာသောအခါ ဂျော့က လျှံအား ' ဘာသောက်မလဲ ' ဟု မေးလိုက်ရာ မဆိုင်းမတွ ' ရှန့်ပိန် သောက်မယ် ' ဟု ပြောလိုက်လေ၏။

အာရပ်လူမျိုးလို အင်္ကျီပွကြီးကို ပလုံးပထွေး ၀တ်ထားသောပန်းချီဆရာပီနက် သည် ဂျော့နှင့် လျှံတို့ ရှန့်ပိန်သောက်နေသည်ကိုမြင်လတ်သော် ဂျော့ အနီးသို့သွား၍ အသံကျယ်ကြီးနှင့် ရယ်၍ အရိုအသေပေးသည့်အနေနှင့် ခေါင်းညွှတ်ကာ နောက်တီး နောက်တောက် လုပ်သွား၏။

ဂျော့သည် လျှံအား ရှန့်ပိန်တိုက်နေရသဖြင့် လျှံကို ရမည်ကိုတွေး၍ ၀မ်းသာမနေ သာချေ။ ရှန့်ပိန်ဖိုး ဘယ်လိုပေးရပါ့မလဲဟုတွေးနေလေ၏။ ဂျော့သည် အညတြပန်းချီ ဆရာလေးဖြစ်ရကား ဖွတ်ကြောပြာစုသော အစားထဲက ဖြစ်သောကြောင့် လျှံက ပေါက် ပေါက်ရှာရှာ ရှန့်ပိန်သောက်မည်ဟု ပြောလိုက်သည်ကို အတော်ပင်ထိတ်လန့်သွားမိ၏။ လျှံကို စွဲမက်ခဲ့သည်လည်းမှန်၏။ လျှံကို အနဲဆုံး ထိုညအဖို့ အရယူရန်စဉ်းစားမျှော်မှန်း ပြီးလျှင် အရမ်းပီတိဖြစ်နေသင့်ပါလျက် ဂျော့သည် ဘိုင်ကျနေသည့်အဖြစ်ကိုသာတွေး တော၍ စိတ်မောနေမိ၏။

စိတ်မောနေရာမှ လျှံဘက်သို့ လှည့်ကြည့်မိ၏။ အ၀တ်အစားသည် သာမန်မျှ သာဖြစ်၍ ဆိုလောက်အောင်မလှချေ။ လျှံကိုယ်တိုင်ပင်လျှင် သူမလှကြောင်း၊ သူ့အ၀တ် အစားများ မပြောင်လက်ကြောင်းသိ၏။ သိသည့်အလျှောက် ကြွားကြွား၀ါ၀ါ နေလိုစိတ် မပေါ်ပေါက်ချေ။

သုံး လေးချီ ကပြီးနောက် လျှံသည် ဂျော့အား ထားခဲ့၍ ခေတ္တထွက်သွား၏။ ခေတ္တထွက်သွားသည်ဟု ဂျော့ကထင်သော်လည်း အမှန်မှာကား ထိုညအဖို့ လျှံသည် ဂျော့ထံသို့ မလာတော့ချေ။ ဂျော့သည် ပေါ်နီးလ် ဟော်တယ်တစ်ခုလုံး အကုန်အစင်လိုက်

၍ရှာ၏။ လျံ့ကိုရှာ မတွေ့။ လျံ့၏သတ္တိတစ်ခုကား ရုတ်ခြည်းပျောက်သွားတတ်သော သတ္တိပင်ဖြစ်၏။ ပေါရီးလ်အား လျံ့ ဘယ်သွားသလဲဟု မေးသော် ပေါ်ရီးလ်က လက်နှစ်ဘက် ဟန်ပါပါဖြန့်ပြကာ 'ဘယ်သိနိုင်မလဲ ဆရာ၊ လျံ့ကို ကျုပ်ထိန်းနေတာမှ မဟုတ်ပဲ' ဟု ပြန်ပြော၏။

ဂျော့သည် ရှန့်ပိန့်ဘိုးပိုက်ဆံအတွက် ပူပန်နေရသည့် အထဲတွင် ရှန့်ပိန့်အကြောင်းပြုရမည့် လျံ့ဆောန်ရလ် ပျောက်သွားသဖြင့် ဖွတ်မရခားမဆုံး ဖြစ်နေလေတော့၏။

လျံ့ဆောန်ရလ်သည် နောက်နေ့သည်၌ ပေါရီးလ်၏ ဟော်တယ်တွင် မကာတော့ချေ။ သို့သော်လည်း ပေါရီးလ်သည် သူ့အားမီးဖိုချောင်ထဲတွင် ညစဉ်ထမင်းကျွေး၏။ ထမင်းကျွေးရမည်မှာ ဆောန်ရလ်နှင့် ပေါရီးလ်တို့ ချုပ်ထားသော ကန်ထရိုက်စာချုပ်တွင်ပါရှိလေသည်။ ပေါရီးလ်ကတော်ကြီး လစ်သည့်အခါ ထမင်းကလေးဟင်းကလေးများကို စက္ကူအိတ်ထဲသို့ ထည့်၍သို၀ှက်ကာ သူနေသော ရွာဘလန်းလမ်းရှိ အခန်းကလေးသို့ ယူဆောင်သွားလေ့ရှိ၏။

ဂျော့သည် ပေါရီးလ်အား ညစဉ်ထမင်းကျွေးရကြောင်းကိုသိသဖြင့် နောက်ဖေး 'တံခါးပေါက်နောက်နားက တစ်ည သွား၍စောင့်၏။ ထိုညဦ မိုးသည်းထန်စွာရွာလေ၏။ တစ်နေ့လုံးရွာ၍ အားမရဟန်ရှိသော မိုးသည် ညဦဆက်၍ရွာသဖြင့် လမ်းများသည် လျှောက်ချင်စရာ မကောင်းအောင်စိုစွတ်၍နေလေ၏။ ဂျော့သည် နောက်ဖေးဟော်တယ်မြင်းဇောင်းတွင် စိတ်ရှည်လက်ရှည် လျံ့၏အပြန်ကို စောင့်နေလေ၏။

အတန်ကြာလတ်သော် လျံ့သည် မိုးထဲသို့ ထီးမပါပဲ ရွှံ့ဘွက်များကို တစွတ်စွတ်နင်းကာ လမ်းဘက်သို့ ထွက်ခွာသွားသောအခါ ဂျော့က နောက်ကလိုက်လေ၏။

'အိုး…လျံ့ ဘယ်နှယ် ထီးလဲမပါပဲ မိုးရွာထဲ လျှောက်သွားရတာလဲ၊ ကျုပ်မှာ ထီးပါပါတယ်…ရော့ ယူမယ်မဟုတ်လား' ဟု ဂျော့က နွတ်ဆက်သည့်အနေနှင့် ထီးငှား၏။

လျံ့သည် ဂျော့ဘက်သို့လှည့်ကြည့်၏။

'အို… ထီး ကျွန်မယူသွားတော့ ရှင်စိုကုန်မှာပေါ့'

'ဒါတော့လဲ ဟုတ်သားပဲ၊ ဒါဖြင့် ဒီလိုလုပ်လေ၊ မင်း ကျုပ်အိမ်ဘက်ကိုလိုက်ခဲ့

ကျုပ်အိမ်ရောက်တော့ ကျုပ်ထီးယူပြီး မင်းနေတဲ့ဆီသွားတာပေါ့ ဟုတ်လား၊ မင်းနေတဲ့ဆီကို လူသိမှာစိုးတယ်ဆိုတာကျုပ်သိပါတယ်၊ ဒါကြောင့် မင်းနေတဲ့ဆီကို ကျုပ်လိုက်မပို့ပါဘူး။ ကျုပ်ကိုသာ ကျုပ်အိမ်ရောက်အောင် လိုက်ပို့ပေတော့'

'ကျွန်မနောက်ကို အမှတ်တမဲ့ မလိုက်ရဘူးနော်. . .'

'အမယ်လေးဟဲ့ . . . ကျုပ်မလိုက်ဘူးဆို မလိုက်ဘူးပေါ့ဗျ၊ ခင်ဗျားကို ကျုပ်ညာနေရဦးမှာလား . . . ဟင်'

'ဟာ မဟုတ်ဘူးရှင့် . . . တချို့လူတွေက လျှံနေတဲ့ဆီကို နောက်ယောင်ခံလိုက်ကြလွန်းလို့'

'သူတို့လိုက်ပေမယ့် ကျုပ်မလိုက်ပါဘူးဗျ'

'ဒီလိုဆိုရင်တော့ အကောင်းသားပဲလေ'

ဂျော့ နှင့် လျှံတို့သည် ထီးတစ်စင်း အောက်တွင်ခိုကာ၊ လက်တွဲ၍လျှောက်သွားကြလေ၏။ တစ်ယောက်နှင့် တစ်ယောက် ဤသို့ ပူးပူးကပ်ကပ်ဖြစ်ရခြင်းကား မတိတ် တန်းရွာတော်မူပေသော ရှင်မိုးမင်း ကျေးဇူးပေတကား။

လမ်းတလျှောက်လုံး စကားတစ်လုံးမျှ မပြောကြဘဲ၊ နှစ်ဦးသဘောတူ တေမိလုပ်နေကြ၏။ သို့နှင့်ပင် ဂျော့နေရာ ရှုးလီပစ်လမ်းသို့ ရောက်လေ၏။ ဂျော့ အိမ်ရှေ့သို့ ရောက်လတ်သော် ဂျော့ လက်ထဲမှထီးကို လျှံက လှမ်းယူမည့်ဟန်ပြင်၏။

'နေစမ်းပါဦး၊ အခုအချိန် စောသေးတာပဲ' ဟု ဂျော့က ပြော၏။

'မိုးရွာနေတယ်၊ အိမ်ပြန်ချင်လှပြီ'

'အိမ်ပေါ်တက်ပါဦးလားကွယ်၊ မကြာခင်ဘဲ မိုးတိတ်သွားမှာဘဲ'

ဟု ဂျော့ပြောသောအခါ၊ လျှံက ချစ်စဖွယ်မျက်စကလေးချီကာ၊ 'ဒီယုန်မြင်လို့ ဒီချုံထွင်မှန်း အစကတည်းကသိပါတယ်ဆရာ' ဟု ပြောလေ၏။

'သိပ်လည်တာပဲ' ဟူသော စကားကို ဆက်၍ပြောလိုက်သေး၏။

ဂျော့က ပြုံးပြုံးကြီး လုပ်လျက် . . .

'ဒါပေါ့အမိရယ်၊ မနေ့ညက အမိ ပျောက်ခြင်းမလှ ပျောက်သွားတာတော့ ဘာပြောချင်သေးသလဲ ဟင်၊ ကျုပ်က ခင်ဗျားကို ကျုပ်ဆွဲထားတဲ့ပုံတွေကို ကြည့်စမ်း



Scanned by CamScanner

ပါဦးလို့ ပြောမလို့ဟာ၊ ပြောလဲမပြောဖြစ်ဘူး၊ လာပါ လှုံရယ်၊ အိမ်ပေါ်တက်ပါဦး'

ဟု ပြောရင်းဆိုရင်းနှင့် လှုံကို ဆွဲခေါ်လေ၏။

ဆောန်ရယ်သည် ဂျော့ဆွဲထားသောပုံများကို ကြည့်လိုသော ဆန္ဒ ပြင်းပြခြင်း မရှိလှချေ။ သို့သော် ရှန်ပိန်တိုက်ဖူးသော ကျေးဇူးကြောင့် ဂျော့၏ အလိုကိုလိုက်ကာ အိမ်ပေါ်သို့ တက်လာလေတော့၏။

လှုံသည် ဂျော့၏ အခန်းတွင်းသို့ ခပ်တည်တည် ဝင်သွားလေ၏။ ကြောက်သလို ရှက်သလိုနှင့်မဟုတ်။ အခြားမိန်းကလေးများကဲ့သို့ မဟုတ်။ ပိုင်စိုးပိုင်နင်း ရှိလှ၏။ ဂျော့သည် ဤသို့ ရွံ့တွန့်တွန့်မရှိပဲ ဝင်သွားသောလှုံကိုကြည့်ကာ ထူးခြားပါကလား၊ တခြားကောင်မတွေ ဒီလိုမဟုတ်ပါကလားဟု တွေးမိ၏။

လှုံသည် ဂျော့၏အခန်းကို သေချာစေ့စပ်စွာကြည့်၏။ ဂျော့သည် အလုပ်ကို ရှိသေပုံရ၏။ သူ့အခန်းသည်အလွန်သေသပ်လှလေသည်။ မီးဖိုပေါ်သို့ ရေနွေးအိုးတင်ပြီးလျှင် ကာဖီဖျော်ရန် စီမံနေသောဂျော့အား လှုံကကြည့်ကာ . . .

"အမယ် . . . ရှင်က ကျွန်မကြာကြာများ နေမယ်ထင်လို့ ကာဖီတွေ ဘာ တွေ ဖျော်နေတာလား"

လှုံ ဘက်သို့လှည့်၍ပြုံးသောဂျော့က "ဟုတ်တာပေါ့ကွ၊ မင်းချက်ချင်းမပြန်ရ သေးပါဘူး၊ ငါ့ပုံတွေ ကြည့်ပြီးမှ ပြန်ရမှာသိလား"

"ဟား...ဟား...ဟား"

လှုံ၏ရယ်သံသည် နားသံပါ၏။ ရယ်ပုံမှာ ထူးဆန်းလှ၏။ သရော်ရယ် ရယ် သလော၊ သဘောကျ၍ပင် ရယ်သလော ဆိုသည်ကို သိနိုင်ခဲလှ၏။

ကာဖီပန်းကန်ကို ရှေ့တွင်ချပြီးနောက် ဂျော့သည် သူဆွဲထားသောပုံများကို တစ်ခုပြီးတစ်ခု ဆွဲထုတ်ပြလေ၏။ ပန်းချီဆရာတို့ ဘဝ၊ အလင်းရောင်၊ ဆေးရောင် စသည့်အကြောင်းများကို ပြောကာနေလေ၏။

ဤသို့ စိတ်ရောကိုယ်ပါ ရုပ်ပုံများကို ထုတ်၍ပြလိုက်တိုင်း လှုံသည် နားသံပါပါနှင့် "ဟား...ဟ" ဟုမရယ်ချင် ရယ်ချင် ရယ်လေ၏။ သူ့ရယ်ပုံ အဓိပ္ပာယ်ကား အဘယ်သို့ နည်း၊ မည်သူသိစွမ်းနိုင်ပါအံ့နည်း။



Scanned by CamScanner

ကျော့ အဖို့ကား ဤထူးဆန်းသော ရယ်သံကို အဓိပ္ပာယ် မကောက်တတ်ချေ။ ကျော့က တပင်တပန်း ရုပ်ပုံများကိုပြပြီးနောက် လျံက ပြုံးပြုံးကလေးလုပ်ကာ

'ဒါဖြင့် ရှင် ကျွန်မပုံဆွဲမလား'

ကျော့သည် လျံအား မျက်တောင်မခပ် ကြည့်နေလေ၏။

'ဟင် ဆွဲမလားလို့'

ကျော့က စိုက်ကြည့်ရင်း ခေါင်းညိမ့်လေ၏။

လျံသည် ထိုင်ရာမှ ထပြီးလျှင်

'ကဲ…အခုဆွဲမယ်မဟုတ်လား'

'အခုဆွဲလို့ မဖြစ်သေးဘူး အလင်းရောင်မှ မရသေးပဲ'

'ဟင့်အင်း အခုဆွဲရမယ်၊ အကြမ်းဖြစ်ဖြစ် ဆွဲရမယ်ဆရာ'

လျံ၏ ရုပါရုံကို ကျနစွာ ကမ္ဘာ့ဒွန်းထိုင်နေပေသော ကျော့သည် စကားမပြော နိုင်ပဲ ခေါင်းကိုသာ ညိတ်၍ပြလေ၏။

လျံသည် ဦးထုတ်ကို ချွတ်လိုက်၏။ အပြင် အင်္ကျီကို ချွတ်လိုက်၏။ ကျော့ရှေ့ တည့်တည့်တွင်သွား၍ရပ်ကာ အတွင်းအင်္ကျီကို ချွတ်လိုက်ပြန်၏။ ထို့နောက် ဂါဝန်ကျွတ် သွားလေတော့၏။

ကျော့က 'ဟော့ လျံ နေပါဦးကွ၊ ငါမင်းကို ဆွဲမယ်ပြောလို့လား'

လျံသည် အံ့အားသင့်သည့်အနေနှင့် မျက်မှောင်ကလေးကုတ်ကာ မျက်စောင်း ကလေးခဲလိုက်လေ၏။

'သိပါဘူးတော်၊ ဒီလိုပဲ ဆွဲမယ်မှတ်လို့ပေါ့'

ကျော့သည် မမေ့နိုင်သော လျံ၏ မျက်စောင်းခဲပုံကလေးကို ရှေ့က တစ်ခါမျှ မမြင်ခဲ့ရသေးကြောင်း သတိပြုမိ၏။

• • •

# အခန်း [ ၃ ]

လျှံသည် ဂျော့ဆွဲထားသော ရုပ်ပုံများကိုမြင်၍ သဘောကျသဖြင့် သူ့ပုံကို ဆွဲ ခိုင်းဟန်တူ၏။ သို့သော် သူသည် ပန်းချီနှင့်ပတ်သက်၍ ဘာမျှ ဟုတ္တိပတ္တိသိသူမဟုတ် ဂျော့၏ ရုပ်ပုံများကို ကြိုက်နှစ်သက်ခြင်းကား ပန်းချီအကြောင်းသိ၍ ကြိုက်ခြင်းမဟုတ် သည် မှန်၏။

သို့နှင့် ဂျော့၏ အတောင်းပန် အခယကိုမျှမစောင့် ကိုယ်ဝတ်များကို တစ်ထည် ပြီး တစ်ထည်ခွာ၍ အဆွဲခံသည်ကား မည်သို့သော သဘောပေနည်း။

'ရှင့်ပုံတွေက လှတယ်နော်' ဟု ပြောလိုက်သေး၏။ စင်စစ်မှာကား ဤမှတ် ချက်သည် အဓိပ္ပာယ်ရှိသော မှတ်ချက် မဟုတ် သို့သော် ဆောန်ရလ် အဖို့ လေးနက်သော အဓိပ္ပာယ်ကိုဆောင်လေ၏။ ပီနက်ကို အဆွဲခိုင်းစဉ်ကတည်းက ပန်းချီဆရာများကို ယုံကြည် ကိုးစားဟန်မရှိလှသော လျှံသည် ဂျော့လက်ဝယ်ကျမှ ပုံအဆွဲခိုင်းလေ၏။

ဂျော့ကို ပန်းချီဆရာကောင်းတစ်ယောက်ဟု လျှံ အထင်ရှိပုံ မရချေ။ ဂျော့ ကိုသဘောကျသော အချက်များမှာ ပန်းချီဆွဲတော်သောကြောင့် မဟုတ်ရိုးမှန်၏။

ကျော့သည် လျှံ၏ပုံကို မြွေကြီးနှင့် ကနေဟန်ဆွဲ၏။ ဤသို့ဆွဲမှသာ လူကြိုက်များမည်ဟု သဘောရသောကြောင့် ဖြစ်၏။

လျှံကို နေသားတကျ ရပ်စေ၏။ လက်နှစ်ဘက်ကို မြှောက်၍ ခေါင်းကိုခပ်မော့ မော့ ထားစေ၏။ လည်ပတ်ရှည်ကြီးတစ်ခုကို မြွေကြီးအစား လျှံ့ ကိုယ်ကို ရစ်ပတ်ပေး ကာ မြွေကြီးကို နမ်းနေသည့်ဟန်နေစေ၏။

ဤသို့ ပြုပြုပြင်ပြင်ထားပြီးမှ ကျော့သည် ပုံကို စ၍ဆွဲလေ၏။

'ကျွန်မကို ရှင်ဆွဲထားတဲ့ပုံတွေလို လှအောင်ဆွဲပေးရမယ်နော်'

ဤသို့ပြောလိုက်သည်ကို ကျော့ကအတည်ယူ၍ မလှလှအောင်ကြိုးစား၍ ဆွဲလေ၏။

လျှံကို စိုက်ကြည့်ကာ…

'နို့ နေပါဦးကွ၊ မင်းကိုယ်မင်း လှတယ်ထင်လို့လား' ဟုမေးလေ၏။

'လှတာပေါ့ရှင်၊ ကျွန်မကိုယ်ဟာ အတော်လှတဲ့ကိုယ်ပဲ မလှဘူးလားဟင်'

ကျော့ ဘာပြောမလဲဟု စိုးရိမ်စွာကြည့်သော်လည်း ကျော့သည် စိတ်ပါလက်ပါ ဆွဲနေသဖြင့် ဘာမှပြန်မပြောချေ။

ကျော့သည် အစဉ်တစိုက်ရေးခြစ်နေ၏။ ရေးခြစ်နေရင်းပင် တဖန်မေးပြန်၏။

'မင်းကိုယ်မင်းလှတယ်ထင်လား'

'အလို ဘုရားရေ… လှတယ်ထင်လို့ ထင်တယ် ပြောပြီးသားဟာ မေးတော့ မူပြန်ပြီ၊ ထင်တယ်တော့ထင်တယ်'

'ဒါဖြင့် မင်းရုပ်ပုံလဲ လှမှာပေါ့'

'ဘာ လှမှာပေါ့လဲ၊ ရှင်က လှမယ်လို့ အသေအချာပြောမှပေါ့'

'အသေအချာ ဘယ်ပြောနိုင်မလဲကွယ်၊ ပန်းချီဆိုတာ ဆေးချယ်ပြီးထားတဲ့ဟာ မျိုးပဲ၊ လှချင်မှလဲ လှမှာပေါ့' လျှံသည် ကျော့၏ စကားကို နားမရှင်းချေ။

'ဘာပြုလို့ လဲ'

'ဩော်… ပုံထဲမှာ လှတိုင်းကောင်းတာမဟုတ်ဘူးကွဲ့၊ လှတယ်ဆိုတာ စင်စစ်မှာတော့ စိတ်ဓါတ်ကဖြစ်တဲ့ သတ္တိထူးကလေးပဲ၊ စိတ်ကြည်လင်လှပမယ်ဆိုလျှင်

လူလှတာပေါ့၊ ခေါင်းကလေး မော့လိုက်စမ်းပါဦး'

လှုံသည် ခေါင်းကလေး မော့ပေးလိုက်၏။

'အပေါ်ယံကြောကလေး လှတာဟာ ကောင်းတာမဟုတ်ဘူးကွဲ့၊ စိတ်ဓာတ်လှပမှသာ အလှကောင်း အလှမွှန်ခေါ်ရမယ်'

'အင်း ကျွန်မအထင်သားပဲ'

'ဘာ အထင်သားပဲလဲကွ'

'ရှင် အတွေးသမားဆိုတာပေါ့'

'အဲဒါ ဘာဖြစ်သလဲကွ၊ အတွေးသမား ဖြစ်တာရှက်စရာမလိုပါဘူး'

ဟု ပြောသောအခါ လှုံသည် အားပါးတရရယ်လေ၏။

'ဘယ်သူကတော့ ရှက်စရာကောင်းတယ် ပြောလို့လဲ သူ့ကိုယ်က မလုံတာ'

လှုံ၏ရယ်သံသည် သတိမမူသူကို သတိမူစေလောက်အောင်ထူးဆန်း၏။ နှာခေါင်းသံ ပါပါနှင့် မထိတထိရယ်တတ်၏။ အားပါးတရ ရယ်ပြန်ပါလည်း တစ်မျိုးဖြစ်နေ၏။ ပြောင်ချော်ချော်ရယ်နည်းမျိုးနှင့်တူလှ၏။ ဂျော့သည် ပုံဆွဲနေရာမှ လှမ်းကြည့်လိုက်၏။

'မင်း စိတ်ကူးယဉ်တာ၊ အတွေးကောင်းတာမျိုးကို သရော်သပေါ့'

ဟု ဂျော့ကမေးလိုက်၏။

'အလို ဘုရားရေ မသရော်ရပါကလားရှင်' ဟုဆိုကာ ရပ်ရသည်မှာ တော်တော်ကြာသွားပြီဖြစ်သောကြောင့် ညောင်းလာသဖြင့်

'ကဲ နတော်အုံးတော့ ညောင်းလှပြီ' ဟုပြောကာ အနီးရှိ ဆိုဖာကြီးပေါ် ထိုင်လိုက်လေ၏။

ဂျော့သည် ကြင်နာသော လင်ယောက်ျားသဖွယ် လှုံအား ရောစောင်ကြီး တစ်ခုယူ၍ခြုံပေး၏။ လှုံက...

'တော်ပါပြီ မီးဖိုနားနေတာပဲ မအေးပါဘူး' ဟုပြောသော်လည်းမရ ယုယစွာ ခြုံပေး၏။

'မဟုတ်ပါဘူးကွယ် မင်းအေးနေမှာပေါ့'

လျှံသည် ဂျော့ခြုပေးသော စောင်စကလေးများကို ကိုင်တွယ်ရင်း မီးဖိုကို စိုက်၍ အတန်ကြာ ကြည့်နေလေ၏။

'ဂျော့ ရှင် မိန်းမပုံတွေ အများကြီးဆွဲတယ်နော်'

'အေးလေ မင်းမမြင်ဘူးလား၊ ကျုပ်ပြတဲ့ ရုပ်ပုံတွေကို'

'မြင်တယ်၊ ဒါကြောင့်မို့ ကျွန်မ ပြောတာပဲ။ ရှင် အတွေးသမားလို့ စိတ်ကူးယဉ်နေတဲ့လူလို့'

စောင်စနှစ်ဘက်ကို လက်ကလေးနှင့် ဆွဲကာ ကိုယ်ကိုရုံလျက် ပခုံးကလေး တလှုပ်လှုပ်နှင့် ရယ်လေ၏။

'လူတွေဟာ ဒီလိုချည်းပါပဲ၊ ယောက်ျားတွေရော မိန်းမတွေရော အတူတူပါပဲ၊ ငှက်ကလေး သာသာယာယာ မြည်တွန်ကြူးလိုက်တာ ကြားရတယ်။ ပြီးတော့ ပန်းရနံ့ ကလေးတွေ သင်းပျံ့ပျံ့ကို ရှူရှိုက်ရတယ်၊ ညိုပြာပြာ ကောင်းကင်ကြီးကို မော့ကြည့်လိုက်တော့ မြင်ရတယ် ဆိုရင်ပဲ ဘုရားသခင်ရဲ့ ကျေးဇူးတော်တွေကို မျက်ဝါးထင်ထင်မြင်ရတော့တာဘဲနော် အစစ်ပေါ့၊ ကျွန်မဖြင့် တစ်ခါတစ်ခါ မျက်ရည်များတောင်ကျမိပါသေးရဲ့'

ဂျော့သည် လျှံအား' နောက်တစ်ကြိမ် ပုံဆွဲဖို့ ရုပ်ဦးမလား'ဟု မေး၏။ လျှံက ခေါင်းခါပြီး မဲ့ပြလေ၏။

'နောက်ထပ်ပြီး ဒုက္ခမခံချင်သေးပါဘူး၊ နေစမ်းပါဦး'ဟု ပြော၏။

လျှံသည် စင်စစ် ရုပ်ပုံဆွဲခြင်းကို နှစ်သက်၍ မဟုတ်၊ ဂျော့ကို နှစ်သက်၍ အကြောင်းရှာခြင်းမျှသာ ဖြစ်သည်။ လျှံသည် ဂျော့အား စိုက်၍ကြည့်နေ၏။ သူ့မျက်လုံးတို့သည် အထူးသဖြင့် ပြူးကျယ်ကာ အတိတ်ကာလသို့ လှမ်း၍ကြည့်နေသည်နှင့် တူလှ တော့၏။

ဂျော့သည် လျှံနှင့် နီးနေသော်လည်း လျှံ အကြောင်းကို မသိရ၊ အဝေး၌ပင် နေရသကဲ့သို့ ထင်မှတ်ရ၏။ လျှံသည်ကား အလွန်ထူးဆန်းသော မိန်းမတစ်ဦးဖြစ်၏။ သူ့အတွင်းရေးကို သိနိုင်သူ မရှိသလောက်ပင်ဖြစ်၏။ ဂျော့သည် လျှံ၏အပေါ်ယံ အပြုအမူ၊ အနေအထိုင်တို့ကိုသာ မြင်နိုင်စွမ်း၏။ အတွင်းသဘော အတွင်းရေးကိစ္စ တို့သည်ကား ဂျော့အဖို့ အလွန်လုံလဲစွာ သိုမှီးထားသော၊ လူသူတို့ပင် မဝင်စွမ်းသော ဘဏ္ဍာတိုက်ကြီး

အတွင်း၌ရှိ နေသကဲ့သို့တည်း။ ပေါ်ရီးလ် ပြောသည့်အတိုင်းပင် လျံ့အကြောင်း ဇစ်မြစ်ကို မည်သူမျှ မသိစွမ်းနိုင်။ လျံ့၏ အပေါ်ယံကိုသာ မြင်ရခြင်းသည် ညအခါ ခပ်ဝေးဝေးက ပြတင်းပေါက် လိုက်ကာကလေးပေါ်တွင် ပေါ်နေသော အရိပ်ကလေး ကဲ့သို့ ဖြစ်ချေ၏။ ရေရေရာရာ ဘာမှမသိနိုင်ချေ။ သူပြောသမျှ၊ ဆိုသမျှ၊ လုပ်သမျှ တို့သည် အတွင်းသဘောကို အနည်းငယ်မျှ ဖော်ပြခြင်း ရှိဟန်မတူ အပေါ်ယံ ဟန်ဆောင်ခြင်းမျှသာ ဖြစ် ချေသည်။

ဂျော့သည် လျံ့အား ကချေသည်မလေးတစ်ယောက် ဖြစ်ကြောင်းသိ၏။ ကချေသည်မဆိုလျှင် အကျင့်စာရိတ္တ ကောင်းမွန်လှမည်မဟုတ်လှ၊ ခပ်ပေါ့ပေါ့ ခပ်ပျက်ပျက် ပေပဲဟု တွေးထင်မိ၏။ သို့သော်လည်း အသေအချာ မပြောနိုင်။ လျံ့သည် စကားပြောရင်း ဓာတ်ဝီ အနည်းငယ်ပြလာ၏။ ဘုရားသခင်၏ ကျေးဇူးတော်များ အကြောင်းပြောလာ၏။

'နို့ ... နေပါဦး လျံ့ရယ်၊ ဘုရားသခင်ရဲ့ ကျေးဇူးတော်များကို ပွားများဘူးရဲ့လား'

ဂျော့၏ မေးခွန်းကို လျံ့က မဲ့ရွဲ့လိုက်ကာ ပခုံးကလေး လှုပ်ပြီးပြောလေ၏။

'ကျွန်မ သီလရှင်ကျောင်းမှာ နေဖူးတယ်ရှင့်'

ဂျော့သည် မမျှော်လင့်သော အချက်ကို သိလိုက်ရသဖြင့် အံ့အားသင့်သွား၏။ လျံ့က ဂျော့ အံ့အားသင့်သွားသည်ကို မြင်လိုက်၍ ပြုံးကာခေါင်းညိတ်ပြလေ၏။

'ဟုတ်ပါတယ်' ဟု ဖြေးလေးစွာ ပြောရင်း ခေါင်းကို အထပ်ထပ်အခါခါညိတ်နေလေ၏။ ဂျော့သည် လျံ့အကြောင်းကို စုံလင်စွာ သိလိုလှ၏။ သို့သော်လည်း ဆက်၍မေးလျှင် ဘာမျှမပြောဘဲနေတော့မည်ကို ကြိုတင်သိသဖြင့် မမေးဘဲငြိမ်နေရတော့သည်။

ဂျော့သည် လျံ့ကိုကြည့်ရင်း တွေးမိ၏။ လျံ့သည် ရောင်းကုန်သဖွယ် ဝယ်သူကို စောင့်နေသော ဟာမကလေး မဟုတ်နိုင် အကယ်၍သာ ဝယ်သူကိုစောင့်နေလျှင် ကြာရှည်စွာစောင့်နေရန်မလို၊ ပေါ်ရီးလ် ဟော်တယ်တွင် ကျက်စားကြကုန်သော ပန်းချီဆရာ၊ စာရေးဆရာ ကြမ်းပိုးများ အသင့်ချေနှင့် အနန္တရှိချေသည်။ လျံ့သည် လူငယ်တို့


Scanned by CamScanner

စိတ်ကူးယဉ်ပုံများကို ကဲ့ရဲ့ရှုံ့ချသော စကားများပြော၏။ ထိုစကားများ၌ အတော်ထူးဆန်းသောလေသံပါသည်။ သူ့စိတ်ဝယ် ထိခိုက်နာကျင်စရာ အချက်တစ်ခုခု ရှိပေမည်မှာ မလွဲပင်။ ရှေးအတိတ်ကာလ၌ စိတ်နာစရာအဖြစ်မျိုး တစ်ခုကိုတွေ့ကြုံ ဖြစ်ပျက်ခဲ့ဖူးပေမည်။

ထိုသို့ ဂျော့တွေးနေစဉ် လျံက ရုတ်တရက်မေးလိုက်၏။

'ရှင် ကျွန်မကို ပြင်သစ်ထင်သလား'

'နို့ မဟုတ်ဘူးလား'

'ဟုတ်တော့ ဟုတ်ပါရဲ့၊ ပြင်သစ်အစစ်မဟုတ်ဘူး၊ ပြင်သစ်နှင့် ဒပ်ချ်ကပြားပါ၊ ကျွန်မ အမေက ဂျာဝါးကျွန်းသူရှင့်၊ ကျွန်မကို ဘတေးဗီးယားမြို့မှာမွေးတယ်'

ဤရွေ့ဤမျှသာ ဂျော့သိနိုင်ဦးတော့မည်။ လျံသည် သူ့ အတ္ထုပ္ပတ္တိကို ဟိုတစ်စ သည်တစ်စ အပိုင်းအစကလေးများသာ ပြောပြ၏။ သူ့ကို အတင်းပြောခိုင်းလည်း ရမည်မဟုတ်၊ တောထဲ၌ ငှက်ငယ်တစ်ကောင်သည် ဟိုမှသည်မှ ပျံသန်းမြူးတူးနေ၏။ ထိုငှက်ကလေးကို အတိအလင်းကြည့်ရှုပါလျှင် လန့်၍ပျံပြေးချေမည်။ မသိမသာ ချုံပုတ်ကလေးကို ကွယ်၍ကြည့်မှသာလျှင် အလုံးစုံ မြူးတူးပျံလွှားပုံတို့ကို မြင်နိုင်ချေတော့မည်။ ထိုနည်းအတူပင် လျံတည်းဟူသောငှက်မလေးအား စူးစူးစိုက်စိုက် ကြည့်ခြင်းအားဖြင့် အတ္ထုပ္ပတ္တိ အလုံးစုံကိုမသိနိုင်ချေ။ စိတ်ဝင်စားကြောင်းသိအောင် စကားကလေး တစ်လုံးစ နှစ်လုံးစ သွင်းပေးရင်း သူ့ဘာသာသူ ဖွင့်ဟပြောမှသာလျှင် သူ့အကြောင်း စုံလင်စွာ ကြားသိနိုင်ပေမည်။

'သြော် .... ဘတေးဗီးယားမှာ မွေးတယ်၊ ၁၅ နှစ်တုန်းက ကွန်ဗင့်ကျောင်းမှာ နေဘူးတယ်၊ အဲ အဲ ဟုတ်ပြီ၊ ပြီးတော့ ကွန်ဗင့်ကတော့ ထွက်ပြေးလာတာမဟုတ်ဘူးပေါ့' ဟု ဂျော့ကစကားထောက်လိုက်ရာ လျံက 'မဟုတ်ပါဘူး'ဟု ပြန်ပြောလေ၏။

ဂျော့မှာ လျံပြောသည်ကို မယုံသလိုလို ဖြစ်လာ၏။ ဒီကောင်မကလေး ညာနေတာပဲ ထင်ပါရဲ့ ဟု အောက်မေ့၏။ သူသည် လျံအကြောင်းကို စိတ်ဝင်စားလာ၏ သိလိုဇော ပိုမိုလာ၏။ ပေါ်ရီးလ်-ယော်တာယ်တွင် မိမိကိုယ်ကို ရက်ရောစွာ ဝတ်လစ်စလစ် ကပြသူလျံသည် ဘုရား တရားသံပါပါ ပြောနေပြန်ပြီ။ ဖြစ်နိုင်ပါ့မလား သူ့အပြောနှင့်

သူ့အလုပ် မညီသလိုလိုပဲ ဟု ဂျော့ တွေးမိ၏။

'မင်း ဟိုးအရင်တုံးက ဘုရားသခင်ရဲ့ ကျေးဇူးတော်တွေကို တွေးမိတယ်ပြောပါတော့ အခုတော့ ဒါတွေဟာ လူငယ်တို့ သဘာဝ အရူးထတာပဲလို့ သဘောပိုက်နေပြီမို့လား' ဂျော့က မေးလိုက်သော် လျှံသည် မျက်လုံး မျက်ဆံပြူး၍ ဂျော့အား ဒေါသနှင့် ကြည့်လေ၏။

'ဘာလဲ… အရူးထတယ်ဆိုတာ၊ ဒါကြောင့် ရှင်တို့လို စိတ်ကူးယဉ်နေတဲ့ အတွေး သမားတွေဟာ အလွန်ဥကျတာ၊ ရှင်ငယ်ငယ်တုန်းကကော သစ်ပင်တွေဝေဆာပြီး ငှက် ကလေးတွေ မြူးတူးတွန်ကျူးသံတွေ ကြားရတော့ ဘုရားသခင်ဂုဏ်ကျေးဇူးကို မထင်မြင် ခဲ့ဘူးလား ဟင်'

ဂျော့သည် လျှံအားသနားမိ၏။ ရေးအတိတ်ကာလတွင် ပျော်မြူးကြည်နူးခဲ့သည်တို့ကို တွေးတော လွမ်းမောနေချေပြီ။ အလွမ်းမင်းသမီးကလေးလုပ်နေ၍ အကျိုးမရှိသည်ကို ဂျော့ကသိသဖြင့် ဖြတ်၍ မေးလေ၏။

'အခုတော့ ဘုရားသခင် ဂုဏ်ကျေးဇူးတွေကို မပွားများတော့ဘူးလား ဘုရားတရားကြည်ညိုတဲ့ သီလရှင်လို ဘဝမျိုးကနေ အခုလို ဘဝမျိုးကို ကူးလိုက်တာ အလှမ်း ကွာလှချည်လား လျှံရဲ့'

'အခုလိုဘဝ ….'

ဂျော့သည် စကားမှားသွားမှာ စိုးလှ၏။ ထို့ကြောင့် သတိနှင့် ပြန်ပြော၏။

'အခုလို မင်းရဲ့ ကိုယ်ကာယ ကလေးကို ထုတ်ဖော်ပြတာလေ၊ ယောကျ်ားတွေကို ထုတ်ဖော်ပြတာ… ' လျှံသည် မျက်တောင်ကလေးများ အောက်သို့ လွှာချလိုက်ပြီးကာမှ ပြန်လှန်ကြည့်ပြီးလျှင် ခပ်ယဉ်ယဉ်ကလေး ရယ်လိုက်၏။

'အလှမ်းကွာတယ်…. မကွာဘူးရှင့် တစ်နေ့၊ တစ်နာရီ၊ တစ်မိနစ်အတွင်း ပြောင်းလွှဲလိုက်တာပဲဟာ'

'ငါတော့ နားမလည်နိုင်အောင်ဖြစ်နေတာပဲ လျှံ'

'ဘတေးဗီးယားမှာ ပြင်သစ်ဘုန်းကြီးတစ်ပါး ရှိတယ်ရှင့်၊ သူက ကွန်ဗင့်ကို လာလာပြီး တရားဟောရတယ်၊ သူကပဲ ကျွန်မကို လောကကြီးအကြောင်း သိစေတာပဲ'

လျှံသည် ပြင်သစ်အကြောင်းကို သတိရမိတိုင်း ဒေါသဖြစ်၍ ကြိမ်ဆဲရေရွတ်လိုက်ချင်၏။ ပြင်သစ်များကို သူအလွန် မုန်းတီးလှ၏။ ပြင်သစ်များသည် မိန်းမအကြောင်းကောင်းကောင်းသိသူများ ဖြစ်ကြ၏။ မိန်းမတွင်ရှိသော အထူးထူးအပြားပြားသော သတ္တိတန်ခိုးတို့ကို သိနားလည်၏။ နားလည်သည့် အတိုင်းလည်း အသုံးပြုတတ်အောင်သင်ပေး၏။ ကွန်ဖင့်ကျောင်း သီလရှင်တို့ကား ဤမိန်းမ မာယာများကို မသိရှိကြချေ။ သူတို့သည် ထို့ကြောင့်လည်း အလွန်စိတ်ပျော့ရွှင် ကြည်နူးကြသော မိန်းမမြတ်များဖြစ်ကြကုန်၏။ လျှံကားသိလေသည်။ မိန်းမမာယာ အသုံးပြုတတ်၏။ ထိုသို့သိတတ်ခြင်းသည်ကား ကောင်းကျိုးတို့ကို အဆုံးစွန်းသော အချိန်ကာလ၌ ပေးစွမ်းနိုင်သည် မဟုတ်ချေ။

ဂျော့သည် မီးဖိုဘေးနား၌ထိုင်နေ၏။ ဂျော့၏ မျက်လုံးတို့သည် လျှံ၏ ရုပကာ၌သာ ကျက်စားနေကြကုန်၏။ လျှံသည် ဂျော့အားပြန်ကြည့်ကာ ရယ်မောလေ၏။ ရှေ့သို့ ကုန်းလိုက်ပြီး ဂျော့၏မျက်နှာကို သူ့လက်ကလေး နှစ်ဖက်နှင့်ယူ၍ နှုတ်ခမ်းခြင်းမထိ တထိ လုပ်ကာ ရယ်မောလေ၏။

'ဂျော့ ရှင်လဲ ဒီအတွေးတွေ၊ စိတ်ကူးယဉ်တာတွေနဲ့ဘဲ ပြီးတော့မှာပဲနော်၊ ကျွန်မ ငယ်ငယ်က ငှက်ကလေးတွေ သာသာယာယာမြည်တွန်ကျူးတာ ကြည့်ပြီး ဘုရားသခင် ဂုဏ်ကျေးဇူးကို အောက်မေ့နေသလိုပေါ့ရှင်၊ ရှေ့မှာမိန်းမတစ်ယောက်လာပြီးရပ်တော့ ဒီစိတ်ကူးယဉ်တွေ ဘယ်ကြွတော်မူသလဲဟင်...'

'အမယ်... အခုတင်ကဘဲ မင်း ကျုပ်ရှေ့ရပ်သွားပြီ မဟုတ်လား၊ ကျုပ်မင်း ရုပ်ပုံကို ရေးခြစ်လိုက်တာပဲ၊ ကြည့်ပါလား ဟိုဘောင်ပေါ်မှာလေ၊ မင်းကို ကျုပ်စိတ်ထဲက ဘယ်လိုမှသဘောမထားမိပါဘူးဗျာ၊ ပုံဆွဲတာမှာသာ စိတ်ဝင်စားနေတာပဲ၊ အချိုးအစားကျအောင်သာ ဂရုစိုက်ပြီး စုတ်တံနဲ့ ခြစ်နေတာပဲ၊ ဒါပဲ....'

'ဒါနဲ့ ရှင် ကျွန်မကို ရှောင်ရှောင်ပေးတာက ဘာကြောင့်လဲ'

'ဒါတော့ကွာ၊ မင်းအအေးမိမှာ စိုးလို့ပါ'

လျှံသည် ထိုင်ရာမှ ထကာ၊ ဂျော့ရှေ့ တည့်တည့်၌ ရပ်၍ သူ့မျက်နှာကလေးချိုပြုံးပြုံး လုပ်ထားရင်းပြော၏။

'ရှင် ညာတာပါ'

အချိန်သည်ကား နံနက်ခြောက်နာရီ ရှိပြီ။ မိုးမလင်းသေး လှုံသည် ကျော့အခန်းမှ ခြေဖျားထောက်၍ ဆင်းလာလေ၏။ လက်တစ်ဘက်က စက္ကူအိပ်၊ လက်တစ်ဘက်က ကျော့၏ ထီးနှင့် မိုးကားမတိတ်သေး။

သူသည် ကျော့ကိုမနှိုးပဲ တိတ်တိတ်ကလေး ဆင်းသွား၏။ ကျော့သည် လှုံ၏ ပူနွေးသော ကိုယ်နွေးကလေးကင်းကွာလိုက်သည်နှင့် တစ်ပြိုင်နက် အိပ်လျက်ပင်ဖြစ် လင့်ကစား၊ ဟာတာတာ ဖြစ်သွားသည်ကို သိလိုက်မိ၏။ အိပ်ချင်မူးတူးရှိသော မျက်လုံး တို့ကို ဖွင့်လိုက်သောအခါ တံခါးရှိရာသို့ နာနာဘာဝသဖွယ် မှောင်မဲသောအရိပ်တစ် ခုသည် တဖြည်းဖြည်းသွားနေသည်ကို မြင်ရ၏။ အိပ်ချင် မပြေသေးသောကြောင့် ဦးနှောက် မရှင်းသေးသဖြင့် ထိုအရိပ်၏ အဓိပ္ပာယ်ကို မသိသေးဘဲနေရာမှ တဖြည်းဖြည်း လှုံ သူ့ အိမ်ရာမှ ထွက်ခွာသွားကြောင်းကို ထင်မြင်လာသဖြင့် အိပ်ရာမှ ဖတ်ကနဲ ထ,ကာ…

'ဟော့ လှုံ ဘယ်လဲ…'

'ကျွန်မ ပြန်မယ်'

'ဘာဖြစ်လို့လဲကွ၊ ဘယ်ပြန်မှာလဲ'

'ကျွန်မ အခန်းကိုပေါ့'

'ဘာဖြစ်လို့လဲ'

'ထမင်းချက်ရဦးမယ်'

'ထမင်း ဒီမှာ စားနိုင်သားပဲကွ၊ ငါနဲ့အတူတူ စားရအောင်ပါ'

'ဟင့်အင်း … ကျွန်မပြန်မယ်'

'ဩော်…'

'ဘာလဲရှင့်၊ ဘာလဲ။ ဩော်…ဆိုတာ'

'ဩော်… ဆိုတာ မင်းကလေးရှိကြောင်း သတိမမူမိတာနဲ့ 'ဩော်' လို့ ဆိုတာ ပါကွဲ…'

လှုံသည် ခေတ္တရပ်၍ အဝတ်ပြင်ဝတ်၏။ ကျော့သည် လှုံ သူ့ထံမှ ခွာသွားမည့် အကြောင်းကို ပိုမို ထင်လင်းစွာတွေးနိုင်လာလေပြီ၊ အိပ်ချင်ပြေသွားလေပြီ။

'နေပါဦး….ကျွန်မမှာ ကလေးရှိတယ်လို့ ဘယ်သူပြောသလဲ'



Scanned by CamScanner

'ပေါရီးလ် ပြောတယ်'

'ကလေး ကြည့်မဲ့သူ မရှိဘူးလား' ဟု ဂျော့က ဆက်မေးလေ၏။

'ကလေးကြည့်မဲ့သူလား၊ ဘယ်ရှိမလဲရှင့်၊ ကလေးဆိုတာ အိပ်ရာက နိုးလာရင် အမေကို လှမ်းကြည့်တာ အမေအနားမှာ အိပ်နေမှ ဖြစ်တာ'

'ဒါဖြင့် မင်းအိမ်ရောက်တော့ အဝတ်အစားလဲပြီး အိပ်ရာ ဝင်ရဦးမှာပေါ့'

'ဟုတ်ကဲ့'

'ကလေးအသက် ဘယ်လောက်ရှိပြီလဲ'

'၃ နှစ် ကျော်ကျော်လောက်'

ဂျော့သည် လွန်ခဲ့သော ၃နှစ် လောက်က လျံ ကလေးမွေးကြောင်းနှင့် ပတ်သက်၍ အတွေးအမြင် တန်း၍နေလေ၏။ အခု အသက် ၂၀ ရှိပြီ၊ ၁၆ နှစ်လောက်က လင်ရမှာပဲ၊ သူ့လင်ဟာ ဟို ပြင်သစ်ဘုန်းကြီး ကြီးပဲလား၊ သူ့မှာ မိခင်စိတ်များ ရှိမှ ရှိသေးရဲ့လား…ကရိုဟု တွေးမိ၏။

'လျံရယ် မင်းမှာ မိခင်စိတ်များရှိသေးရဲ့လားကွယ်'ဟု ဖွင့်ဟ၍ ပြောမိ၏။ ပြန်မည်လုပ်သော လျံသည် ဤမေးခွန်းကို ကြားသော် သရော်ရယ်ရယ်လိုက်၏။

'ရှင့်မှာလဲ ဒီမိခင်စိတ်တို့၊ ဘာစိတ်တို့၊ ညာစိတ်တို့နဲ့သာ အချိန်ကုန်နေတာ ပဲနော်၊ မိန်းမမှန်သမျှ မိခင်ချည်းပဲရှင့် မှတ်တော်မူပါ၊ မိခင်စိတ်ရှိရှိ မရှိရှိ၊ မိန်းမဆိုရင် မိခင်ဖြစ်ကြရတာချည်းပဲ၊ မိန်းမများ မိခင်ဖြစ်ရတာက ဒီလိုရှင်ရဲ့။ ယောကျ်ားတွေက 'ဒီကိုလာစမ်းလို့' ခေါ်တော့ မိန်းမတွေကသွားရတယ်။ သူတို့ကို ကြောက်လို့ပေါ့၊ ကိုယ်တော်ချောကတို့တော့ မကြောက်ပါဘူး၊ ဘာကြောက်စရာရှိတာမှတ်လို့ သူတို့ ကိစ္စပြီးလျှင် ပြီးရောပဲ၊ မိန်းမသာ နောင် အနွံအတာခံရတာရှင့်၊ ဒီတော့ ယောကျ်ားတွေက အားတိုင်း ယားတိုင်းဒီကိုလာစမ်းလို့ ခေါ်တော်မူကြတယ်၊ မိန်းမတွေကတော့ သူတို့ ကရိုကထ ခံကြရတယ် ဟင်း… မဟုတ်လား'

ပြောပြောဆိုဆိုနှင့် တံခါးဖွင့် ထွက်သွားတော့မည် အပြုတွင် ဂျော့ကမေး၏။

'ဒါဖြင့် မင်းကလေးကို မင်းမခင်ဘူးပေါ့'

'အို… ဒါကတော့ ကိုယ့်ကလေးကိုရှင့် ကျွေးမွေးသုတ်သင်ရမယ့် ဝတ္တရား

ရှိတာပေါ့၊ အချိန်တန် မျက်နှာ သစ်ပေးရမယ်၊ ထမင်းခွံ့ရမယ်၊ အညစ်အကြေး သုတ်သင်ရမယ်၊ အားမငယ်အောင် အနားမှာ ရှိရမယ်၊ ဒီဝတ္တရားတွေ ရှိသေးတာပေါ့ရှင့်'

• • •

Scanned by CamScanner

# အခန်း [ ၄ ]

ဂျော့သည် အိပ်ရာမှထ၍ ထိုင်၏။ လျံသည် အခန်းထဲမှ ထွက်တော့မည့်ဟန်နှင့် တံခါးကို ဖွင့်၏။ တံခါးရှိရာဘက်သည်ကား အနည်းငယ် မှောင်၍နေ၏။ ဂျော့သည် အိပ်ရာ မှထ၍ လျံ၏ လက်ကို လှမ်းဆွဲလိုက်ကာ၊

'ဒီကိုလာစမ်း' ဟုဆိုလိုက်၏။

လျံသည် လှည့်လာပြီးလျှင် ခပ်အုပ်အုပ်ကလေး ရယ်လိုက်၏။

'ဘာရယ်တာလဲကွ'

'ရှင့် ဟာရှင် မကြားဘူးလား'

'ဘာလဲကွ'

'ရှင် အခုပြောလိုက်တာလေ'

'ငါ ဘာပြောလိုက်လို့လဲ'

'ဟဲ ဟဲ ဒီကိုလာစမ်း ဆို'

ဂျော့သည် လျှံ့အားဆွဲ၍ ရင်ခွင်ထဲသို့ သွင်းထားလိုက်၏။ လျှံ့သည်လည်း ဂျော့၏ အတွေ့ကို မငြင်းဆန်ပဲခံနေ၏။ လက်တွင်ရှိသော သူ့ကလေးအတွက် စက္ကူထုပ် ကလေးကိုမူ ကြေမွသွားမည် စိုးသဖြင့် လက်ကို တန်းထားလေ၏။

'မင်း၊ ငါ့ကို ဒီလိုပဲ ပစ်ထားတော့မှာလားကွ'

'သြော်... ကျွန်မပြောပါကော'

'မင်း... ငါနဲ့ မနေချင်ဘူးပေါ့'

'နေချင်တာပေါ့ မောင်ရယ်၊ မောင့်ဆီမှာ နေရတာ အတော် ဖိမ်ရှိတာပဲ၊ နွေးကနွေးနဲ့၊ လျှံ့က အိပ်ရာထဲကမှ မထသေးခင်၊ မောင်က ထပြီး ရေနွေးအိုးတယ်လို့၊ ရေနွေးကျက်တော့ ကော်ဖီ ဖျော်ထားလို့၊ ကော်ဖီသောက်ပြီး လျှံ့နဲ့မောင် စကားပြောလိုက်ကြ၊ ရယ်လိုက်ကြနဲ့၊ ဘယ်မနေချင်ဘဲ ရှိပါ့မလဲ မောင်ရဲ့'

'ဒါဖြင့် နေပါလားကွ'

'သြော်...ကျွန်မ ပြောပါကော'

'ဒါဖြင့် ဒီညလဲ ငါနဲ့ အတူအိပ်မယ် မဟုတ်လား'

'လာပြန်ပြီလား တစ်ခါ'

'အင်း ... ဒုတိယမ္ပိ၊ တတိယမ္ပိ အို ခဏခဏပေါ့'

'ရှင် ကျွန်မကို ကြိုက်သပေါ့'

'ငါ မင်းကိုလေ သိပ်ချစ်တာပဲ'

လျှံ့သည် ဂျော့နားသို့ ကပ်၍ရယ်မောလေ၏။

'ဒါဖြင့် မောင်က မောင့်ဆီမှာ အိပ်အိပ်ပြီး၊ မနက်မိုးမလင်းခင် လျှံ့ ထ,ထ ပြန်ရမယ်ဆိုပါတော့။ လမ်းမှာ လူတွေ တွေ့ရတယ်တော့၊ လူတွေဆိုတာ ယောကျ်ားတွေကို ပြောတာ မောင်ရဲ့၊ ယောကျ်ားဆိုတာ ကျားလိုပဲ လျှံ့တော့ သိပ်ကြောက်တာပဲ ဆရာ၊ ဒါတွေကို ရှင့် ချစ်တာနဲ့ လုပ်ရမယ်ဆိုပါဆိုပါတော့'

'မင်းက ငါ့ကိုချစ်တယ်' လျှံ့သည် ရယ်ပြန်၏။

'ချစ်တယ်ဆိုတာ ကြီးကျယ်တာမှတ်လို့၊ မောင်ရယ် 'ချစ်' ဆိုတဲ့စကားလေးဟာ အငယ်ကလေးပါ'



Scanned by CamScanner

'ငါကအတည် ပြောနေတာကွ'

'အခုလိုသာ မနက် အစောကြီး ထ,ထ သွားရမယ်ဆိုလျှင်တော့ မောင့်ကို ကြာရှည်ချစ်နိုင်မယ်မဟုတ်ဘူး'

လှုံသည် ခေါင်းကို ဂျော့ရင်ခွင်တွင် မှီထားရင်း ခါပြလေ၏။ ဂျော့သည် လှုံ ခေါင်းခါသည်ကို ရင်ခွင်၌ ခေါင်းအလှုပ်အရှားကို ချင့်ချိန်၍ သိရလေ၏။

'ဒါဖြင့်လဲ ငါနဲ့ အတူလာနေပါလားကွယ်'

'ဒီမှာလား'

'အေးပေါ့'

'ဒီ နေရာ ရှင်အလုပ်လုပ်တဲ့နေရာမှာ...'

'ဟုတ်ပါတယ်ကွ'

လှုံသည် ဂျော့ရင်ခွင်မှထွက်ခွာ၍ အိပ်ရာပေါ်၌ထိုင်၏။ ဂျော့ပေးသောအ ကြံကို မနှစ်သက်ချေ။

'ရှင် ဒီလိုအခန်းထဲမှာ ကလေးတစ်ယောက်နဲ့များ နေဘူးရဲ့လား'

'ဟင့်အင်း'

'ဒါဖြင့် ရှင် ဘာမှသိတာမဟုတ်ဘူး၊ ကလေးဆိုတာ သိပ်ဆော့တာ၊ ရှင့် အလုပ်မျိုးနဲ့ဆို သာမကိုက်သေးတယ်၊ ရှင်စိတ်ညစ်တာနဲ့ ရူးသွားလိမ့်မယ် သိလား။ ကျွန်မဖြင့် တစ်ခါတစ်ခါ သိပ်စိတ်ရှုပ်တာပဲ၊ ဒီကောင်မလေးအတွက်ကြောင့်ပေါ့၊ ချုံးပွဲချ ငိုမိတယ်ရှင်'

ဂျော့ အခန်းအောက်ထပ်က အခန်းအားနေသည်။ ထိုအခန်းတွင် လှုံငှားနေနိုင် သည်။ လခတော့ ဂျော့ကပေးမည်။ ဂျော့၌ ငွေကြေးအလုံအလောက်ရှိ၍မဟုတ်၊ ပန်းချီဆွဲ၍ ရသောပိုက်ဆံမှာ မလုံမလောက်နှင့် သို့ပေမဲ့ အိမ်ကပိုက်ဆံပို့သေးသည်။

'ရှင့်မှာ အိမ်ရှိသေးသပေါ့'

'ဟာ၊ မရှိပဲနေပါ့မလားကွ၊ မင်းကလဲ'

လှုံသည် ခေါင်းညိမ့်လေ၏။ ဂျော့က အိမ်ရှိတယ်ဟု ပြောလိုက်ခြင်းသည် လှုံအဖို့ ဂျော့တွင် တိုက်ကြီးတာကြီးနှင့်ငွေကျိုကျိုတက်ရှိသည်ဟူသော သတင်းကို

ကြားလိုက်ရသကဲ့သို့ ဖြစ်သွား၏။ 'ဒါ ငါ့ဟာ' ဟု ဂျော့တွင် ပြောစရာ ရှိသေးသည့်အတွက် လျှံသည် ဂျော့အား ပို၍စိတ်ဝင်စားလေတော့၏။

'ငါ့မှာ ပိုက်ဆံ လုံလုံလောက်လောက် မရှိရင်၊ ဝေသုံးကြတာပေါ့ကွာ၊ ငါ့မှာ ငွေပိုငွေလျှံရှိရင် မင်းကစုထားနော်၊ ငါတော့ ငွေတွေ ဘာတွေ မလိုချင်ဘူး၊ မင်းကိုသာ နေ့ရော၊ ညရော အမြဲပဲ လိုချင်တာပဲ၊ မင်း ငါ့အနားက မခွာရဘူးနော်...နော်၊ သိလား'

'ရှင် အလုပ် လုပ်တော့ကော'

'ငါ့အလုပ် ငါလုပ်မှာ ပေါ့ကွ၊ ဒီမှာပဲ လုပ်ရမှာပဲ၊ မင်းပုံကို ငါပြီးအောင်ဆွဲမယ်လေ'

'ဒါဖြင့် ကျွန်မ ပုံဆွဲလောက်အောင် အလှဂုဏ်ရှိတယ်ဆိုတာပေါ့'

'အင်းပေါ့ မင်းကို အလှ ဂုဏ်မရှိဘူးလို့ ဘယ်သူကပြောသလဲ ဟင်'

'ရှင်ကလေ'

'ဟာ... ဘယ်တုန်းကလဲ'

'မနေ့ကလေ ကျွန်မ ရှင်ပုံဆွဲဖို့ ရပ်နေတုန်းက'

ဂျော့သည် လျှံအား ရင်ခွင်ထဲ၌ထား၍ အားမလို အားမရ ဖက်လေ၏။

'အိုကွာ... ငါဘာတွေ ပြောမိမှန်း မသိပါဘူး။ ငါက မင်းပုံကို တွေးပြီးပြောတာ၊ မင်းကို ပြောတာ မဟုတ်ဘူးဗျ။ နားလည်ပြီလားဟင်'

'ဒါဖြင့် ရှင် ကျွန်မကို တွေးပြီးပေါ့နော်'

'အမယ်... မမချော၊ ခင်ဗျားကလေးကလွဲလို့ ကျုပ်ဘယ်အကြောင်းမှ မတွေးတော့ဘူးဗျ'

အနည်းငယ် မှောင်ကျနေသဖြင့် ဂျော့သည် လျှံ၏ ပြုံးရောင်ခြည်ကလေးကို မတွေ့မြင်လိုက်ရချေ။ လျှံသည် ဂျော့ရင်ခွင်မှ ထွက်၍ အိပ်ရာဘေးတွင်ရပ်နေ၏။ မျက်နှာပေါ်တွင် မြူးတူးပျံ့လွှားနေသော ပြုံးရောင်ခြည်ကလေးသည် အတွင်း အသဲနှလုံးတို့ ရွှင်မြူးထကြွနေကြောင်းကို ဖော်ပြလျက်ရှိ၏။ ဒီငနဲ့တော့ ငါမြူလို့ ကျပြီဟူသော အောင် မြင်သော အထိမ်းအမှတ်မဟုတ်၊ အတော် ကျေနပ် ရွှင်ပြုံးပုံ ပေါ်သည် လျှံသည်ထလိုက် သောအခါ ဂျော့သည်လျှံ၏ လက်နှစ်ဘက်ကို ဖမ်းဆွဲပြီးလျှင် ခပ်မော့မော့

ကြည့်နေ၏။

'ဘယ့်နှယ်လဲ မမချော၊ ဘာများ ဆိုလိုချင်သေးသလဲ'

'ကျွန်မလာမယ်'

'ဘယ်တော့'

'ရှင် အောက်ထပ်ကို ဗွားလိုက်လေ၊ ကျွန်မ အခန်းကို ဒီနေ့ပဲ ပြန်အပ်လိုက်မယ်'

လှံ့၏ လက်နှစ်ဘက်ကို မိမိဘက်သို့ သာယာညင်းပြောင်းစွာ ဆွဲယူလိုက်သော် လှံ့၏ ကိုယ်ကလေးသည် ဂျော့၏ ရင်ခွင်တွင်းသို့ တဖန် ချည်းနင်းဝင်ရောက်လာကာ သူတို့ နှစ်ဦး၏ နှုတ်ခမ်းတို့သည် မိတ်ဆက်ကြကုန်၏။ လှံ့၏ မျက်နှာဝယ် ပြုံးရောင်ခြည်ကလေးသည် တိုး၍သာတောက်ပလာလေ၏။ အလွန်ရှုတ်ထွေးပွေလီ၍ အသက်ရှူပေါက်မရှိလှသော ဤပဲရစ်မြို့တော်ကြီးဝယ် လှံ့သည် အတောင်ညောင်းသော ငှက်မငယ်ပမာ အာဝါသကောင်းသော သစ်ပင်ကိုင်းမကြီးကို တွေ့ဘိသကဲ့သို့ မှီခိုရာ အားထားရာ တွေ့လေတော့ပြီ။

လှံ့သည် တံခါးကို ဖွင့်၍ လှေခါးမှ ဆင်းသွား၏။ ခြေသံသည် တဖြည်းဖြည်း ဝေးသွားကာ ပျောက်ကွယ်၍သွား၏။ ဂျော့သည် လှံ့၏ မကြည်ငြိမ်သော သဘောကို သိသဖြင့် စိုးရွံ့နေ၏။ လှံ့ပြန်လာမည်ဟု မျှော်လင့်၏။ သို့သော် အသေအချာ မပြောနိုင်ရှာ။ တဖြည်းဖြည်း ဝေး၍သွားကာ လုံးလုံးပျောက်ကွယ်သွားသော ခြေသံကို နာခံရင်းပင် ဂျော့သည် အိပ်ပျော်သွားလေ တော့သတည်း။

လှံ့ဆောန်ရလ်သည် သူ၏ကလေးနှင့် ငွေဘြီးကို ခေါ်လာပြီးလျှင် ဂျော့ အခန်း အောက်ထပ် အခန်းတွင်ထား၏။ သူ့၌ပစ္စည်းဆို၍ ရေရေရာရာ ဘာမျှ မပါလာချေ။ သူ့အိပ်ရာလိပ်သည်လည်းကောင်း၊ မှန်တင်ခုံသည် လည်းကောင်း၊ ဘီဒိုသည် လည်းကောင်း၊ အဖိုးထိုက်သည့် အရာများမဟုတ်ကြချေ။ သူ့ကော်ဇောကား စုတ်ချာချာ မွဲခြောက်ခြောက် နှင့် ပြတင်းပေါက်တွင် တပ်ဆင်ထားသော နေကာကား အမွှာမွှာ စုတ်နေသောပိတ်စ ပေတည်း။

လှံ့အဖို့၌ ဤအခန်းမျိုး၊ ဤအခြေအနေမျိုးသည် ထူးဆန်းသည်လည်းမဟုတ်၊ စုတ်ချာလှသည်လည်း မဆိုသာ ဤထက်အဆများစွာ စုတ်ချာလှသော နေရာမျိုး၌



Scanned by CamScanner

လျှံသည် ဂျော့အခန်းတွင်နေ၍ ဂျော့ထမင်းကိုစားကာ ပေါရီးလ်၏ ဟော်တယ်ကလူများနှင့် အရောတဝင်မရှိတော့ပဲ ဂျော့နှင့်သာတွဲနေသဖြင့် ဂျော့၏မယားဖြစ်နေတော့ပြီ။ ပေါရီးလ်၏ ဟော်တယ်တွင် သူတို့နှစ်ဦးကို လင်မယားဟူ၍ အသိအမှတ်ပြုထားကြလေပြီ။ သို့ငြားလည်း လျှံသည် ပေါရီးလ် ဟော်တယ်တွင်ကသေး၏။ ကသည်ဆိုစေကာမူ ရှေးကကဲ့သို့ အစဉ်အမြဲမဟုတ်တော့ချေ။ ဂျော့သည် လျှံအား အခြားဟော်တယ်သို့ ခေါ်သွားနိုင်ပေသည်။

ဂျော့နှင့် လျှံတို့သည် အရှော်စားဟော်တယ်တစ်ခု၌ကပြရန် စာချုပ်ချုပ်ရာကိစ္စနှင့်ပတ်သက်၍သဘောချင်းကွဲလွဲကြကုန်၏။ လျှံအဖို့ကား ဘယ်နေရာသို့ သွား၍ ကရသည်ဖြစ်စေ မထူးခြားလှချေ။ ဂျော့အဖို့ကား အပေါစားဟော်တယ်တွင်ကမည်ကို မနှစ်လို၊ မနာလို တိုရှည်ဖြစ်နေ၏။ ပေါရီးလ်၏ ဟော်တယ်၌ကား အရေးမကြီးချေ။ ပေါရီးလ်ဟော်တယ်တွင် ဝတ်လစ်စလစ်ကခြင်းမှာ ရိုးနေလှပြီဖြစ်၍ သူမကန့်ကွက်လို၊ သို့သော် ဘဲလ်ဘောဖွန်း ဟော်တယ်သည် အပေါစား ဟော်တယ်ဖြစ်၍ မနှစ်မြို့ချေ။ ထို့ပြင်လည်း ပေါရီးလ် ဟော်တယ်၌မူကား ကပြပြီးနောက်သူစောင့်၍ လျှံအားခေါ်လာ နိုင်၏။ ဘဲလ်ဘောဖွန်းကိုကား သူသွားလည်း မသွားလို ခေါ်ရမှာလည်း ခက်ခဲလှသေး ၏။

ဂျော့က 'မသွားနဲ့ လျှံရယ်' ဟု ဆိုသောအခါ လျှံသည် ဂျော့အား ပြူးကျယ်သော မျက်လုံးကြီးများဖြင့် ကြည့်ပြီးလျှင် 'ဘာဖြစ်လို့လဲ မောင်ရဲ့' ဟု မေးလေ၏။

'အို့ကွယ်… မောင်မသွားစေချင်လို့ပေါ့'

'ဘာဖြစ်လို့ မသွားစေချင်ရတာလဲ မောင်ရဲ့'

'ဟာ… ပေါရီးလ် ဟော်တယ်လို မဟုတ်လို့ပေါ့ကွ'

'ဘယ်နှယ် မတူရမှာလဲမောင်ရယ်၊ ပေါရီးလ် ဟော်တယ်မှာလိုပဲ လျှံ မြွေကြီးကိုယူသွားပြီးကပြမှာပေါ့၊ ပုဏ္ဏားမ အကလေ မောင်လဲ မြင်ဘူးသားပဲဟာ၊ ကပြီးပြန်လာမှာပေါ့ မောင်ရဲ့၊ ဒါ ဘာဖြစ်တာလိုက်လို့'

'ဒါကို ငါဆိုချင်တာ မဟုတ်ဘူးကွ၊ မင်းပေါရီးလ်မှာလို ကရမှာပဲ ဆိုတာတော့သိတာပေါ့၊ ဒါပေမယ့် ဘဲလ်ဘောဖွန်းဟာ ပေါရီး ဟော်တယ်လို မဟုတ်ဘူးသိရဲ့လား'

ဂျော့သည် လျှံအား ဘဲလ်ဘောဖွန်းဟော်တယ်သို့ သွား၍မကစေလိုသည်ကိုသာ



Scanned by CamScanner

သိ၏။ ဘာကြောင့်မသွားစေလိုသနည်းဟု မေးလျှင် သူမဖြေတတ်ချေ။ မသွားစေချင်ဘူး ဟုသာ ဖြေတတ်၏။ အကျိုးအကြောင်းပြ၍ မကန့်ကွက်နိုင်ချေ အရမ်းမဲ့သာ စိုးရိမ်လေ၏။

လျှံက ' မဟုတ်ပါဘူးမောင်ရယ်၊ ဘာထူးလို့လဲ ဒီဟော်တယ်ရော ဟိုဟော်တယ်ရော လျှံကဘို့အတွက်သွားရမှာပဲ မဟုတ်လားလို့' ဟုပြောပြန်သော် ကျော်က

'မဟုတ်သေးဘူးလျှံ၊ မင်းမသိဘူးနော် ပေါ်ရီးလ် ဟော်တယ်မှာတော့ လူသိတွေ ချည်းမို့ ကိစ္စ မရှိဘူး ဟိုမှာတော့ လူတွေက အကြောင်းသိတာ မဟုတ်ဘူးကွ'

လျှံသည် ကျော်ကို ကြည့်၍ပြုံးရာမှ သူ၏ထူးဆန်းလှသော နှာခေါင်းသံပါပါ ရယ်သံတိုကလေးကို ရယ်လိုက်လေ၏။ ထိုသို့ ရယ်ခြင်း၏ အဓိပ္ပာယ်ရပ်မှာကား ကျော် ပြောသည်တို့ကို ကောင်းစွာ သဘောမပေါက်ကြောင်း သို့မဟုတ် မယုံကြည်သော အကြောင်းအရာပင်ဖြစ်၏။

• • •

# အခန်း [ ၅ ]

လျှံနှင့် ဂျော့တို့မှာ အတူနေကြသည်မှာ ဆယ်ရက်မျှပင်မကြာသေးမီပင်၊ လျှံကဤသို့ မထိတထိ ရယ်လိုက်သည့် အခါတိုင်း ဖိန်းဖိန်းရှိန်းရှိန်း ဖြစ်သွားသည်။ ထိုရယ်သံကလေး၌ ထူးခြားသော အချက်များပါရှိပေသည်။ ပျက်ရယ်သံ နှောလျက်ရှိ၏။ ထိုရယ်သံကလေးသည် လျှံ၏အတွင်းသဘောကို လူမြင်မည်အပြုတွင်မှ မမြင်ရအောင်၊ မြင်လိုသူဧကြွလျက် အားမလိုအားမရဖြစ်အောင် ဖုံးအုပ်လိုက်သော လွှာရုံကလေး ပမာပင်ဖြစ်၏။

ဂျော့သည် လျှံ၏ ထူးဆန်းလှသော ရယ်သံကလေးကို ကြားလိုက်ရသဖြင့် စိတ်ထဲတွင် ယားကျိကျိဖြစ်လာပေ၏။

'မဟုတ်ပါဘူးကွ၊ မင်းက ဒီလို ဘာကြောင့်ရယ်ရတာတုန်း'

'အို ကျွန်မရယ်တာဟာ ပြုံးချင်လို့'

'ဘာ . . .'

'မဟုတ်ဘူး မောင်ရဲ့ . . . လျှံဟာလေ၊ လျှံသွားချင်ရာကို သွားရမှ



Scanned by CamScanner

ဖြစ်တာ၊ နို့မိုရင် မနေတတ်ဘူးရှင့်၊ လွတ်လွတ်လပ်လပ် သွားလာနေရမှ ဖြစ်တာ မောင်ရဲ့"

ဂျော့သည် လျံ့အား စူးစိုက်သောအာရုံဖြင့် ကြည့်နေ၏။ ဂျော့ကိုလည်း လျံ့က ပြုံးစစနှင့်ကြည့်နေ၏။ အချိန်ကားနေ့လည်ဖြစ်၏။ နေရာသည်ကား ဂျော့၏ အခန်းဖြစ်၍ လျံ့၏သမီးကလေးသည် သူတို့နှစ်ယောက်အားငေးကြည့်နေ၏။ လှည်းများ၊ ရထားများသည် လမ်းပေါ်တွင် တည်ည်သွားနေကြ၏။ ခေါင်မိုးပေါ်တွင် ခိုတစ်သင်းတို့သည် ချမ်းမြသာယာသောဆောင်းနေ၏ အရသာကိုခံစားကာ ပျော်မြူးနေကြကုန်၏။

မျက်လုံး နှစ်စုံတို့သည်၊ သေနတ်ခင်း၍ စစ်ကျင်းနေကြ၏။ ဂျော့၏ မျက်လုံးများကားပူ၍ အလျှံတောက်နေ၏။ လျံ့၏ မျက်လုံးများကား အေးမြ၍တောက်ပြောင်နေ၏။ လျံ့၏မျက်တောင်များသည် အောက်ဖက်သို့ မသိမသာကျနေ၏။ အပူနှင့် အအေးသည် အပြင်းအထန်တိုက်ခိုက်နေ၏။ နောက်ဆုံး၌ ဂျော့သည် နလံမထူနိုင်လောက်အောင်ရှုံးလေတော့၏။ သူ့လက်နှစ်ဖက်သည် လျံ့၏ချောမွေ့သော လည်တိုင်ကလေးကိုညှစ်ထားကာ လျံ့၏ပါးကလေးတစ်ဖက်နှင့် သူ့ပါးစပ်နီးကပ်အောင် ထားပြီးလျှင် သူ့၏အသည်းနှလုံးထဲမှ စီးထွက်လာသောစကားလုံးတို့ကို ပါးကလေးမှတစ်ဆင့် သွယ်ဆင်းစေသကဲ့သို့ တတွတ်တွတ် ပြောရှာ၏။

ဂျော့သည် လျံ့အား အခြားဟော်တယ်တွင် အကနိုင်းပါမူ သူ့အဖို့ ဆုံးချေတော့မည်ကိုသိ၏။ နမိတ်ထင်သလို စိတ်စနောင့်စနင်းဖြစ်နေ၏။ လျံ့သည် အသက်အရွယ်မှာ ၂၀ ကျော်ရုံမျှသာ ရှိသေးသော်လည်း အနယ်နယ်စုံခဲ့၍ အတွေ့ အမြင်များခဲ့ပြီး သူသည် တစ်နေရာမှတစ်နေရာသို့ အလျင်လျင်တဖြတ်ဖြတ်ပျံသန်းသွားလာခဲ့ပြီ။ တစ်ခါသွားမိလျှင် နေရင်းဌာနကို ပြန်ကြည့်မည်မဟုတ်ချေ။ ဂျော့သည် လျံ့ကို ဆုံးတော့မှာပဲဟု အပူပန်ကြီးပူပန်ကာ မသွားစေရန် ခယဝပ်တွားကာတောင်းပန်ရှာ၏။

"မင်းလိုက်သွားမှာလားဟင်..."ဟု ဂျော့သည် လျံ့အား တိုးတိုးကလေး ထပ်မေးလိုက်၏။ မသွားစေချင်သော ဇောသည် ဤမေးခွန်းကို ကျယ်လောင်ရဲဝန့်စွာ မေးစေခွင့်မပေးချေ။

ဂျော့သည် လျံ့အား အသေအလဲ ချစ်နေပြီဟု သူ့ဘာသာ သူသိ၏။ လျံ့ကို



Scanned by CamScanner

ပထမ တွေ့စဉ်က ပြောခဲ့သော အချစ်စကားသည် ပိုမိုသော ဖြီးလုံးမဟုတ်ချေ။ တကယ့်တကယ် ချစ်မိနေလေပြီ။ အသက်အရွယ်ကလည်း ငယ်ရွယ်နုပျိုနေရကား အချစ်မီးလျှံသည် မီးတောင်မှ ထွက်လာသော မီးလျှံကဲ့သို့ ကြီးမားပြင်းထန်လှတော့၏။

လျှံက ခေါင်းညိတ်ပြသည်ကို သူမြင်၏။ သို့သော် ခေါင်းညိတ်မပြပါစေနှင့်ဟူသော ဆန္ဒဓာတ်သည် ကြီးမားလှကား ခေါင်းညိတ်မပြနိုင်စွမ်းအောင် လျှံအား အနေကြပ်အောင် ဖက်ထားမိ၏၊ ထိုသို့ အားမလို အားမရ အတင်းအကြပ်ဖက်ထားပါလျက်နှင့် လျှံသည် ခေါင်းညိတ်သေး၏။

"ကဲ၊ ဒီလောက်မှ တားမရလဲ သွားတာပေါ့ကွယ်၊ ဒါပေမယ့် မင်း ကပြီးလျှင် အပြန် ငါလာခေါ်ပါရစေနော်..."

လျှံသည် ဂျော့ရင်ခွင်ထဲ၌ ပျော်မွေ့စွာနေရင်း မျက်လုံးကို လှန်ကြည့်ကာ ပြုံး စစ မျက်နှာပေးကလေးနှင့်...

"အို... မောင် လာခေါ်နိုင်တာပေါ့၊ ရိုးရိုးလာခေါ်တာတောင်မဟုတ်ဘူး လျှံကို ဟော်တယ်ကနေ မောင်ရင်ခွင်ထဲ ပွေ့ပြီးခေါ်လာနိုင်ပါတယ်၊ လမ်းတစ်လျှောက်လုံး ပွေ့ပြီး ခေါ်လာနော်... ပြီးတော့ ဒီရောက်တော့ ဟောဟို အိပ်ရာကြီးပေါ်မှာ မောင်သဘောကျသလို သိပ်ပေးနော် ဟုတ်လား"

ဂျော့သည် လျှံအား ဘဲလ်ဘောဖွန်း ဟော်တယ်သို့ ခေါ်သွား၍ ကပြပြီးသောအခါ ပြန်ခေါ်လာရန်အခွင့်ရသဖြင့် ဝမ်းသာမိ၏။ လျှံကို သူများလုသွားမှာ စိုးလှသဖြင့် လျှံသွားလေရာရာကို လိုက်၍ စောင့်ရှောက်ထိမ်းလိုသောစိတ်သည် ဂျော့တွင် အလွန်ပင်ကြီးမားနေ၏။ ဘဲလ်ဘောဖွန်းဟော်တယ်သည် တစ်နိုင်ငံ မြိုင်ယံခြားနေသကဲ့သို့ဖြစ်၍ ဂျော့သည် သူ၏လျှံကို ထိုနိုင်ငံခြားမှ အတင်းလုယူလိုက်မည်ကိုသာ အခါခါတွေးတောပူပန်မိ၏။

ဂျော့သည် လျှံ့အပေါ်၌ အလွန်ပင်ပြင်းပြလှသော မေတ္တာဓာတကြွကာ လျှံကို ပိုင်သည်ထက်ပိုင်အောင်ကြံစည်၏။ လျှံသည် ယခု ဂျော့၏အပျော်မယားမျှသာဖြစ်သည်။ လက်ထပ်မယား မဟုတ်ရကား၊ သူတကာဆွဲသွားလျှင် မည်သို့မျှ တတ်နိုင်မည်မဟုတ် ထို့ကြောင့် သူသည် တစ်ညလုံးမအိပ်ဘဲစဉ်းစားနေ၏။ တစ်နေ့လုံးလဲ စဉ်းစား

၏။ ညသို့ ရောက်လတ်သော် လျံအား ထမင်းစားခေါ်သွားပြီးလျှင် လက်ထပ်ရန်ပြော
တော့မည်ဟု ဆုံးဖြတ်လိုက်၏။

လျံ၏ ရုပ်ပါရုံနှင့် အချစ်ပင်လယ်ထဲတွင် "ဆယ်သောသူ မုန်းလိမ့်မည်လောက်
မျောပါနေစဉ်က" ဂျော့သည် လျံအား လက်ထပ်ရမည်ကို မတွေးမိ လက်ထပ်ဖို့
အရေးသည် အလုပ်နှင့်ပတ်သက်၏။ အချစ်မြူးခြင်းသည်ကား အကစားသာဖြစ်၍ကား
ပျော်မြူးသောသူသည် အလုပ်ကိုမသိမမှုနိုင်ချေ။

ဂျော့သည် တစ်နေ့ပတ်လုံး သူ၏ပန်းချီကားကို လိုက်၍ရောင်း၏။ ဈေးမတည့်
နိုင်သဖြင့် တစ်ဆိုင်ထွက်၊ တစ်ဆိုင်ဝင်နှင့် တစ်နေကုန်၏။ နောက်ဆုံး၌ ဖရင့် ၁၅၀
နှင့်ဈေးတည့်၍ရောင်းလိုက်၏။ ရသော ဖရင့်၁၅၀သည်ကား လျံအတွက် လက်ထပ်
လက်စွပ်နှင့် လက်ထပ်ဝတ်စုံတစ်စုံစာ သာသာမျှရှိသဖြင့် လက်စွပ်တစ်ကွင်းနှင့် ဝတ်စုံ
တစ်စုံကိုဝယ်၍ အခန်းသို့ ပြန်လာ၏။ လက်ကျန်ငွေကိုကား ညစာထွက်စားရန်အတွက်
ချန်ထား၏။

လျံသည် ဂျော့၏ စေတနာကိုကောင်းစွာသိရတော့၏။ ဂျော့သည် လျံအား
မြို့ထဲရှိ စည်ကားသောနေရာများသို့ခေါ်သွား၏။ လျံသည် ပဲရစ်မြို့တော်သို့ရောက်နေ
သည်မှာ အတန်ငယ်ကြာပြားသော်လည်း ထိုနေရာများကိုမရောက်ဖူးသေးချေ။ ပဲရစ်မြို့
၏ စည်းစိမ်ကို မခံစားခဲ့ဘူးချေ။ ယခုမှသာရောက်ရ၍ အတော်ပင်ဝမ်းသာနေ၏။

ပဲရစ်မြို့တော်၏ ပျော်မြူးဘွယ်ရာကောင်းလှသော နတ်နန်း နတ်ဘုံသဖွယ်
ကြီးကျယ်ခန်းနားသော တိုက်ကြီးတာကြီးများ၊ ဟော်တယ်ကြီးများကို ကြည့်၍မောနေရာ
မှ နာမည်ကျော်ဟော်တယ်တစ်ခုသို့ ရောက်သွားကြကာညစာစားကြ၏။ အတီးအမှုတ်
အကအခုန်နှင့် အပျော်မျိုးစုံသောနေရာ၌ ညစာစားခြင်းသည် ဝေဇယန္တာနတ်နန်း၌ ပဥ္စသိခ
နတ်သည် ဗေလုဝနတ်စောင်းကို တီး၍ ဒေဝစ္ဆရာနတ်ကညာတို့သည် ဘယ်ညာယိမ်း
နွဲ့၍ လှုပ်လှဲလှုပ်လီ ကနေကြစဉ်၊ နတ်သုဓာကို လျှာအရသာခံကာ ဖြေးညင်းစွာ စားနေ
ရသည်နှင့် မည်သို့များခြားနားနေမည်နည်း။

လျံသည် အပျော်ကြီးပျော်၍ မေ့လျော့ နေ၏။ ဂျော့သည် လျံမှာ ဘားလ်တဖွန်း
ဟော်တယ်သို့သွား၍ ကပြရဦးမည် ဖြစ်သဖြင့် ပျော်မျိုးစုံရာဌာနမှ ခေါ်ဆောင်လာရ၏။

ဘားလ်ဘဖွန်းသို့ရောက်သော် ဂျော့သည် တံခါးဝမှ လှည့်၍ပြန်မည်လုပ်ရာ လျှံက သူ့
လက်ကိုဆွဲ၍

'ဘယ်နှယ်၊ မောင်ပြန်တော့မှာလား'

'အေးလေ၊ မင်းကပြီးလောက်တော့ မောင်လာခေါ်မှာပေါ့'

'မောင် လျှံကတာ မကြည့်တော့ဘူးလား'

'မကြည့်တော့ဘူး'

လျှံသည် ဂျော့အနီးသို့ တိုးကပ်သွားကာ၊

'ဟာ... မောင်ကလဲ၊ လျှံကတာ မောင့်အတွက်ရှင့်၊ သူများအတွက်မဟုတ်ဘူး၊
လျှံကတာ မောင်ထိုင်ကြည့်နေနော်၊ ကပြီးတော့ လျှံနှင့် အတူတူ အိမ်ပြန်ကြတာပေါ့
ဟုတ်လား'

ဂျော့သည် ခေါင်းခါ၏။ လျှံကို လက်လွှတ်သွားမည့်အကြောင်း နောက်တစ်
ကြိမ် မပြောလို။ မိန်းမများသည် သူတို့ကို လိုချင်မှုန်း သိတိုင်း အကဲပိုပါသည်။ သူတို့
ကို ဂရုမစိုက်သလိုလုပ်မှ သူတို့ကကပ်ကြသည်။ ဂျော့၏စိတ်သည် အလွန်ပင် ဝေ
မှိုင်းမှိုင်းဖြစ်နေ၏။ လျှံကို လက်ဆွဲသွားမည်ဟု တွေး၍ထွေ၍သာ နေတော့၏။ လျှံကို
လူသိနတ်ကြား ယူလိုက်မှဖြစ်မည်။ ထိုအခါကျမှ လျှံကိုပိုင်တော့မည်။ လျှံ့စိတ်သည်
တထင့်ထင့်နှင့် နေချေတော့မည်။

'မင်းကတော့ ငါကြည့်ဖို့ ကတာဟုတ်ပါရဲ့ကွာ၊ ဒါပေမယ့် တခြားလူတွေ
လည်းကြည့်သေးတာပဲ' ဟု ဂျော့ကပြော၏။

လျှံသည် ဂျော့ဘယ်လိုပင်ပြောသော်လည်း မသွားစေလို ဂျော့၏လက်ကိုသာ
အတင်းဆွဲထား၏။ ဂျော့သည် လျှံဆွဲထားသည်ကို ရုန်းကန်၍သွားနိုင်ပါမည်လော၊
ဂျော့၏အင်အား မည်မျှသန်စွမ်းစေကာမူ လျှံ၏အချစ်ဓာတ်သည် လျှံ့ဘက်မှနေ၍ဆွဲထား
သဖြင့် ရုန်းကန်နိုင်ခြင်းငှာမစွမ်းချေ။

လျှံသည် တံခါးကို ဖွင့်လိုက်၏။ ဟော်တယ်အတွင်း၌ကား လူသံသူသံများ
အပြင် ပုလင်းသံ၊ ဖန်ခွက်သံ၊ ဘိနပ်သံတို့ဖြင့် ဆူညံနေ၏။ လျှံသည် ဂျော့အားဆွဲ၍ခေါ်
သွား၏။ ဂျော့သည်လည်း တကောက်ကောက် လိုက်ပါသွားရ၏။ လျှံထံမှ ခွဲခွာသွား



Scanned by CamScanner

ခြင်းဌာ မည်သည့်နည်းနှင့်မျှ မစွမ်းချေ။ အစက ဂျေဗှာသည် ဤဟော်တယ်တွင်းသို့ ဝင်ရန် စိတ်ကူးမျှမထည့်ခဲ့။ ယခုကား ဟော်တယ်တွင်းသို့ရောက်နေရချေပြီ။

ဟော်တယ်တွင်းရှိ လူများသည် ပျော်လိုသော အာသာဆန္ဒ၏ အဟုန်ကြောင့် ဤဟော်တယ်တွင်းဝယ် စုဝေး ရောက်ရှိကြကုန်၏။ အပျော်အပါး၊ အစားအသောက်ကို ပမါနထားသူများဖြစ်သည့်အလျောက် ကိုယ်လိုရာ ကိုယ်မှာစားသောက်ကာ ပျော်ရွှင်နေကြ ကုန်၏။ ရွှံ့ဘွက်များ၊ မစင်များတွင် ပျော်မြူးနေကြကုန်သောဝက်များကဲ့သို့တည်း။ ဝက်များသည်လည်း တွေ့ရာကို နှာခေါင်းထိုး၍ တစ်ကောင်နှင့် တစ်ကောင် တိုးဝှေ့ကာ ထွေးလုံးရစ်ပတ်နေကြ၏။

ဤမျှသော ဗရုတ်ဗရက်ဌာနကြီး၌ လျှံနှင့်ဂျေဗှာတို့သည် လူများကို တိုးဝှေ့ကာ တီးဝိုင်းမှကျော်၍ ကချေသည်များနေရာသို့ သွားရောက်ကြ၏။ လူနံ့သည် တထောင်းထောင်းထွက်နေ၏။ အမွှေးအကြိုင်များသည်လည်း လူနံ့နှင့်အတူရောပြွမ်းနေသဖြင့် နှာခေါင်းကို အလွန်ဒုက္ခပေးနေသော မွှန်တွန်တွန်အနံ့ကြီး ဖြစ်နေ၏။

ဤဟော်တယ်သည် ပေါရီးလ် ဟော်တယ်နှင့် လားလားမျှမတူချေ။ ပေါရီးလ် ဟော်တယ်၌ကား မီနက်၊ ဂရိတ္တိုင်းယား စသောသူများကိုတွေ့နိုင်သေး၏။ သေဝပ်သပ်ရပ်၍ လူရည်သန့်သူများရှိသေး၏။ ဤဟော်တယ်၌ကား လူရည်သန့်မရှိ လူစုကြီး တစ်စုသာရှိ၍ နွားအုပ်ကြီးသဏ္ဍာန်ဖြစ်နေ၏။ နွားတစ်ကောင်နှင့်တစ်ကောင်ခွဲခြား၍ မရနိုင်သကဲ့သို့ ဤလိုလူအုပ်ကြီး၌လည်း လူတို့သည်စပ်ဖြီးဖြီးသဏ္ဍာန်ကို ဆောင်ကြကုန်သောလူများသာရှိကြချေသည်။

ဤဟော်တယ်သည် ပေါရီးလ်ဟော်တယ်နှင့်မဝေးလှသော်လည်း ဂျေဗှာသည် ဤဟော်တယ်သို တစ်ခါမျှမလာရောက်ဘူးချေ။ လာရန်သင့်သော ဟော်တယ်မျိုးမဟုတ် အလွန်ညံ့လှသော တတိယတန်းစားဟော်တယ်မျိုးဖြစ်၏။ ဂျေဗှာသည် ဤသို့သောအပေါစားလူဂုဏ်မဲ့တို့၏ရှေ့၌ လျှံကပြရမည်ကိုတွေးမိတိုင်း ဒေါမနဿဖြစ်၏။

ဂျေဗှာသည် လျှံကိုအစွဲကြီးစွဲနေ၏။ ထို့ကြောင့်သာလျှင် လျှံအားကောင်းမွန်စွာ လက်ထပ်ယူမည်ကြံစည်မိ၏။ သူ၏မိတ်ဆွေများကမူ သူ့အားတည်တည်တံ့တံ့ ယူရန် မတိုက်တွန်းကြချေ။ သူတို့တတွေ နေပုံထိုင်ပုံမှာလည်း မည်သည့်အရာမျှ တည်တန့်ခြင်း

ဌာ မစွမ်းသာချေ။

သူတို့ကဲ့သို့ အရမ်းနေ အရမ်းထိုင်သူတို့ အဖို့ တည်တည်တန့်တန့် မိန်းမယူ၍လည်း မဖြစ်သည်ကို ဂျော့သိ၏။ သို့သော်ငြားလည်း လှံ့ကိုစွဲမက်ခြင်းသည် အတည်အတန့် ယူချင်စိတ်ကိုပေါ်ပေါက်စေ၏။ သူသည် သားသမီးကို မည်သည့်အခါကမျှ မလိုချင် ကလေးကို မည်သည့်အခါကမျှမချစ်ခင်ခဲ့လျက် ပါလာသောသြရားကလေးကိုပင် အတော်ခံတွင်းမတွေ့ချင်သလိုလိုဖြစ်၏။ အတည်အတန့်ယူလျှင် သူ့ပန်းချီဆရာဘဝပျက်စီးစေမည်ကိုသိ၏။ သို့သော်ငြားလည်း လှံ့အားစွဲမက်သောအာရုံတို့က ထိုအနှောက်အယှက်များကို ပယ်ဖျက်၍ တည်တည်တန့်တန့်ယူချင်စိတ်ကို ပွားများစေ၏။

လှံ့သည် ယောက်ျားတို့အား စွဲမက်စေတတ်သောသတ္တိကလေး လက်ဝယ်ရှိ၏။ ထိုသတ္တိကလေးကို သူလည်း မည်သည့်နည်း၊ မည်သည့်အကြောင်းနှင့်မျှ လက်လွှတ်လိုက်မည်မဟုတ် အတည်အတန့်ယူလျှင် ထိုသတ္တိ ကလေးသည် အိမ်ထောင်ကျခြင်းကြီးများရစ်သိုင်းသောကြောင့် သေကြေပျက်စီးသွားချိမ့်မည်။ ဘာတေးဗီးယားမြို့ရှိ ပြင်သစ်ဘုန်းကြီးအားသူသည် အသက်ပါအပ်နှံခဲ့ဘူးဟန် လက္ခဏာရှိ၏။ သူ၏ မွန်မြတ်သောကိုယ်ကာယကလေးကိုပေးပြီးလျှင် ပြန်ရသောအခါ ရှေးကကဲ့သို့သန့်သန့်ရှင်းရှင်း မဟုတ်တော့ပဲ နွံ့ပေသကဲ့သို့ ဖြစ်လာရ၏။

သူသည် ပြင်သစ်များကို အလွန်အမင်း မုန်းတီး၏။ မုန်းတီးကြောင်းကိုကား သူ ပြင်သစ်လူမျိုးတို့ အကြောင်းပြောတိုင်း ထိန်းသိမ်း၍မရအောင် ဒေါသဖြစ်သဖြင့် သိနိုင်သည်။

ထိုနေ့ညဉ့်၌ ဂျော့သည် ဘားလ်ဘဖွန်း ဟော်တယ်တွင် စားပွဲတစ်ခု၌ ထိုင်နေကာ ချိုမြိန်သော အရက်ကို တစ်ခွက်စီ ဖိမ်ယူ၍သောက်နေ၏။ သောက်နေစဉ် ဂျော့သည် အနီးရှိလူတို့၏ မျက်နှာကိုအသေအချာကြည့်ရှုလေ၏။ လှံ့အကကို မက်မော၍ ပါးစပ်တဟာဟာ ကိုယ်တကြွကြွနှင့်နေကြသောသူများကိုကြည့်ရင်း ဂျော့သည် ငရဲခံနေရသူအသွင် မသက်မသာဖြစ်နေမိ၏။ သူအမြတ်ကနိုးထားသောလှံ့ကို ဤကဲ့သို့ စူးစူးဝါးဝါးကြည့်ကြလေပြီဟုတွေးမိတိုင်း ဒေါသဖြစ်မိတော့၏။ မျက်လုံးအားလုံးတို့ လည်း လှံ့ကရာဘက်သို့သာလှည့်နေကြကုန်၏။ ဂျော့သည် လှံ့ကိုမကြည့်ပဲ သွားရည်တမျှားမျှား

ဖြစ်နေကြသော ပွဲကြည့်သူတို့ကိုသာကြည့်နေ၏။ သူတို့ကို ကြည့်ရသည်မှာ စိတ်မသက်သာဘွယ်ရာပင်တည်း။ နွားများသည် မြက်ကိုကုန်း၍ စားနေရာမှ နွားထိန်းက သူတို့သိလောက်သော အသံကိုပြုလိုက်သဖြင့် အသံလာရာသို့ ငေးမောကြည့်နေကြသကဲ့သို့ ဤသူတို့သည်လည်း လျံကနေရာသို့ အူကြောင်ကြောင်နှင့် ငေးမောနေကြကုန်၏။

တချီကပြီး၍ ပြည်ဖုံးကားကျသွားသောအခါ ပေးလိုက်သောသြဘာသံသည် ကား နားကောနှလုံးပါနာစရာကြီးဖြစ်ချေတော့၏။ ဂျော့သည် အလွန်ရှုံ့ရှာမိ၏။

ဂျော့၏ ဘေးနားရှိ စားပွဲတွင် ထိုင်နေသောလူတစ်ယောက်ကား၊ ဂျော့တွင်ရှိသမျှ စိတ်ကောင်းစိတ်မွန်ကလေးများ ပပျောက်သွားစေ၏။ 'ကောင်မ' တစ်ကောင်ကိုဒူးပေါ်တင်၍ လျံ၏အကကိုကြည့်ရင်း အားမလိုအားမရအနေနှင့် ကောင်မကို ဟိုကိုင်သည်ဆုပ်နှင့် ရီးတိုးရွတလုပ်နေ၏။ ဂျော့သည် ဤတဏှာရူးအနီး၌ကြာရှည်နေသော် ကိုယ်ထိလက်ရောက် ဖြစ်ချေတော့မည်ကို သိ၍ အခြားသို့ ရှောင်သွားရတော့၏။

လျံ ကပြီး၍ ကားချလိုက်သည်နှင့်တပြိုင်နက် ပရိသတ်က 'အင်း……ကိုး' ဟု တွေးတော စိုးရိမ်မိ၏။ လျံသည် ပရိသတ်က ထပ်၍ကရန်အော်ကြသည်ကို ဂရုမစိုက်ဘဲနေလေ၏။

ဂျော့သည် ဤသို့ ဂရုမစိုက်ခြင်းသည် လျံ ထုံးစံဖြစ်ကြောင်းသိ၏။ ဈေးကိုင်ခြင်းတစ်မျိုးပင်တည်း။ ပေါရီးလ်ဟော်တယ်တွင်ကစဉ်ကလည်း ဤသို့ပင် အစဉ်ပရိသတ်တောင့်တ၊ တောင်းပန်သည်ကို မလိုက်လျောခဲ့ချေ။ ဤသို့ ဈေးကိုင်ခြင်းမျိုးကြောင့်ပင်လျှင် သူသည်လည်း လျံကိုစ၍စွဲခဲ့လေသည်။

လျံသည် ပွဲပြီး၍ အဝတ်အစားလဲခန်းမှထွက်လာကာ ပရိသတ်ထဲမှ ထွက်ပေါက်ရှိရာသို့ ဖြတ်သွားသောအခါ ပရိသတ်သည် သူ့ထက်ငါ သူ့ထံသို့ကပ်ကြ၏။ သူသည် ဤသို့ လူကြိုက်များခြင်းအတွက် ပျော်လေဟန်၊ ဝမ်းသာလေဟန် အမူအယာကိုပြ၏။ သို့သော် သူသည်ဝမ်းသာလှသည်မဟုတ်ကြောင်းဂျော့သိ၏။ ဂျော့သည် သူ့အနီးသို့ ရောက်အောင်သွား၏။

လျံသည်ဂျော့၏လက်ကိုဆွဲ၍ ပရိသတ်ကြားမှထွက်လာ၏။ လျံသည် ဤသို့ စောင့်ရှောက်မည့်သူကို အလိုရှိခဲ့သည်။ ရှေးခေတ်က စစ်ဗိုလ်များသည် မိမိတို့၏

ချစ်သူထိပ်ထားများအားအသက်ကိုပေး၍ အမှုတော်ထမ်းခဲ့ကြ၏။ ထိပ်ထား၏အလိုဆန္ဒကို အသက်ကိုပင်ပမာဏမထားဘဲ ဖြည့်ဆွမ်းခဲ့ကြ၏။ ဘေးအပေါင်း၊ ရန်အပေါင်းမှ အသက်ကို အသေခံ၍ စောင့်ရှောက်ကာကွယ်ခဲ့၏။ ထိုနည်းတူစွာ လှံ့တည်းဟူသော 'ထိပ်ထား' ကလေးသည် ဂျော့တည်းဟူသော 'ရဲဇာနည်' ကိုရရှိ၍ အလွန်အကြူးအကူးပင်ပျော်မွေ့နှစ်သိမ့်နေ၏။ လူကြားထဲမှာ ဤသို့တွဲ၍ဂုဏ်ယူရခြင်းသည် မိန်းမမာနကို လိုက်လျောဖြေဖျော်ရာကျသဖြင့်လည်း အားရဝမ်းသာဖြစ်နေတော့သတည်း။

ဂျော့နှင့် လှံ့တို့သည် ဟော်တယ်အပြင်သို့ရောက်မှ လေကောင်းလေသန့်ကို ရှူရှိုက်၍ အသက်ရှူချောင်သွားကြ၏။ အေးမြလန်းဆန်းသော ညလေကလေး ဖြန်းလိုက်သဖြင့် ညီးစော်နံကာ ညီးစိစိဖြစ်နေသောကိုယ်ကာယသည် လန်းဆန်းဖြတ်လတ်လာတော့၏။ ဂျော့က စိတ်သက်သာရာရတော့သည့် အနေနှင့်၊

'ဘုရား.... အခုမှပဲ အေးတော့တယ်'

ဂျော့နှင့် လှံ့တို့သည် သူတို့နေထိုင်ရာ 'ရှူးယီပစ်' လမ်းသို့ စကားမပြောပဲ လျှောက်လှမ်းကြ၏။ လှံ့သည် ဂျော့၏ စိတ်တွင်းရေးကိုသိ၏။ ခပ်ငယ်ငယ်ကတည်းက ယောကျ်ားများနှင့်အတွေ့အကြုံရှိခဲ့ဖူး၍လော၊ သို့တည်းမဟုတ် မိန်းမတို့၏ သဘာဝနဂိုကပင် သိတတ်သောဗီဇဉာဏ်ကလေးပင် ပါလာ၍လော၊ မပြောတတ်ပေ။ လှံ့သည် ဂျော့ စိတ်မချမ်းမြေ့မှန်းသိသည်။ သူသည် ဂျော့ဘေးနားက စကားမပြောဘဲ လျှောက်လိုက်လာ၏။ ဆုံးမ, မနိုင်၊ ဆိုနိုင်ခက်ခဲမကလေးဘဝမှ အလိမ္မာမကလေးအဖြစ်သို့ ကူးပြောင်းကာ ဂျော့၏ ယောကျ်ားပီသသော ခပ်ဆောင့်ဆောင့်နင်းသော ဖိနပ်သံနှင့် ရှေ့ဆင့်နောက်လိုက်၊ မိမိ၏ နူးညံ့ပျော့ပျောင်း၍ အလိုလိုက်သည့် အနေမျိုးကိုပြသောဖိနပ်သံ။ အဟင်းအဓမ္မပြု၍တိုးနေသော ဘာလ်ဘဖွန်းဟော်တယ်လူစုထဲမှ လှံ့၏လက်ကိုဆွဲ၍ ခေါ်လာစဉ်က ဒေါသထွက်သည့်အရိပ်အရောင်တို့သည် မျက်လုံးမှ ထွက်ပေါ်စေခဲ့၏။ ထိုအကြောင်းကို လှံ့သိ၍လည်း အေးဆေးလိမ္မာသောအသွင်ကို ဆောင်လျက် လိုက်လာပေ၏။

အိမ်သို့ ရောက်သောအခါ ဂျော့က လှေခါးတံခါးကိုပြန်၍ပိတ်နေစဉ်၊ လှံ့သည် မရဲတရဲနှင့် ဂျော့၏ လက်မောင်းကိုကိုင်ကာ အသံလေးလေးကလေးနှင့်



Scanned by CamScanner

'ဂျော့… လျံကို စိတ်ဆိုးသလား'

ဂျော့သည် တံခါးမှလှည့်ကြည့်လိုက်ရာ မီးမထွန်းရသေးသဖြင့် မှောင်နေသော်လည်း လမ်းမီးရောင်များ အတန်းလိုက်ထိုးနေရာ မီးတန်းတစ်တန်းမှာ လျံ၏ မျက်နှာကို ဖြတ်၍သွားသဖြင့် မျက်နှာနေမျက်နှာထားကိုမြင်ရ၏။ အပြစ်လုပ်မိသော ကလေးငယ်သည် မိခင်ကရိုက်မည်စိုးသဖြင့် မျက်နှာငယ်ကလေးနှင့် မိခင်ရှေ့တွင်ရပ်နေသကဲ့သို့ လျံသည်လည်း ဝမ်းနည်းသောအရောင်သန်းလျက်ရှိသည့်မျက်နှာကလေး အောက်သို့စိုက်ကာနေသည်ကိုတွေ့လိုက်ရသော ဂျော့သည် အကျေနပ်ကြီး ကျေနပ်သွားကာ 'ငါသူ့ကိုတော့ ပိုင်ပြီ' ဟု စိတ်တွင်း၌ရေရွတ်မိ၏။ ဂျော့ ညှိုးသန်းတွေဝေနေခဲ့သောမျက်နှာသည် လန်းရောင်ပြုကာ လက်နှစ်ဘက်တို့သည် လျံ၏ ပခုံးနှစ်ဘက်ပေါ်သို့ ရောက်သွားပြီးသည့် အခြားမဲ့၌ လျံသည် ဂျော့၏ ရင်ခွင်ထဲသို့ ကြည်ဖြူစွာရောက်သွားလေ၏။

'ဟာ… ငါမေ့နေတယ်ဟော့၊ မင်းကိုငါ ချီခေါ်ရမှာပါကလား'

ဟု ပြောကာ လျံကိုပွေ့ချီ၍ လှေခါးသို့ တက်သွားလေ၏။

အိမ်စောင့် အမယ်ကြီးသည် လှေခါး တံခါးကို ဖွင့်ပေး၏။ ချစ်သူနှစ်ဦး၏ အမူအယာကို ပြုံးကြောင်ကြောင်ကြည့်နေမိကာ၊ နှုတ်ခမ်းကြီးကိုရွဲ့ကာ ပခုံးကိုလှုပ်ပြီးလျှင် တံခါးကိုပြန်ပိတ်ပြီးနောက် အိပ်ရာသို့ဝင်လေသတည်း။

• • •

## အခန်း [ ၆ ]

ကျော့သည် လှုံအား ယုယစွာပွေ့ခေါ်၍ အိပ်ရာပေါ်သို့ ကြင်ကြင်နာနာ သိပ်ပေးသော အချိန်သည်ကား နာရီပြန် တစ်ချက်ကျော်လေပြီ၊ ထိုအချိန်မှသည် မိုးလင်းခါနီး ဝေလီဝေလင်း အချိန်အထိ သူတို့ နှစ်ဦးတို့ အချစ်ကြူးကြသောအချိန်ဖြစ်ပေ၏။ ကမ္ဘာလောကကြီးသည် ချစ်သူနှစ်ဦးအား လုံးဝလွတ်လပ်ခွင့်ပေးကာ စိတ်ချလက်ချ အိပ်မောကျနေ၏။ သူတို့ နှစ်ယောက်သည်လည်း တစ်ယောက်ကိုတစ်ယောက် ယုယပိုက်ထွေး၍ အချစ်ပန်းမွှေ့ရာဝယ် တူစုံစံပျော်နေကြ၏။ မဆုံးနိုင်သောအချစ်တို့၏ စကားကို နှပြောကာ တစ်ခါတစ်ရံ အခန်းထဲရှိယူစရာရှိသည်များကိုထ၍ယူ၏။ တစ်ခါတစ်ရံ ငြိမ်သက်၍နေကြ၏။ လှုံသည်လည်း တပင်တပန်းကခဲ့ရ၍ အတော်မောပန်းလာရာ ကျော့၏မျက်နှာကို ကြည့်ရင်း ပက်လက်လှန်ကာ ကိုယ်ပစ်လက်ပစ်အိပ်နေရသော စည်းစိမ်သည် အမောကိုရှုတ်ချည်း ပြေစေရုံမျှမက၊ အဘိုးမဖြတ်နိုင်သော လောကအရသာကို ခံစားနေလေ၏။

ကျော့သည်ထ၍ လက်ဖက်ရည်အိုးကြို၏။ လက်ဖက်ရည်အိုးသည် မီးဖိုပေါ်မှ

နေ၍ ချစ်သူတို့ အား ဩဘာပေးနေသည့်အသွင် တကြိုက်ကြိုက်ဆူနေစဉ် ဂျော့သည် စက္ကူထုပ်တစ်ထုပ်ကို ယူလာ၍ လျှံအားပေးလေ၏။

လျှံသည် အိပ်ရာမှ အနည်းငယ် စောင်းပြီးလျှင် 'ဘာလဲ' ဟု မေးလေ၏။

စက္ကူထုပ်ကလေးသည် ခပ်ပြားပြားကလေးဖြစ်၍ လျှံအတို့ အတော်ထူးဆန်းနေ၏။ သိလိုဇော အတန်ငယ်ပြင်းပြလာဟန်ရှိသော လျှံ၏ မှေးနေသောမျက်လုံးများသည် ပြူးကျယ်လာ၏။ ဂျော့သည် သူ့အိပ်ရာဘေး၌ရပ်ကာ အထုပ်ကလေးကို သူ၏လှမ်းနေသောလက်ထဲထည့်ကာ 'ဖွင့်ကြည့်လေ' ဟု ပြော၏။

လျှံသည် ဂျော့ပေးသော ပိုးဂါဝန်ကို သဘောအကျကြီးကျနေရှာ၏။ သူသည် အဝတ်ကောင်း အစားကောင်းကိုမဝတ်နိုင်၍နေရခြင်းသည် အဝတ်အစားမွဲနှင့် နေရခြင်းထက် ဂုဏ်တက်ပါသေးသည်။

ပိုးဂါဝန်ကို အရိပ်တကြည့်ကြည့်နှင့် ပီတိကြီးစွာဖြစ်နေသော လျှံသည် ဂျော့အား ဂါဝန်ပေးသည့်အတွက် ကျေးဇူးဆပ်သည့်အနေနှင့် ချိုမြိန်သော 'မွေးခြင်း' ကို ဘဝင်အေးဖွယ် ချစ်စကားများနှင့် ရောနှောကာပေးနေ၏။ ပိုးသားနှင့် သူ၏အသားထိရသည်မှာ အလွန်ထူးကဲသောအရသာဖြစ်ပေ၏။

အိပ်ရာထဲတွင် နှစ်ယောက်သား အချစ်ပင်လယ်ကြောဝယ် မျောပါနေကြရာမှ လျှံသည် ရုတ်တရက်ထ၍ ဂျော့အား

'လက်ဖက်ရည်အိုး ဆူနေပြီ၊ ကော်ဖီဖျော်မယ်မဟုတ်လား' ဟု သတိပေး၏။ သူသည် ဂျော့ပေးသော ဂါဝန်ကိုဖြန့်ကာ

'မောင်ကာဖီဖျော်နေတုန်း လျှံ ဂါဝန်ဝတ်ပြမယ်နော်'

ဟုပြောကာ ဂါဝန်ကိုဝတ်၏။

လျှံသည် ဂါဝန်ကို ကပိုကရိုဝတ်ပြကာ၊ ဂျော့နှင့် အတူယှဉ်တွဲနေစဉ်ပင် သူ၏ လက်ဝဲလက်သူကြွယ်ကလေးကို ကွင်းကလေးတစ်ခုစွတ်ပေးသည်ကို သိလိုက်ရ၏။ နှစ်ယောက်သားသည် တိတ်ဆိတ်သောညကို ရှိသေသည့်အလား စကားမပြောပဲနေကြရာ ဂျော့သည် ထိုပွင်းကလေးကို စွတ်ပေးပြီး လက်ကလေးကို ကိုင်ထား၏။

လျှံသည် လက်ကလေးကို စောင်ထဲမှ အသာ ဆွဲထုတ်၍ လမ်းမီးရောင် ခပ်


Scanned by CamScanner

မေးမေးတွင် ကြည့်လိုက်၏။ လက်တွင်စွပ်ထားသောကွင်းကလေးကား လက်စွပ်ဟု သိငြားသော်လည်း မသိလေဟန်ဆောင်၍…

'ဒါ ဘာလဲ'

'လက်စွပ်လေ'

'သြော်…ဟုတ်သားပဲ'

'မောင် ဒီနေ့ ဝယ်လာတယ်ကွဲ့'

'ဘာဖြစ်လို့ ဝယ်လာသလဲ မောင်…'

'ဂါဝန် ဝယ်တုန်းက ဝယ်လာတာလေ'

'ဘာဖြစ်လို့ ဝယ်ခဲ့ရသလဲ ဆိုနေ'

'အို– မောင်၊ မင်းကို ဝတ်ပေးဖို့ပေါ့၊ မင်းတစ်သက်လုံး ဝတ်ထားရအောင်ပေါ့'

'တစ်သက်လုံး ဝတ်ဖို့ '

လျှံသည် သူ၏ပြူးကျယ်၍ အစိမ့်ပွာယ်ပါလှသော မျက်လုံးကြီးများကို လှန်၍ ဂျော့အား ကြည့်ကာ မေး၏။

'အင်းပေါ့'

'လျှံ ဘာလို့ တစ်သက်လုံး ဝတ်ထားရမှာလဲ မောင်ရဲ့'

'ဘာလို့လဲ ဆိုတော့ မောင်နဲ့ လျှံ ရာသက်ပန် ချစ်ကြမလို့ပေါ့၊ မင်္ဂလာဆောင် ကြမလို့လေ'

ဂျော့သည် 'မင်္ဂလာဆောင်' စကားကို ပြောပင်ပြောရသော်လည်း ယုံကြည်လှသူ မဟုတ်ချေ။ သူတို့ နှစ်ယောက်သည် ဤသို့ပင်လျှင် အကြင်လင်နှင့်မယား နေထိုင်သွားနိုင်၏။ လျှံသည် လက်စွပ်ကို စိုက်ကြည့်နေ၏။ ဂျော့သည် လျှံအား ရင်တထိတ်ထိတ်နှင့် ကြည့်နေ၏။ နောက်ဆုံး၌ လျှံသည် လက်စွပ်ကို အသာအယာ ချွတ်လိုက်သောအခါ ဂျော့သည် လက်စွပ်မှာအဖိုးမတန်၍ လျှံ မလိုချင်သောကြောင့်ပေလောဟု တွေးတောမိ၏။ လျှံမျက်နှာကို ကြည့်သောအခါ မျက်လုံးများတွင် မျက်ရည်ပေါက်ကြီးများ ရှိနေသည်ကိုမြင်ရသော် ဂျော့၏ စိတ်ထဲတွင် 'ထင့်ကနဲ' ဖြစ်သွားကာ 'ငါတော့ သူ့ကို တစ်သက်လုံး ပိုင်တော့မှာမဟုတ်ပါဘူး' ဟု တွေးတောမိလေ၏။



Scanned by CamScanner

အချို့မိန်းမများသည် ငြင်းသော်လည်း အဟုတ်တကယ် ငြင်းခြင်းမဟုတ်၊ ယောကျ်ားများက နောက်ထပ်၍ တောင်းပန်စေချင်သောကြောင့် ဖြစ်၏။ သို့သော် လျံ၏ အမူအယာကား ဤသို့မူသော ငြင်းချက်မဟုတ်နိုင်ကြောင်း ဂျော့သိ၏။

လျံသည် ချုတ်ပြီးသော လက်စွပ်ကို ဂျော့လက်တွင် ဝတ်ပေးမည်ပြုသော်လည်း ဂျော့သည် လက်ကို ဖြန့်မပေးချေ၊ လက်စွပ်သည်လည်း အိပ်ရာဘေးသို့ ကျသွားလေ၏။

လျံသည် အလွမ်းမင်းသမီးမျိုး မဟုတ်ခြားသော်လည်း စကားမပြောနိုင်လောက်အောင် ရင်တွင်းတွင်ပြည့်ကြပ်နေဟန်ရှိကာ၊ ခေါင်းကိုသာ ဖြေးညှင်းစွာခါပြ၏။ နောက်ဆုံး၌

'မကောင်းပါဘူး မောင်ရယ်၊ မင်္ဂလာဆောင်တယ်ဆိုတာ မကောင်းပါဘူးရှင်၊ ကျွန်မ သိပါတယ် ကျွန်မလည်း စမ်းကြည့်ဘူးပါပြီ မကောင်းပါဘူး၊ ယုံပါတော့'

လျံသည် ဆက်လက်၍မပြောတော့ပဲ ခေါင်းကိုသာအတွင်ခါနေလေ၏။ နောက်အတန်ကြာမှ အိပ်ရာပေါ်တွင်ထိုင်ကာ ဒူးကလေးတစ်ဘက်ကိုထောင်၍ မေးတင်လျက်သူ့အကြောင်းကို အကျဉ်းမျှပြောပြလေ၏။

'ကျွန်မ ဘာတေးဗီးယားမြို့ မယ်သီလရင်ကျောင်းကထွက်ပြေးလာခဲ့တယ်။ ကျွန်မနဲ့ လိုက်ပြေးတဲ့ဘုန်းကြီးက ဘုန်းကြီးအဖြစ်ကစွန့်ထွက်လာခဲ့တယ်၊ နောက်တော့ ကျွန်မကို စွန့်သွားတာပဲ၊ ယောကျ်ားဆိုတော့ လွယ်တာပေါ့လေ၊ သူဘယ်ပျောက်သွားမှန်းမသိဘူးရှင့် ''လောကကြီးက ကျယ်ဝန်းသားကို၊ မိန်းမများဟာ သူတို့ကိုဖျက်စီးတဲ့ယောကျ်ားတွေကို ဘယ်ရှာတွေ့နိုင်မလဲ။ ဒါနဲ့ ကျွန်မ အိမ်ပြန်သွားတယ် အိမ်ကျတော့အမေက ရိုက်တာပေါ့၊ ဘာဘဲဖြစ်ဖြစ် မိန်းမကိုသာ အပြစ်တင်ကြရိုက်ကြတာပဲလေ၊ ရှင်သိမှာပေါ့''

လျံသည်သူ့ မျက်နှာပေါ်သို့ ကျလာသော ဆံပင်များကို ဖယ်ရှားပြီးနောက် ဆက်လက်ပြော၏။

ကျွန်မအဖေ အိန္ဒိယကိုထွက်သွားတော့ ကျွန်မအမေက ကျွန်မကို ပုဏ္ဏမအကထဲထည့်လိုက်တယ်။ တင်ဂိုမြို့မှာပေါ့။ ကျွန်မလဲ အကသင်တာပေါ့၊ အကတင်သာမဟုတ်ပါဘူးမောင်ရယ် တခြားဟာတွေလဲသင်တာပေါ့၊ မောင်သိမှာပါပဲ။

ဂျော့သည် လျှံ၏ လှပသော ရုပ်ပါရုံကို ကြည့်မောနေမိ၏။ သူပြောသော အကြောင်းအရာများကား လိုရင်းကိုမရောက်သေးချေ။ သို့သော် သူပြောချင်တာကို ပြောရမှ ကျေနပ်ပေမည်။ သူ့မျက်လုံးကြီးနှစ်လုံးသည် ပြူးကျယ်ကြည်လင်နေ၏။ အတန်ငယ် ဝေးကွာသော အတိတ်ကာလကို ပြန်ပြောင်းကြည့်နေဟန်ရှိ၏။

'လျှံလဲပဲ တမီလ်ဘုန်းကြီးကျောင်းမှာ အစေအပါးဖြစ်နေတယ်။ ပုဏ္ဏမ ကချေသည်တို့ နေရထိုင်ရပုံကို မောင်သိမှာပေါ့၊ ဘုရားရုပ်ထုကို သားမြီးယပ်နဲ့ ယပ်ပေးရတယ်။ ကွန်ဗာတီလို့ခေါ်တဲ့ ဆီမီးတိုင်ကိုကိုင်ရတယ်၊ လျှံတို့တတွေဟာ ဘုန်းကြီးတွေပိုင်တဲ့ ပစ္စည်းတွေပေါ့၊ ဘုန်းကြီးတွေ အကြောင်းတော့ မောင်အသိသားပဲလေ၊ လျှံတို့လိုပုဏ္ဏမ ကချေသည်တစ်ရာလောက်ရှိတယ်။ လျှံဖြင့်လေ ဒီကုလားဘုန်းကြီးတွေရဲ့ ညစ်ညစ်ပတ်ပတ် ကိုယ်ကာယတွေကိုအထိခံချင်သေးတယ်၊ လျှံကိုဖျက်စီးတဲ့ ပြင်သစ်ဘုန်းကြီးရဲ့ ကိုယ်ကာယကို မတွေ့ချင်ဘူးရှင့်'

'ကျွန်မလဲ ကြာကြာမနေတော့ပါဘူး၊ ဒီဘုန်းကြီးတွေက မိန်းမတွေကို ယင်ကောင် ကလေးသတ်သလို သတ်နေကြတာပဲ၊ သူတို့ရဲ့ ကလေးတွေကိုလဲ မွေးပေးရတယ်၊ သူတို့ မလိုရင်သတ်ပစ်ကြတာချည်းပဲ၊ ကျွန်မတော့ သူတို့နဲ့တော့ ကလေးမမွေးချင်ပါဘူး။ သေလည်းမသေချင်ပါဘူး။ ဒီအတောအတွင်းမှာ အင်္ဂလိပ်စစ်သားတစ်ယောက်နဲ့တွေ့တယ်၊ အိန္ဒိယပြည်မှာနေကြတဲ့ အင်္ဂလိပ်စစ်သားတွေအကြောင်း မောင်လည်းသိမှာပေါ့၊ အဲဒီစစ်သားက လျှံကိုမျက်စိကျပြီးခေါ်သွားတယ်၊ လျှံလဲ သူနဲ့ အတူလိုက်သွားတာပေါ့၊ သူကမွေးတယ်တော့၊ သန့်ရှင်းတယ်၊ သူ့ကိုယ်နံ့က ဆပ်ပြာစော်မွေးနေတာပဲ၊ တမီလ်ဘုန်း ကြီးတွေလို ညစ်ညစ်ပတ်ပတ် မဟုတ်ဘူး၊ ဒါနဲ့ ကျွန်မတို့ မင်္ဂလာဆောင်ပြီး လင်ရယ်မယားရယ်လို့ တင့်တင့်တယ်တယ်နေကြတာပေါ့၊ ကလေးနှစ်ယောက်ရတယ်၊ ပထမကလေးကယောကျ်ားလေး၊ ကျွန်မတို့လဲ ကျကျနနကြီး နေနိုင်ကြတယ်'

'မောင်က ဩဘိရာကလေးဟာ ပြင်သစ်ဘုန်းကြီးနဲ့ရတဲ့ ကလေးလို့ အောက်မေ့နေတယ်မဟုတ်လား၊ မဟုတ်ဘူးရှင့်၊ ဒီလိုလူစားမျိုးရဲ့ မျိုးစေ့ ကျန်ရစ်ခဲ့ဖို့ ကောင်းတာမှ မဟုတ်တဲ့၊ ဩဘိရာဟာ ကျွန်မယောကျ်ား စစ်သားနဲ့ မွေးတာ၊ သူတို့ ကျွန်မသားကလေး

ကိုသတ်ပစ်လိုက်ကြတယ်။ သူတို့ဆိုတာ အခြားမဟုတ်ဘူး အိမ်မှာ ခိုင်းထားတဲ့အ ကောင် အဆိပ်ကျွေးသတ်လိုက်ကြတယ်'

'ပြီးတော့ ကျွန်မယောကျ်ား စစ်သားကလဲ အတော်အကြင်နာနည်းပါတယ်၊ ကျွန်မကို ချစ်တာမဟုတ်ပါဘူး သူ့နောက်ပိတ်ဖိနပ်ကြီး တကျွိကျွိနဲ့ အိမ်ပေါ်တက်လိုက် အောက်ဆင်းလိုက်နဲ့ပေါ့ သူ့ဖိနပ်သံကို လျှံဖြင့် ရွံမုန်းကြီးပဲလေ၊ တစ်နေ့တော့ လျှံလည်း သြော်ရာကလေးကိုပိုက်ပြီးထွက်ပြေးတာပေါ့၊ မပြေးခင် လျှံသားကလေးကိုသတ်ခဲ့တဲ့ အစေခံကိုသတ်ပစ်ခဲ့တယ်၊ ဒါနဲ့လျှံတို့လဲ ကုန်းတတန်၊ ရေတတန်ဆိုသလို ထွက်ပြေး ကြတော့ ပွန်ဒီချာရီဆိုတဲ့မြို့ကိုရောက်တယ်၊ အဲဒီမြို့ကနေပြီး ပြင်သစ်ပြည် မာဆေးလ် မြို့ကိုရောက်လာတယ်။ မာဆေးလ်က ဒီကိုရောက်တာတော့ မောင်အသိပဲလေ ဟော် တယ်ပိုင်ရှင် ပေါ်ရီးလ်ခေါ်လာလို့ပေါ့'

လျှံသည် ထိုသို့ပြောပြီးနောက် လေသံပြောင်းကာ ကြင်နာသောလေသံနှင့်

'ပြီးတော့လေ မောင့်ရင်ခွင်ထဲ ရောက်တာပေါ့' ဟု ပြောပြီးလျှင် လျှံသည် ဂျော့၏ ရင်ခွင်ထဲသို့ တိုးဝင်နေ၏။ ဂျော့သည် စိတ်ထဲ၌ မတင်မကျကြီးဖြစ်ကာ၊

'ဘာဖြစ်လို့ မင်္ဂလာမဆောင်နိုင်ရမှာလဲလျှံရယ်၊ မောင်ဟာ အင်္ဂလိပ်စစ်သား လိုမှမဟုတ်ပဲ၊ မောင် လျှံကို တစ်သက်လုံးချစ်မှာပေါ့ ကြင်နာမှာပေါ့'

လျှံသည် ဂျော့၏ ရင်အုပ်ကြီးကို ခေါင်းမှီ၍ လေသံကလေးနှင့်ပြော၏။

'မောင်တို့ ယောကျ်ားတွေဟာ အတူတူကြီးပါပဲ။ မိန်းမတွေကသာ နာတာ ချည်းပဲ။ မောင်တို့ယောကျ်ားများက မိန်းမများကို လာခဲ့စမ်းလို့ခေါ်တယ်၊ လာတော့ မောင်တို့ သဘောရှိပဲ၊ အလိုပြည့်တော့ မိန်းမတွေကို ကန်လိုက်တာပဲ၊ လျှံအရင်ကလို မမိုက်ချင်တော့ပါဘူး မောင်ရယ်'

ဂျော့သည် စိတ်ပျက်သော အမူအယာနှင့် ခေါင်းကို တစ်ဘက်သို့ ဖြေးညှင်း စွာ လှည့်လိုက်၏။ လမ်းမီးများလည်းငြိမ်းလေပြီ။ မိုးသောက်ရောင်တို့လည်း လမ်းမီးတို့ ၏ဝတ္တရားကို လက်ခံကြလေပြီ။

● ● ●

# အခန်း [ ၇ ]

လျှံသည် ဘားလ်ဘဖွန် ဟော်တယ်၌ ရက်သတ္တပတ် ၂ပတ် ကပြရန် ကံထရိုက်ယူ ထားပြီဖြစ်၏။ ဂျော့သည်လည်း ခါတိုင်းကဲ့သို့ လျှံအား ကပွဲပြီးတိုင်း သွား၍ ခေါ်လာ လေ့ ရှိ၏။ ဂျော့သည် လျှံကို လက်ဝယ်ရရှိကထဲကပင် အလုပ်ကို ကောင်းစွာမလုပ်ချင်၊ ရှိသမျှဆွဲပြီးသားပုံကလေးများကို ဈေးရသလောက်နှင့်ရောင်းကာနေ၏။ ကားများကို နောက်ထပ်ဆွဲချင်စိတ်မရှိချေ။ လျှံ၏ အချစ်ကွန်ယက်တွင်သာ လူးလိမ့် ပျော်မြူး နေလေသည်။ ကားများကုန်သောအခါ အဝတ်အစားများကို တဖြည်းဖြည်း ရောင်းစား၊ ပေါင်နှံကာ၊ ငွေကို အလွယ်နှင့်သုံးနေ၏။

လျှံသည် တစ်ခါတစ်ခါ ဂျော့ကို ကြည့်ပြီးလျှင်

'ဘယ်နှယ်လဲ မောင်၊ လျှံ မောင်နဲ့ အတူနေမယ်ဆိုရင် အလုပ်ကို ပိုပြီးလုပ် မယ်ဆို၊ အခုတော့ အလုပ်လဲမလုပ်ပါလား၊ ပိုက်ဆံဘယ်ကရမှာလဲ မောင်ရဲ့' ဟု မေး လိုက်လျှင် ဂျော့ကပြုံး၍ ခပ်လွယ်လွယ်ဖြေလေ့ရှိ၏။ 'ပိုက်ဆံအတွက်မပူပါနဲ့ လျှံရယ်၊ မောင့်မိဘများက ပိုက်ဆံပို့တယ်ဗျ'



Scanned by CamScanner

'ကောင်းသားပဲ ဒီလိုဆိုလျှင်၊ အိမ်ကပိုက်ဆံပို့တယ်ဆိုတော့ ရယ်စရာပေါ့၊ အို…မှားလို့ မှားလို့။ ရယ်စရာ မဟုတ်ပါဘူးလေ၊ ကောင်းတာပေါ့လို့ ပြောမလို့ဟာ'

စင်စစ်ကား လျံ့အဖို့တွင် မိဘများကငွေပို့တယ်ဆိုသည်မှာ ရယ်စရာ တမျိုးပင် ဖြစ်နေသည်။ သူ၌ ငွေပို့မည့် မိဘမဆိုထားဘိဦး မိဘပင်လျှင်မရှိတော့ချေ။

ဂျော့သည်လည်း ရှိသမျှကိုပေါင်နှံပြီး လျံ့အားပျော်လေအောင် ဟော်တယ်တွင်ခေါ်ကာ ထမင်းစားစေ၏။ ပျော်ပျော်ပါးပါး ပွဲကြည့်စေ၏။ သို့နှင့် လျံ့၏ စိတ်ကိုပြောင်းနိုင်ကောင်းရဲ့ဟု အောက်မေ့ရှာသည်။ တစ်ခါတစ်ရံ လျံ့၏ ကြင်နာပုံကိုထောက်သော်၊ သူ့ဘက်သို့ ပါကောင်းရဲ့ဟု အောက်မေ့မိသော်လည်း မင်္ဂလာဆောင်ရန် စကားကိုကား နောက်ထပ်မပြောရက်တော့ချေ။

လျံ့သည် ဘားလ်ဘဖွန်း ဟော်တယ်သို့ သွား၍ကစဉ် ဂျော့သည် ရေးကကဲ့သို့ ထိုင်၍ကြည့်နေရန်မလိုတော့ချေ။ ဂျော့ကို ဟော်တယ်ခန်းထဲသို့ လည်း ယခင်ကကဲ့သို့ မခေါ်တော့ချေ။ ကပွဲပြီးလျှင် အပေါက်ဝကစောင့်နေလျှင် ကျေနပ်တော့၏။ အိမ်သို့ ရောက်သောအခါ လေ့ခါးရင်းတံခါးဖွင့်ပြီးနောက် ရေးကကဲ့သို့ လျံ့က 'ကျွန်မကိုချီနော်' ဟု ပြောလေ့ရှိသေး၏။

သို့သော် ဂျော့သည် စိတ်အနာကြီးနာနေဟန်ရှိ၏။ အချိုခိုင်းသည်ကို မချီတော့ဘဲ၊

'လျံ့ မင်း အခု ငါ့ကို ချီခိုင်းမှာမဟုတ်ပါဘူးကွာ' ဟု ရယ်မောပြောဆိုလေသည်။

တစ်ညဉ့်ကား ဂျော့သည် အချိန်တန်၍ ဟော်တယ်ရှေ့တွင်စောင့်နေသော်လည်း လျံ့ထွက်မလာသဖြင့် နာရီဝက်မျှစောင့်သော်လည်း မပေါ်လာမှ အထဲသို့ ဝင်ကာ တံခါးပေါက်ဝရှိ စားပွဲထိုးကိုမေး၏။

'လျံ့ဆောန်ရယ် မလာဘူးခင်ဗျာ' ဟုပြန်ဖြေသံကြားရသော် အတော်ပင် ထိတ်လန့် စိုးရိမ်မိ၏။

ဟော်တယ်တွင်းရှိ လူစုကြီးကို လှမ်းကြည့်လိုက်သော်လည်း လျံ့ကို အစအန မျှ မတွေ့ရတော့ချေ။ အဝေးက ကြည့်၍ မကျေနပ်သေးရကား နှစ်ယောက်တွဲ ကနေကြသော စုံတွဲများကိုတိုက်၏ အတွင်းသို့ဝင်ကာ စားပွဲတိုင်းကိုလိုက်ကြည့်၏။ ချောင်

တစ်ချောင်ရှိ စားပွဲငယ်ကလေး တစ်ခုတွင် လျှံကို တွေ့ရ၏။ လျှံသည် လူတစ်ယောက်နှင့် ထိုင်၍ စကားပြောနေ၏။

ဂျော့သည် လျှံရှိရာ စားပွဲသို့ သွားလိုသော်လည်း စုံတွဲကနေသူတို့မှာ ဟိုဘက်ရွှေ့လိုက်၊ သည်ဘက်ရွှေ့လိုက်နှင့် တီးလုံးအတိုင်း အကွက်နင်းနေကြသဖြင့် တိုးဝှေ့၍ မသွားနိုင်တော့ချေ။ ဂျော့သည် လျှံနှင့်ထိုင်နေသူပြောသောစကားကို အသေအချာ နားစိုက်၍ နားထောင်လျှင် ကြားရပေမည်။ သို့သော် ယခုကားမကြားရချေ။ ထိုသူ၏မျက်နှာကိုကြည့်ရသည်မှာ ဂျော့အတွက် အထူးစိုးရိမ်မကင်း ဖြစ်စရာပင်။

ဂျော့သည် ဘားလ်ဘဖွန်း ဟော်တယ်သို့ ရောက်ဖူးသူ မဟုတ်ချေ။ ယခုလျှံနှင့်လက်ဆုံကျနေသူကိုတစ်ခါမျှမမြင်ဘူး သူ့ကိုကြည့်ရခြင်းဖြင့် ပြင်သစ်လူမျိုးမဟုတ်ကြောင်းသိရ၏။ သူ့အမူအယာကား ဤအောက်တန်းစား ဟော်တယ်သို့ လာရောက်စားသောက်လေ့ရှိသူမျိုးမဟုတ်ကြောင်းပြလျက်ရှိ၏။

ဂျော့သည် ကနေသူများသာမရှိလျှင် လျှံ၏ပခုံးကို လှမ်းပုတ်နိုင်လောက်အောင် နီးကပ်လာပြီးဖြစ်ရာ လျှံနှင့်သူစိမ်းတို့ ပြောနေကြသောစကားများကိုကြားနိုင်သည်။

သူစိမ်းကလှမ်း၍ 'ခင်ဗျား ပြင်သစ်သူ လုံးလုံးကြီး မဟုတ်ဘူး ဆိုပါတော့'

'မဟုတ်ဘူးရှင့်'

'ပြင်သစ်ပြည်ကိုကော လိုလားရဲ့လား'

လျှံသည် အနီးအနားကိုငဲ့စောင်းကာ ကြည့်ပြီးလျှင် ပြန်ပြောလိုက်၏။ ဂျော့ မကြားလိုက်ရချေ။

'ကျုပ်တော့ ဘယ်တိုင်းပြည်ကို ကြိုက်တယ် လိုလားတယ်၊ ဘယ်တိုင်းပြည်ကိုတော့ မလိုလားဘူးဆိုတာမပြောရဲဘူးဗျ၊ ဘယ်တိုင်းပြည်ရောက်ရင် ဘယ်လိုပြောရမယ်ဆိုတာတော့ ချင့်ချိန်သေးတယ်'

'ကျွန်မတော့ ပြောရမှာဝန်မလေးပါဘူး။ ဖွင့်ပြောလိုက်တာပဲ'

'ဒီလိုလဲ မလုပ်နဲ့လေ'

'ဘာဖြစ်လို့လဲရှင့်'

'ဟာ၊ အခုအခါခေတ်ကြီးဆိုးပါဘိနဲ့။ တိုင်းရေးပြည်ရေးက မငြိမ်သက်လှဘူးဗျ'



Scanned by CamScanner

ဂျော့သည် သူစိမ်း၏ ပြောပုံဆိုပုံနှင့် လေသံကို ကြားရသဖြင့် ထိုသူသည် ဂျာမန်တစ်ယောက် ဖြစ်ကြောင်း အသေအချာ သိလေ၏။ ပြင်သစ်ပြည်၌ ထိုစဉ်အခါက ဂျာမန်များ အများအပြားရှိလေသည်။ ဂျော့သည် အိုင်းရစ်လူမျိုးဖြစ်၏။ ပြင်သစ်လူမျိုး မဟုတ်ချေ။ အကယ်၍သာ သူသည် ပြင်သစ်လူမျိုးဖြစ်ပါမူ လျှံ ဤကဲ့သို့ သူစိမ်းတစ်ယောက်နှင့် စကားလက်ဆုံကျနေသည်ကို မြင်လျှင် ဒေါသအမျက်ချောင်းချောင်းထွက်ချေမည်။

လူအတန်ငယ်စဲသွားသဖြင့် ဂျော့သည် လျှံ၏ ဘေးနားသို့ ရောက်သွားလေသည်။ လျှံ၏ ပခုံးကို ပုတ်လိုက်သည်။

'မောင်အပြင်ဘက်က စောင့်နေတာ အတော်ကြာပြီ လျှံရဲ့'

'လျှံလဲ အခုပဲလာမလို့'

'ကဲ၊ ထလေသွားရအောင်'

'နေပါဦး၊ ခဏလေး၊ ဟောဒီ မိတ်ဆွေနဲ့ မောင့်ကိုအသိဖွဲ့ပေးရဦးမယ်'

ဟု ပြောကာ၊ ဟောဒီကဂျော့ထိမ်ဆူးရီးယား၊ ဟောဒါကဟာ ဖွန်ကလိမ်ကဒ်' ဟု မိတ်ဖွဲ့ပေး၏။ ဂျာမန်သည် ဂျော့ကို လှမ်း၍ပြုံးလိုက်၏။

'မိတ်ဆွေ ပဲရစ်မြို့သားပဲနော်'

'မဟုတ်ပါဘူးခင်ဗျာ'

'ဩော်… ဒါဖြင့် ပြင်သစ်ပြည် ဘယ်အပိုင်းကလဲ'

'ကျွန်တော် ပြင်သစ်မဟုတ်ပါဘူး၊ အင်္ဂလိပ်ပါ'

ဟာဖွန်သည် အင်္ဂလိပ်ဖြစ်ကြောင်းသိရသော် မျက်စိအနည်းငယ်ပြူးသွားပြီးနောက် ပြန်၍ နဂိုနေအတိုင်းဖြစ်စေကာ၊ ခေါင်းကို ငုံ၍ အရိုအသေပြုလေ၏။

'မိတ်ဆွေ ဘာသောက်မလဲ'

ဂျော့သည် လျှံနံဘေး၌ ထိုင်လိုက်၏။ ယခုတော့ လျှံကိုတွေ့ပြီ၊ စိတ်အေးရပြီဟူသော သဘောနှင့် အေးဆေးစွာထိုင်ခြင်းဖြစ်သည်။

ဂျော့သည် ဘွိုင်ယူလာသော အရက်ဖန်ခွက်ကို ယူ၍ သောက်၏။ ထို့နောက် ပတ်ဝန်းကျင်တွင် ကခုန်စားသောက်နေကြသည်တို့ကို လှမ်း၍ ကြည့်နေ၏။ သို့လျှင်



Scanned by CamScanner

တောင်တောင် မြောက်မြောက်ကြည့်နေစဉ်၊ ကျော်သည် လှံ့နှင့် ဤသူတို့အကြောင်းကို ဆက်စပ်၍ တွေးနေ၏။ သူ့ကို လှံ့ဘယ်တုန်းကများ သိနေပါလိမ့် အရင်ကပဲ သိနေကြတာလား စသည်တို့ကို တွေးတောနေ၏။ သူကြားလိုက်သော တစ်ပိုင်းတစ်စ စကားရပ်ကို စ၍ပြောခြင်းဖြင့် သူတို့ နှစ်ယောက် သူမလာခင်က ပြောနေသည်များကို ကြားပြီးကြောင်းသိစေလို၏။

'ဒါနဲ့ မိတ်ဆွေ ခုနကပြောတဲ့ တိုင်းရေးပြည်ရေးမငြိမ်သက်ဘူးဆိုတာ ဘာများလဲ'

'အို ကျွန်တော်က ခုတလော နိုင်ငံရေး မငြိမ်မသက် ဖြစ်နေကြတယ်။ လူတွေ ရဲ့ စိတ်ဟာ အနှောက်အယှက် အတော်ပဲတွေ့နေကြတယ်လို့ ပြောတာပါ'

ဂျာမန်သည် အိန္ဒြေမပျက် ပြန်ပြော၏။

'ဘယ်လို မငြိမ်သက်တာများလဲဗျာ'

'စစ်ပေါ့ဗျာ စစ်… လူတွေဟာ ဘာကြောင့် စစ်ကိုမက်မောကြတယ်ဆိုတာကို ကျွန်တော်ဖြင့်နားမလည်နိုင်ပါဘူးဗျာ'

ဂျာမန်သည် ပြောပြီးလျှင် ကျော့သို့လှမ်းပြုံး၏။ သူပြုံးပုံ အဓိပ္ပာယ်ကားမရှင်းချေ။ သူပြောသောအကြောင်းနှင့် စကားရပ်တို့တွင် ရယ်ဖွယ်၊ ပြုံးဖွယ်မပါချေ။

'အို စစ်ဆိုတာ လူတွေကတိုက်ချင်လို့မှ မဟုတ်ဘဲ၊ အစိုးရလုပ်သူတွေက တိုက်ချင်လို့ ဖြစ်ရမှာပဲဗျာ'

'တောင်အာဖရိကမှာဖြစ်တဲ့ စစ်တော့ ဘယ်နှယ့်ဆိုမလဲဗျ'

'ဟုတ်ပါတယ်၊ အဲ ဒီစစ်ဟာလဲ အစိုးရတွေက တိုက်ချင်လို့ ဖြစ်ရတာပါပဲ'

'အို…ခင်ဗျားက တယ်ရိုးတာကိုး'

'မဟုတ်ဘူးလားဗျ၊ ခင်ဗျားတို့ ဂျာမန်အစိုးရနဲ့ ပြင်သစ်အစိုးရက တိုက်ချင်လို့၊ ခင်ဗျားတို့ နှစ်ပြည်ထောင် ၁၈၇၁- ခုနှစ်မှာစစ် ဖြစ်တာ မဟုတ်လား'

ဂျာမန်သည် ကျော်က ကျယ်လောင်စွာ ပြောနေသည်ကို စိုးရိမ်လာဟန်ရှိ၏။

'ခင်ဗျားတို့ အင်္ဂလိပ်တွေက စကားကို ကျယ်ကျယ်လောင်လောင် ပြောတတ်တာကိုးဗျ။ ဒီလိုပြောမယ်ဆိုလျှင်လဲ၊ အင်္ဂလိပ်လိုပြောစမ်းပါ၊ ပြင်သစ်လိုဆိုလျှင် လူအများ


Scanned by CamScanner

ကြားကုန်ပါမယ်'

'ခင်ဗျား အင်္ဂလိပ်လို တတ်တယ်ပေါ့'

'တတ်ပါတယ်၊ ပြင်သစ်လိုရော အင်္ဂလိပ်လိုရော တတ်ပါတယ်'

'ဟာ ဒါဖြင့်… အို၊ ဒါဖြစ်မယ့် ဒီက လျှံကို အားနာရသေးတယ်ဗျာ၊ သူက အင်္ဂလိပ်လို မတတ်ဘူး'

ဂျာမန်သည် လျှံကို အားနာသွားဟန် ခေါင်းငုံ၍ တောင်းပန်ဟန် အရိုအသေ ပြု၏။

'ကိစ္စမရှိပါဘူး၊ ပြန်ဖို့ ခွင့်ပြုပါ'ဟု ပြောပြီးလျှင် ထိုင်ရာမှ ထ လိုက်၏။ ကျော်ကလည်း လိုက်၍ ထသော်

'မောင်လဲပြန်မှာလား' ဟုမေးလေ၏။

'အို… ပြန်မှာပေါ့ကွယ်၊ လျှံပြန်ရင် မောင်ပြန်မှာပေါ့'

'ကျွန်တော် ခင်ဗျားကို တွေ့ရတာ ဝမ်းသာပါတယ်'

ဂျာမန်က လျှံအားပြော၏။

'ကျွန်မ နောက် လေးရက် ဒီမှာ ကစရာရှိသေးတယ်'

ဟု လျှံက ပြောလိုက်သော် ဂျာမန်သည် ခေါင်းညိတ်၏။

ကျော်က ဂျာမန်၏ နှုတ်ဆက်သည်ကိုမျှ စောင့်ဆိုင်းမနေနိုင်ရှာပဲ လျှံလက်ကို ဆွဲကာ ဟော်တယ် အပြင်သို့ ထွက်လေ၏။

နှစ်ယောက်သား အိမ်ရှိရာဆီသို့ လမ်းလျှောက်လာကြစဉ်၊ ကျော်သည် 'လျှံကို တော့ ငါဆုံးမှာပဲ' ဟူ၍သာ တွေးတော၍ နေလေ၏။ စိုးရိမ်ခြင်းသည် တွေးလေ တွေး လေ အားကြီးလေ ဖြစ်လာ၏။ လျှံ၏ လက်ကို တင်းကျပ်စွာ ဆွဲ၍ထား၏။ လျှံကလည်း လက်ကို မရုတ်ပဲ ငြိမ်နေ၏။

'လျှံ….'

'ရှင်….'

'မင်း ဒီဂျာမန်ကို ဘယ်တုံးက သိသလဲ'

'အခုတင်ပဲ'



Scanned by CamScanner

'သူဘယ်သူလဲ'

'မသိဘူး'

'မင်းတို့ ဘာတွေ ပြောနေကြတာလဲ'

'မောင် ကြားတဲ့အတိုင်းပေါ့၊ သူက ယဉ်ယဉ်ကျေးကျေးရှိပါတယ်'

'ဘာအဲကြောင်းတွေ လဲကွယ့်'

'အခုန မောင့်ကို ပြောတာမျိုးပေါ့၊ ကိုယ်ထင်တိုင်း ကျယ်လောင်၊ ကျယ်လောင် နဲ့ မပြောဘို့ပေါ့'

'ဘာဖြစ်လို့လဲ'

'သူလို့တွေ ခြေချင်းလိမ်အောင် ပေါလို့ပေါ့'

'ဘယ်က သူလို့ တွေလဲကွ'

'အို… အတိုင်းတိုင်း အပြည်ပြည်ကပေါ့ မောင်ရဲ့'

'မင်းက ပြင်သစ်မဟုတ်ဘူးပြောတော့၊ သူ သဘောကျသွားပုံပါလား'

'သူ သဘောကျမှာပေါ့ မောင်ရဲ့ သူက ဂျာမန်ကိုး၊ ပြင်သစ်ကို မုန်းတာပေါ့'

'နို့ ဒါဖြင့် သူက မင်းကို တိုးတိုးကလေး နားနားကပ်ပြီးပြောတာ ဘာလဲ'

'အို… မောင် လျှံတို့ကို အကြာကြီး ချောင်းကြည့်နေတာပေါ့လေ…'

လျှံသည် ဂျော့ ဆုတ်ထားသော လက်ထဲမှ သူ့လက်ကို နုတ်ယူလိုက်၏။ ဂျော့သည် မနာလိုသော စိတ်ထားပေါ်ပေါက်လာဟန်နှင့်၊

'မင်း မပြောချင်ရင်လဲ၊ မပြောပါနဲ့၊ ငါမကြားချင်ပါဘူး' ဟုပြောလိုက်လေ၏။

လျှံသည် ဂျော့လက်ထဲသို့ သူ့လက်ကလေး ပြန်ထည့်လိုက်ကာ၊ ပြုံးစစမျက်နှာ ကလေးနှင့်

'မောင် လျှံကို အတော်ချစ်သားပဲ' ဟု ပြောလိုက်၏။ ထိုသို့ပြောလိုက်သော် ဂျော့သည် စိတ်ဆိုးရာမှ အတန်ငယ်အကြည်ဆိုက်သွားသည်။

'ဟိုလူပြောတာ သိချင်ရင် ပြောနိုင်ပါတယ်၊ ဘာမှ လျှို့ဝှက်စရာလဲ မဟုတ်ပါ ဘူးရှင်ရဲ့၊ သူကလေ… ခင်ဗျားက ပြင်သစ်ကိုမုန်းသလို ခေါင်းခါတယ်ပေါ့လို့ ပြောပါ၊ သိတော်မူပြီလား မောင်မောင်ဘုရား။ လျှံ ပြင်သစ်ကို ဘာကြောင့် မုန်းတယ်ဆိုတာ



Scanned by CamScanner

မောင်အသိဆုံးပဲလေ...'

ဂျော့သည် စိတ်ရှုံ့ အတော်ရှင်းသွား၏။ လျှံနှင့် ဂျာမန်ပြောနေသော စကားရပ်များမှာ၊ သူ့အချစ်ကို ထိခိုက် ကျူးကျော်သော စကားများမဟုတ်၊ အရက်သောက်ကြရင်း ပြောရိုးပြောစဉ် ပြောခြင်းမျှသာ ဖြစ်သည်။

သူတို့သည် စကားပြောရင်းလျှောက်လာရာ၊ အိမ်ရှေ့ခါးဝသို့ ရောက်လာကြ၏။ ထုံးစံအတိုင်း ဂျော့က လျှံကို ပွေ့ဖက်၍ခေါ်ကာ

'မောင် ချီပို့မယ်နော်' ဟု ပြော၏။

'မောင် ဒီညတော့ခွင့်ပြုပါ၊ လျှံအခန်းကိုပဲ ပို့ပေးပါ၊ လျှံ သိပ်မောတာပဲ မောင်ရဲ့'

• • •

## အခန်း [ ၈ ]

နောက်နေ့ နံနက်၌ လျှံတို့ သားအမိ ကျော့အခန်းသို့ လာ၍လက်ဖက်ရည် သောက် ကြ၏။ လျှံသည် ကျော့ကို အထူးသဖြင့် တောက်ပ စူးရှသော မျက်လုံးတို့ဖြင့် ကြည့်နေ လေ၏။

'မောင် ဘားလ်ဘဖွန်းဟော်တယ်ကိုလာပြီး လျှံကို ခေါ်ရတာ အတော်ဒုက္ခ ရောက်တယ်နော်၊ မောင်လဲ အတော်ပဲ မကြိုက်တာပဲ'

'ဟော်တယ်ကိုတော့ မကြိုက်ပါဘူး၊ ဒါပေမယ့် မင်းကို ကိုယ်လာခေါ်ရတာ တော့ ဝန်မလေးပါဘူးကွာ'

လျှံသည် ဆိတ်သားမုန့်ကို တစ်ဖဲ့ချိုး၍စားကာ၊ ပြုံးမြဲပြုံးနေပြန်၏။

'မောင် နောက်တော့ လျှံကို လာမကြိုနှင့်တော့နော်၊ နောက် လေးရက်ပဲ ကျန်တော့တာပဲ၊ မောင်လဲ ဒီဟော်တယ်ကို ကြိုက်မှမကြိုက်ပဲ မောင်လာရတာ ဒုက္ခ ရောက်တာမို့ ပြောရတာပါ'

ကျော့သည် လျှံအပေါ်တွင် အာဏာရှင်လုပ်၍မရမှန်းသိ၏။ သူပြောပြီးစကားကို

ပြန်၍ပြင်နိုင်းရန် မစွမ်းနိုင်ချေ။ ဂျေဉာသည် လျှံ၏ လက်ကို ဆွဲကာ စိမ်းစိမ်းဝါးဝါးကြည့်ရင်း မေး၏။

'မင်းက ဟိုဂျာမန်နဲ့ ချိန်းထားလို့လား'

'ဟာ မဟုတ်ပါဘူး၊ သူပြောတာ မောင်ကြားသားပဲလေ၊ ဒီဟော်တယ်ကို မလာတော့ဘူး ဆိုတာပဲ'

လျှံသည် ဂျေဉာအား မိန်းမတို့သာ တတ်စွမ်းနိုင်သော ကြင်နာရောင်လျှမ်းသည့် အကြည့်မျိုးနှင့် ကြည့်ကာ

'မောင်က မနာလို လို့လား' ဟု မေးလေ၏။

သူသည် ငေးနေရာမှ လျှံ၏ မေးခွန်းကို ရယ်သွမ်းသွေးရန် ကြိုးစား၏။ သို့သော် သူရယ်ပုံကား၊ သူ့စိတ် မလုံကြောင်းကို သာ၍ပင် သိသာစေ၏။

လျှံသည် ပြုံးယောင်နှင့် စိတ်နာသော လေသံဖြင့်

'မောင်တို့ ယောကျ်ားတွေဟာ ဒီလိုချည်းပါပဲ မောင်ရယ်။ ဒါပေမယ့် မောင်ကတော့ အတော် တော်ရှာပါတယ်' စိတ်နာစကားနှင့် ချီးမွမ်းစကားတို့ကို တွဲ၍ပြော၏။

ဂျေဉာသည် လျှံ၏စကားကို နားထောင်ကာ ဘားလ်ဘာဖွန်းဟော်တယ်သို့ သွား၍မကြိုရတော့ချေ။ သို့သော် ဟော်တယ်ရှေ့တွင် လျှံ ထွက်အလာကို စောင့်နေ၏။ ပထမ ညဉ့် လျှံသည် နာရီပြန် ၂ ချက်တီးလောက်မှ ထွက်လာ၏။ သူနှင့် အတူ ဂျာမန်ပါလာ သည်။ ဂျေဉာသည် ဂျာမန်ကို မြင်သော် ပြေး၍ထိုးချင်သောစိတ် အပြင်းအထန် ပေါ်ပေါက် လာရကား၊ အတော်ပင် ကြိုးစား၍ ချုပ်တီး လိုက်ရလေသည်။

နောက်ညတွင်ဉ္စလည်း၊ လျှံနှင့် ဂျာမန်တို့ ရှေးနည်းအတူ ထွက်လာကြသည်ကို တွေ့ရ၏။ ယခုအခါဉ္စကား ဂျေဉာသည် ပထမညကလောက် ဒေါသမပွားတော့ချေ။ လျှံသည် နေ့လည်ကဖွင့်၍ပြောထားသောကြောင့်တည်း။ သူနှင့်ဂျာမန် မနေ့ညက တွေ့ကြောင်း၊ ရိုးသားစွာ ပြောထားသဖြင့်၊ ဂျေဉာသည် မသက်သာစိတ် အတန်ငယ်ပြေပျောက်နေလေသည်။

'ဒီဂျာမန်က ဘာကောင်လဲ'

'ဘာမှန်းတော့ မသိပါဘူး၊ နိုင်ငံရေး စုံထောက်အဖွဲ့နှင့်တော့ ပတ်သက်တယ်

ပြောတာပဲ၊ ချက်ချင်းမပြောဘူး မောင်ရဲ့၊ အတော်မေးမှ ပြောတယ်၊ သူက ပြင်သစ်နဲ့ ဂျာမန် စစ်ဖြစ်လိမ့်မယ်လို့ ပြောတယ်'

'စစ်ဖြစ်မယ်'

'အင်း . . . အဲဒါကို သူ ဟော်တယ်ထဲမှာ ပြောတာ မဟုတ်ဘူး၊ ထွက်လာတော့မှ ဘယ်သူမှ မရှိတော့တဲ့ အခါကျမှပြောတာ'

'ဘာလို့ စစ်ဖြစ်ရမှာတဲ့လဲ'

'ပြင်သစ်က သူလက်လွှတ်လိုက်ရတဲ့ 'အဲလ်ဆေး နဲ့ လောရိမ်းနယ်ကို ပြန်သိမ်းချင်သတဲ့'

'ဒါကို ပြင်သစ်သိမ်းချင်တာနဲ့ပဲ၊ သွေးချောင်းစီးအောင် တိုက်ဦးမယ်တဲ့လား'

'မသိဘူး၊ ဂျာမန်ကတော့ စစ်ဖြစ်တာ ကောင်းတယ်တဲ့၊ ဒါမှ လူတွေ မြင့်မြတ်လာတယ်ဆိုပဲ'

'ဘာ မြင့်မြတ်လာတာတဲ့လဲ ဟင်၊ စစ်ထဲမှာ တိုက်တဲ့လူတွေရဲ့ သတ္တိလား၊ မြင့်မြတ်တဲ့ သတ္တိတဲ့လား၊ ခွေးတွေတောင် အချင်းချင်း တိုက်ပွဲကျတော့ သတ္တိရှိကြသေးတာပဲဟာ၊ ဒီ ဂျာမန်ကောင်တွေဟာ စစ်ကိုလိုလားတဲ့ ဘီလူး၊ သဘက်တွေ ထဲမှာ တစ် ယောက်အပါအဝင်လားဟင်'

ဂျော့သည် ဂျာမန်အားမုန်းထားစိတ်၏အဟုန်ကြောင့် သူ့ကွယ်ရာပင်ဖြစ်လင့်ကစား အားရပါးရပြောလိုက်ရသည်ကို အတော်ပင်ကျေနပ်သွားဟန်ရှိ၏။ ဒီဂျာမန်ကောင်က ငါ့လျှံကို ဘာလို့ ဒီစစ်စကားတွေ ပြောနေပါလိမ့်ဟုလည်း တွေးမိ၏။ မိန်းကလေးတစ်ဦး၏ အချစ်ကို ပိုင်အောင်လုပ်နည်းများကား ပေါ်များလှ၏။ ဤသို့ စိတ်ဝင်စားဘွယ်ရာတို့ကိုပြောခြင်းဖြင့်လည်း မိန်းကလေး၏အချစ်ကို ပိုင်နိုင်သည်ဟု ဂျော့ တွေးမိ၏။

'ပြင်သစ်နဲ့ ရုရှားလည်း မဟာမိတ်စာချုပ်တစ်ခု ချုပ်ထားသတဲ့၊ ဒီတော့ စစ် ဖြစ်ရင်၊ ဂျာမဏီက ပြင်သစ်ရော ရုရှားရော တိုက်ရလိမ့်မယ်တဲ့.... မောင်ရဲ့'

'ကောင်းတာပေါ့ကွာ၊ ဒီ ဂျာမနီ ပြုတ်မှ ကောင်းမယ်'

လျှံသည် ခေါင်းကလေးငုံ့၍ ရယ်ကာ၊

'မောင်တို့ အင်္ဂလိပ်တွေ ဒီလိုချည်းပဲ၊ သူတို့ တိုက်မှာပဲ၊ မောင်ပြောပြောနေတဲ့

မြင့်မြတ်တဲ့ စိတ်ထားသဘောထားတွေ ဒီလိုချည်းပဲ။ မောင် စစ်မတိုက်ချင်ဘူးပေါ့'

'စစ်တိုက်ရတာ ဝန်မလေးပါဘူး၊ ဒါပေမဲ့ စစ်ကိုတော့မုန်းတယ်'

'ဟုတ်တာပေါ့၊ စစ်ကတော့ မုန်းစရာပဲ၊ ဒါနဲ့ အခုနေ စစ်ဖြစ်မယ်ဆိုပါတော့ မောင်လဲ သူများလိုပဲ စစ်ထဲဝင်မှာပဲလား။ စစ်ဖြစ်တာ ကောင်းတယ်လို့ လျှံ ထင်တာပဲ'

'မင်းက ဘာပြုလို့ ထင်ရတာလဲကွ'

'စစ်ဖြစ်မှ မတရားတဲ့သူတွေ သေကုန်မှာ'

'ဘယ်သူတွေ သေစေချင်လို့လဲ၊ ပြင်သစ်တွေလား'

လျှံသည် ခေါင်းညိတ်ပြ၏။

ဂျော့သည် နေ့လည်လောက်တွင် ရှိစုမဲ့စု ကလေးများကို ရောင်းချရာ ဖရင့် ငါးဆယ်ရ၏။ ထိုငွေကို ထိုညဥ့် လျှံနှင့် အတူ ဟော်တယ် တက်လိုက်ရာ ကုန်သွားလေ တော့၏။

လျှံသည် ထိုညဥ့် ဂျော့အား အထူးသဖြင့် ကြင်နာပုံရ၏။ လျှံသည် အခုကဲ့သို့ ကြင်နာပုံရခဲ့ဘိခြင်း။ ဂျော့သည် လျှံ၏အယုအယကို များစွာ နှစ်သက်၍ အလွန်အမင်း ပျော်ရွှင်နေ၏။ သူတို့ နှစ်ယောက်သည် စကား တဖောင်ဖောင်ပြောလိုက် အရက်ကို အလွန်အမင်းသောက်လိုက်နှင့် ထင်သလို ပျော်မြူးကြကုန်၏။

ဂျော့သည် လျှံအား အငှားမော်တော်ကားတစ်စင်းနှင့် အိမ်သို့ ပြန်ခေါ်ယူခဲ့၏။ ကားပေါ်တွင် လျှံသည် ဂျော့ရင်ခွင်ထဲ၌ တိုးဝှေ့၍ ခေါင်းကို မှီထားကာ ဂျော့အား အချစ်အစိုပ်နမိတ်များကို ပြနေ၏။ ဂျော့သည် လျှံ၏ ရက်ရောမှုကြောင့် အထူးတလည် ရမ်းချင်၊ ကြမ်းချင်စိတ်တွေ ပွေ၍လာ၏။

အိမ်သို့ရောက်သော် လျှံကို လှေခါးတစ်လျှောက်၊ ပွေ့ချီ၍ တက်ကာ အိပ်ရာ တွင် ယုယစွာ သိပ်ပြီးလျှင် ဂျော့သည် အချစ်၏ တန်ခိုးကြီးမားကြောင်းကို သက်သေခံ နေလေတော့၏။ လျှံသည်လည်း ထိုညအဖို့ အညညတို့နှင့်မတူ အထူးပင် ချစ်ချင်စဖွယ် ပြုမူ၍ ဂျော့နှင့် လျှံတို့သည် တွေ့ဆုံပေါင်းသင်းနေကြသည်မှာ အတန်ကြာလေပြီ ဖြစ် သော်လည်း ထိုညလောက် ပျော်သောည မရှိသေးဟု ထင်မိ၏။

နံနက်မိုးလင်းခါနီးတွင် ဂျော့သည် လျှံ ထ၍ဆင်းသွားသည်ကို သတိမရတာရ



Scanned by CamScanner

ဖြစ်လိုက်မိ၏။ အိပ်မက်လိုလို တကယ်လိုလို ဖြစ်နေသည်။ သို့ဖြစ်နေငြားလည်း သူ၏ ဖွင့်၍မရလောက်အောင် မောပန်းနေသော မျက်လုံးတို့သည် မှိတ်မြဲမှိတ်နေ၏။

ထိုသို့ဖြစ်ပြီးနောက် သူသည် အိပ်မောကျသွားလေတော့၏။

သူနိုးသောအခါ နေလည်ဖြစ်နေပြီ၊ လှုံသည် သူ့အပေါ်း၌သာ မရှိသည်မဟုတ်၊ လှုံနေသော အောက်ထပ်ခန်း၌လည်း မရှိတော့ချေ။ ဩဘာရာ ကလေးနှင့် ပစ္စည်းများသည်လည်း မရှိတော့ချေ။

• • •

# အခန်း [ ၉ ]

လျှံ ပျောက်ခြင်းမလှ ပျောက်သွားသဖြင့်၊ အရှုံးတစ်ပိုင်းဖြစ်နေရှာသော ဂျော့သည် စစ်ထဲသို့ လိုက်သွား၏။ အင်္ဂလန်ပြည်ရှိ အင်္ဂလိပ်စစ်တပ်တွင် ဝင်ရောက် အမှုထမ်းနေရာ ၁၉၁၅ ခုနှစ်၊ နွေဦးပေါက် အချိန်၌ အခွင့်လေးရက်ယူပြီးလျှင် မိမိပျော်ရွှင်ခဲ့ရာ၊ ဝမ်းနည်း ကြေကွဲခဲ့ရာဖြစ်သော ပဲရစ်မြို့တော်ကြီးသို့ အလည်ရောက်လာလေသည်။

စစ်၏ကြောက်မက်ဖွယ်ရာ အဖြာဖြာတို့သည်၊ ဂျော့အား အသွင်အပြင်ပြောင်းစေ၏။ ရှေးက စည်းကမ်းမဲ့ ပျော်ရွှင်နေခဲ့သူ ဂျော့သည်၊ ယခုအခါ စစ်ဥပဒေများနှင့် ကြပ်တည်းစွာတုတ်နှောင်ခြင်း ခံနေခဲ့ရသဖြင့် မျက်နှာသည် ရှေးက ကဲ့သို့ မဟုတ်တော့ဘဲ၊ အိုစာ၍နေ၏။ သွေးသံရဲရဲ မြင်ရသော အခါ၊ ရှေးက ထားခဲ့သော နူးညံ့သော ပန်းချီဆရာ၏ စိတ်နှင့် ပျော်ရွှင်လန်းဆတ်သော အရိပ်အရောင်တို့သည်၊ ပျောက်ကွယ်သွားချေပြီ။ စစ်မြေပြင်တွင် တိုက်ခိုက်ရပုံတို့မှာ သူ၏စိတ်တွင် အမဲကွက်ကြီး ထင်နေသကဲ့သို့



Scanned by CamScanner

မမေ့ပျောက်နိုင်အောင်ပင် ကျန်ရစ်ခဲ့၏။ ရက်စက် ကြမ်းကြုတ်စွာသတ်ပုတ်ခြင်းကို ပန်းချီ ဆရာ ဖြစ်ခဲ့ဘူးသော စိတ်နှသူဂျေဘသည် မလိုလားခဲ့ပြားလည်း အရေးကြုံသဖြင့် သက်လုံကောင်းခဲ့ရလေပြီ။

ဂျေဘသည် အခွင့်လေးရက်ယူ၍၊ အင်္ဂလန်မှ ပြင်သစ်ဘက်သို့ ကူး၍ အလည် လာရာ၊ စစ်မြေပြင်၏ ရုန့်ရင်းကြမ်းတမ်းမှုတို့ကို ကြောက်မုန်းစွံရှာရကား အင်္ဂလန်သို့ပင် ပြန်လိုသော စိတ် မရှိတော့ချေ။ တစ်ပြည်သားနှင့် တစ်ပြည်သား လူ လူချင်း မတဲ့၍ ရန်ဘက်ဖြစ်ရသည်မဟုတ်၊ တိုင်းပြည်ကို အုပ်ချုပ်ဦးစီးနေသူတို့၏ မသင့်တင့်မှု၊ လောဘ သက္ကာယကြီးမှုတို့ကြောင့် ကမ္ဘာ့ရန်သူများပမာ ခုတ်ထစ်ပစ်သတ်ရသည်ကို များစွာ မနှစ် မြို့ရှာချေ။ ၁၉၁၅ ခုနှစ်သို့ ကူးပြောင်းသော ခရစ္စမတ် ပွဲတော်တွင် အင်္ဂလိပ်နှင့် ဂျာမန် စစ်သားအချို့သည် မိတ်ဆက်ပွဲပြုလုပ်ရန်၊ ဘုရားသားတော်များချည်းဖြစ်၍ ညီရင်းအစ် ကိုကဲ့သို့ ချစ်ခင်လေးမြတ်ကြရန် ကြိုးစားပါသော်လည်း အထက်အမိန့်အရ မပြုလုပ်ရ ဟူသော အာဏာကြောင့် အစီအစဉ်ကို ဖျက်လိုက်ရ၏။

စစ်မြေပြင်မှ ခေတ္တအခွင့်ယူပြီးလျှင် ပဲရစ်မြို့တော်ရှိ မိမိနေခဲ့ဘူးသော 'ရူးလီပစ်' လမ်းရှိ ဟော်တယ် အပေါ်စားတစ်ခုတွင် အခန်း တစ်ခန်းငှား၍ တည်းခိုနေသော ဂျေဘသည် စစ်သားများကို မြင်ရဖန်များ၍ ရွံမုန်းနေရကား၊ အူတူတူ အတတ အိမ်စောင့် မိန်းမကြီးကို မြင်ရလျှင်ပင် ကြည်နူးသလို ဖြစ်နေရှာ၏။

ဂျေဘသည် လှုံအား ပွေ့ချီ၍ တင်သော လှေခါးရှိရာသို့ သွား၍ ငေးမောနေ၏။ လှုံနှင့် ပျော်မြူးခဲ့သည့် ဘဝဟောင်းကို ပြန်ပြောင်းစမြုံပြန်နေမိ၏။ မိမိသွားနေကျဖြစ် သော ပေါ်ရီးလ် ဟော်တယ်သို့သွား၏။ ပေါ်ရီးလ်၏ ဟော်တယ် မဟုတ်တော့ချေ။ ပေါ်ရီးလ် နှင့် ပေါ်ရီးလ် ကတော်တို့ကား ရှိ၏။ ဟော်တယ်ကား စစ်သားများ စတဲချရာ ဌာနအဖြစ်သို့ အစိုးရ၏အမိန့်ကြောင့် ရောက်နေလေပြီ။ ပေါ်ရီးလ် ကိုယ်တိုင်ပင်လျှင် စစ်မြေပြင်သို့ ထွက်စေ... ဟူသော အမိန့်ကို နားတစွင့်စွင့်နှင့် နေရရှာလေပြီ။ ၁၈၇၁- ခုနှစ် အရေးတော်ပုံကို မှီလိုက်သော ပေါ်ရီးလ်သည်၊ ပဲရစ်မြို့ကို ဝိုင်းထားခြင်းခံရ၍ မြို့သူ မြို့သားများ စားနပ်ရိက္ခာခေါင်းပါးသဖြင့် ခွေးသားကို အစာလုပ်ခဲ့ရသည့် အဖြစ်ကို မမေ့နိုင်ရှာချေ။ ဂျေဘ၏ မိတ်ဆွေဖြစ်ကြသော ပန်းချီဆရာ တစ်စုတို့ကား စစ်မြေပြင်သို့

ရောက်နေကြလေပြီ။

ဂျော့သည် မိတ်ဆွေကြီး ပေါ်ရီးလ်အား မိတ်ဆွေ သူငယ်ချင်းများအကြောင်းကို ရောက်တတ်ရာရာမေး၏။ ပေါ်ရီးလ်ကား သူတို့ အကြောင်းကို မသိရှာချေ။

'သူတို့ အားလုံးပဲ စစ်ထဲပါသွားတာပဲဗျာ။ အခုဆို သေကုန်ကြပြီလား မသိဘူး။ အခုခေတ်ကြီးမှာ သေဖို့ အင်မတန်လွယ်တာကလား…ဂျော့ရယ်။ ကျုပ်သိတာတော့ တစ်ယောက်ရှိတယ်'

'ဘယ်သူလဲဗျ'

'လျှံဆောန်ရလ်လေ၊ ခင်ဗျား အသဲစွဲတဲ့ လျှံပေါ့ဗျ'

'ဟာ ဟုတ်လား၊ ပြောစမ်းပါဦးဗျာ ၊ အခုသူဘယ်မှာနေသလဲ ဟင်'

ဂျော့သည် အသဲ တအေးအေး၊ ဘဝင်တနွေးနွေးနှင့် လှုပ်လှုပ်ရှားရှားဖြစ်နေ၏။

'အို… ဆောန်ရယ် အခု ကချေသည်မကြီးဖြစ်နေပါကောဗျာ၊ ''မဒါဂါရယ်'' ဆိုတဲ့နာမည်နဲ့ ကျော်ကြားနေတယ်။ ပိုက်ဆံလည်း အတော်ရှိတယ်ဗျ။ ပဲရစ်မှာ အကောင်းဆုံးဆိုတဲ့ အိမ်မှာနေနိုင်တယ်ဆရာရေ့။ မော်တော်ကားနဲ့ဘာနဲ့ ဖြစ်နေတယ်ဗို့။ သူက၊တော့ ဖေါ်လီဘာဂျီယာ ဟော်တယ်မှာ ကတယ်'

'ခင်ဗျား တွေ့သေးလား'

'တစ်ခါတွေ့တယ်၊ သူ ကတဲ့ဆီသွားတယ်၊ သူကတောင် ကျွန်တော့်ကို ငွေကလေး ကြေးကလေးမစလိုက်သေးတယ်ဗျ'

ဂျော့သည် အသဲကျော် လျှံနှင့် တွေ့ရမည့်အရေးကို တွေးမိတိုင်းပျော်ကာ 'ဖော် လီ ဘာဂျီယာ' ဟော်တယ်သို့ အရောက်လှမ်းတော့၏။

'ဖေါ်လီဘာဂျီယာ' ဟော်တယ်ရှိ စားပွဲ တစ်ခု၌ ထိုင်ကာ လျှံ၏ ထွက်အလာကို စောင့်ဆိုင်းနေ၏။ အချိန်တန်သော် လျှံသည်ကားကြားထဲမှ ထွက်၍က၏။ သူက ကို စောင့်ဆိုင်းနေ၏။ အချိန်တန်သော် လျှံသည်ကားကြားထဲမှ ထွက်၍က၏။ သူက သည်မှာ ရှေးကနှင့်မခြားလှချေ။ သူကချေသည်အတတ်ကို ထူးခြား၍တတ်မြောက် လာသည်မဟုတ်ချေ။ သို့သော် သူ၏အဝတ်အစားမှာ အလွန်လှပတောက်ပြောင်လေ သည်။ သူသည် ရှေးကထက်ပင် စွဲမက်ချင်စရာကောင်းအောင် ပိုမို၍လှပလေသည်။

ပွဲပြီးလျှင်၊ ဂျော့သည် ဇာတ်ခုံနောက်သို့သွားကာ အစောင့်အား သူ၏ နာမည်



Scanned by CamScanner

ကို ရေးပေးလိုက်၏။ သူသည် လျှံက သူ့ကို အတွေ့ခံလိမ့်မည်ဟု မယုံကြည်ချေ။ ရှေးက လျှံမဟုတ် အခုလျှံကား 'မာဒါဂါရီ'ခေါ် ကျော်စောသော ကချေသည် ဖြစ်နေပြီ။ ရှေးက ကျော့လည်း မဟုတ်တော့ချေ။ ရှေးက ပန်းချီဆရာကျော့သည် လျှံအား ငွေကြေးပေး၍ ကျွေးမွေးပြုစုထားသူဖြစ်၏။ သို့သော် ကျော့ကား ရုပ်ပျက်၊ ဆင်းပျက်နေရှာသော စစ်သားကျော့ ဖြစ်နေချေပြီ။

သို့ မယုံရဲ၊ ယုံရဲ ဖြစ်နေစဉ်ပင် အစောင့်က လာခေါ်သဖြင့် လိုက်သွားရာ၊ ဇာတ်ခုံနောက်ရှိ အခန်းတစ်ခန်းကို ဖွင့်လိုက်ရာ လျှံကိုတွေ့၏။ လျှံသည် ကျော့ကို လှည့်ကြည့်ပြီးလျှင် ကျော့မကြားပဲ လေးနှစ်ကာလမျှနေခဲ့ရသော လျှံ၏အသံဖြင့်၊

'အလို... မောင်ဘာများ ဖြစ်လာတာလဲဟင်... ရုပ်ပျက် ဆင်းပျက်ဖြစ်နေပါပေါ့လား၊ အင်း ဒီစစ်ဟာ တယ်ပြီး နှိပ်စက်တယ်နော်' ဟုဆိုကာ ကျော့အား ရင်ခွင်တွင် ခေါင်းထားစေ၏။ ကျော့သည် လျှံ၏ ရင်ခွင်၌ တရှုပ်ရှုပ်ငိုကြွေးနေလေ၏။

အတန်ကြာမှ ရှေးက ကျော့၏ သဏ္ဌာန်ဝင်လာပြီးလျှင် ကျော့သည် ရင်ခွင်မှ ခေါင်းကိုခွာကာ လျှံ၏လက်ကိုကိုင်လျက်ရပ်နေ၏။

'မောင်... ရှေးကနဲ့ မတူတော့ဘူးနော်' ဟုပြောကာ၊ ပျော်ရွှင်ခြင်း ကင်းမဲ့သည့် ခြောက်သွေ့သောအပြုံးဖြင့် ပြုံးလေ၏။

'မောင် အခု ဘယ်ကလာတာလဲ'

'စစ်မြေပြင်ကလေ'

'ဘယ်လောက်ကြာပြီလဲ၊ စစ်မြေပြင်ရောက်တာ'

'သုံးလရှိသွားပြီ'

'ဒီ သုံးလလုံးဟာ တိုက်နေရတာပဲလား'

'အင်း သုံးလလုံး လိုလိုပဲ'

'အခု မောင် လျှံ့ကို လာတွေ့တာပေါ့'

'လျှံကို တွေ့ဘို့ မဟုတ်ရင် ဘယ်သူ့တွေ့ဘို့ ဖြစ်ရဦးမှာလဲ'

'မောင် လျှံ့ကို စိတ်မဆိုးဘူးနော်.... မမုန်းဘူးပေါ့ နော်'

ကျော့သည် လျှံအား ကြောင်တောင်တောင်ကြည့်နေမိ၏။ သူ့ကို မမုန်းဘူးနော်ဟု

လျှံကမေးသည်။ မုန်းရက်ပါ့မလားဟု ဂျော့သည် ဝမ်းတွင်းကဖြေ၏။ ဂျော့သည် လျှံအား အနားသို့ နီးကပ်စွာ ရပ်ပြီးလျှင် လျှံ၏ ကိုယ်ကလေးကို တင်းကြပ်စွာဖက်ထားကာ အားရပါးရ အနားမပေးပဲ နမ်းလေသတည်း။

ဂျော့သည် လျှံအား သူ့ဆီမှထွက်သွားကတည်းက ဘာဖြစ်နေသလဲဟု မမေးမိချေ။ မေး၍လည်းရလိမ့်မည်မဟုတ်၊ လျှံသည်သူ့ဖြစ်ထွေကိုပြောခဲ့ဘိခြင်း။ လျှံသည် ဂျော့ ထိုင်နေသောကုလားထိုင်ဘေးသို့ လာကာ ကြမ်းပေါ်တွင်ဒူးထောက်၍ ကုလားထိုင်လက်ရမ်းပေါ်တွင်မေးတင်ကာ.....

'မောင်ရယ် ... မောင်နဲ့လျှံကွဲနေတာလေးနှစ်ရှိပြီနော်၊ မောင်အခုလိုလျှံကို မမုန်းပဲ လာတွေ့တယ်ဆိုတော့၊ လျှံ ဝမ်းသာလို့မဆုံးဖြစ်နေတာပေါ့၊ လျှံမောင့်ကို မမုန်းပါဘူး။ မေ့လဲမမေ့ပါဘူးမောင်ရယ်၊ ဒီလေးနှစ်အတွင်းမှာ မောင့်ကို ခဏခဏ သတိရတယ်မောင်ရဲ့ ယုံပါတော့၊ တစ်ခါတစ်လေ တခြားမိန်းမတွေရဲ့ ရင်ခွင်မှာပျော်နေမှာပဲလို့ တွေးမိသေးတယ်။

'လျှံ ... မင်းငါ့ကို မမေ့သေးဘူးပေါ့'

'ဘယ်မေ့ပါ့မလဲ မောင်ရယ်... လေးနှစ်ဆိုတာ ကြာတာမှမဟုတ်ပဲ၊ မောင့်ကို အစဉ်သတိရပါတယ်မောင်ရဲ့၊ ဪ...ဒါနဲ့ မောင်လျှံနဲ့ အတူလာနေမယ် မဟုတ်လား'

'အခု အတောအတွင်းလား'

'မောင် အခွင့် ဘယ်လောက်ယူခဲ့သလဲ'

'လေးရက်'

'ဟင်... လေးရက်ထဲလား၊ ဒီစစ်ကလဲ စိတ်ပျက်စရာကြီးနော် မောင် လေးရက်ထဲအခွင့်ရတယ်ဆိုတာတော့ အသဲနာစရာပဲ'

'လျှံ မင်းကလေးကော'

'ဘရပ်ဆယ်မြို့က ကွန်ဗင့်ကျောင်းမှာထားခဲ့တယ်' ဪရာ' အတွက် တော့စိတ်ချရပါတယ်'

'ဟို ဂျာမန်က စောင့်ရှောက်နေတယ်ပြောပါ'

'အင်း... ဟုတ်တယ်၊ သူပဲ စောင့်ရှောက်နေတယ်'

ကျော့သည်၊ လျံ့မှာ ရှေးကနှင့်မတူ ရှုဂုဏ်တန်တို့နှင့် ရင်းနှီးနေပြီဟု ထင်မိ၏။

'မောင် လျံ့ကိုမမုန်းဘူးနော်'

'အို... လျံ့ကလဲကွာ၊ မမုန်းဘူးလို့ ဆိုနေတာပဲ၊ ဘာလို့ ခဏခဏ၊ ဒါချည်း မေးနေရတာလဲ'

'မသိပါဘူးလေ၊ ဟိုနေ့မနက်က လျံ့ တိတ်တိတ်ကလေးပြေးလာတာနဲ့ မုန်းနေပြီလားလို့၊ ပြီးတော့လည်း လျံ့ကအခု 'ဟိုထဲ' ပါနေတယ်...'

'ဘာ ဟိုထဲ ပါနေသလဲ'

'အို၊ ဘာထဲမှ မဟုတ်ပါဘူးမောင်ရဲ့၊ မောင့်မှာ အခုလိုအလွန်ကြီးတဲ့ အမှုကို ထမ်းနေရတယ်ဆိုပါတော့'

'ဟာ မတတ်နိုင်ဘူးကွာ၊ ဒီစစ်ကို သိပ်အသဲနာတာပဲ'

'ဟုတ်တာပေါ့ မောင်ရယ်၊ ဪ၊ ဒါနဲ့ မောင် အိမ်ရှေ့မှာ လျံ့ကား ရောက်နေပြီလားလို့ သွားကြည့်လိုက်စမ်းပါ။ မောင်နဲ့ လျံ့ ဟော်တယ်သွားပြီး စားသောက်ကြတာပေါ့နော်'

'ပြီးတော့ ဘယ်သွားဦးမှာလဲ'

'ဘယ်မှ မသွားဘူး၊ အိမ်ပြန်မှာပေါ့ မောင်လဲ လျံ့အိမ်ကိုလိုက်အိပ်တာပေါ့၊'

လျံ့နှင့်ကျော့တို့သည် 'တိုးဒါဂင့်'ဟော်တယ်တွင် ဟော်တယ်ပိုင်ရှင်က လျံ့အတွက်အထူးဖယ်၍ထားသောစားပွဲတွင် ထိုင်နေကြသည်။ လျံ့သည် ပေါရီးလ် ပြောလိုက်သည့်အတိုင်းပင်၊ အတော်ကျော်ကြားနေသူဖြစ်သည်။ သူ့ကိုသိသူများ၏။ ဂရုစိုက်သူအလွန်များ၏။ ဟော်တယ်တွင် သူ့ကို နှုတ်ဆက်ကြသူမှာမနည်းချေ။ ကျော့သည် လေးနှစ်ကာလပတ်လုံး လျံ့နှင့်အတူ ညစာမစားခဲ့ရသည်မှာ ယခုပြန်၍တဖန် အတူစားသောက်ရသဖြင့် အလွန်အမင်းကြည်နူးကျေနပ်နေ၏။

လျံ့အား ရှေးဖြစ်ဟောင်းတို့ကို တတွတ်တွတ်ပြောရင်း၊ အရက်ကလေးတမြမြသောက်နေသောကျော့သည် လျံ့၏ဟော်တယ်တံခါးဖွင့်တိုင်း လှည့်ကြည့်လှည့်ကြည့်လုပ်နေပုံ အသွင်ထူးကိုမြင်လတ်သော်၊ လျံ့ကို မသင်္ကာဖြစ်မိတော့၏။ သူတစ်ယောက်

ယောက်ကို စောင့်နေတာနဲ့ တူတယ် ဟု ဂျော့ ထင်မိ၏။

'လုံ့ မင်း ဘယ်သူ့ကို မျှော်နေတာလဲ'

လုံ့သည် နှာခေါင်းသံပါပါ ရယ်သံကလေးပေးကာ၊

'အလို၊ ဘုရားရေ ဘယ်သူ့မှ မမျှော်ရပါလားရှင်ရယ်' ဟုပြော၏။

ဂျော့သည် လုံ့ကို မသင်္ကာ ဖြစ်လျက်ပင် ရှိသေး၏။ လုံ့မှာ ချစ်သူရှိလေသလား ဟု တွေးတောမိ၏။ ရှိမှာပဲလေ၊ သူ့လို လွတ်လွတ်လပ်လပ် ချစ်သူရှိမှာပေါ့ဟု တွေးတောနေ၏။ လုံ့သည် ဝင်လာသူတို့အားလည်း တမော့မော့ မျှော်ကြည့် နေသည်။

ထိုအခိုက် လူတစ်ယောက်ဝင်လာ၏။ လုံ့သည် ထိုသူကို ရွှန်းရွှန်းစားစားကြည့်၏။ သို့သော် ထိုသူသည် လုံ့အားပြန်၍မကြည့်။ ဂျော့တို့ စားပွဲနားမှ ဖြတ်၍ဝင်သွားသော်လည်း လုံ့ကိုဂရုမစိုက်၊ မိမိအတွက်ပေးထားသော စားပွဲသို့သာ သွား၍ထိုင်နေသည်။

ဂျော့သည် သူ့အထင်မှားမိသည်ကို တွေး၍ရယ်ချင်လာ၏။ လုံ့မှာ ချစ်သူ ရည်းစား မရှိချေ။ သူတမျှော်မျှော်ကြည့်ခြင်းမှာ ထူးထွေသောအဓိပ္ပာယ်ရှိမည်မဟုတ် ဟူသောသဘောပိုက်မိ၏။ စားသောက်ပြီးခါနီးလောက်တွင် ဂျော့က ပြန်ရအောင်ဟု ပြောသော်၊ လုံ့က ' ခဏနေပါဦး၊ အဝတ်လဲခန်းထဲ သွားလိုက်ဦးမယ်' ဟု ပြောကာ အဝတ်လဲခန်းဘက်သို့ သွား၏။

လုံ့သည် ယခင်လူနားကဖြတ်သွားသော်လည်း ထိုသူကိုဂရုမစိုက်ချေ။ အဝတ်လဲခန်းထဲဝင်ခါနီး လုံ့၏ လက်အိပ်ကျသွားသည်ကို ထိုလူကောက်၍ပေးမည်ပြုသော်လည်း၊ လုံ့ ဂရုမစိုက်ပဲ အခန်းထဲသို့ စိုက်စိုက်ဝင်သွား၏။ ပြန်ထွက်လာမှ ထိုသူက ကောက်ယူထားသော လက်အိပ်ကိုလက်ခံ၍ ဂျော့ရှိရာသို့ ပြန်လာခဲ့၏။

လုံ့နှင့် ဂျော့တို့သည် လုံ့နေအိမ်သို့ မော်တော်ကားနှင့် ပြန်လာကြ၏။ ဂျော့သည် လုံ့နှင့် ပြန်ပေါင်းထုပ်ရ၍ ပျော်မဆုံး ဖြစ်နေကာ၊ ရှေးဖြစ်ဟောင်းတို့ကို တတွတ်တွတ်ပြောနေလေ၏။ လုံ့ကလည်းကြည်သာ လိုက်လျောစွာ ပြော၏။ ထိုအခိုက် အစေခံမကြီးသည် လုံ့၏အခန်းထဲ ဝင်လာပြီးလျှင်၊ သူ့သခင်မကို တိုးတိုးပြောသွား၏။ လုံ့သည် မျက်လုံးပြူးသွားတော့သည်။

ဂျော့ဘက်သို့ လှည့်၍ အနီးသို့ ကပ်ကာ၊ 'မောင်... လျှံ မောင်ကို အားနာလိုက်တာ၊ မောင် ဒီည လျှံနဲ့ အိပ်လို့ မဖြစ်ဘူး၊ ဟို ပြင်သစ်စစ်ဗိုလ်ကလေးဒီလော့ရင်း အိမ်ရှေ့ရောက်နေတယ်။ သူ လျှံဆီကို ကိစ္စရှိလို့ လာတယ်၊ သူစစ်မြေပြင်သွားနေတာ ဒီနေ့ ပြန်လာမယ်မထင်ဘူး။ အခု မမျှော်လင့်ပဲ ပြန်လာတယ် မောင်ရဲ့ မောင် ဒါကြောင့်'

ဂျော့ နားလည်လေပြီ။ လျှံသည် အလွန်ချွဲမက်ဖွယ်ကောင်းသော မိန်းမတစ်ဦး ဖြစ်ရကား၊ ချစ်သူမရှိပဲ မနေနိုင်ပြီ။ အပျော်ကြီး ပျော်လိုက်မည်ဟု အားခဲထားသော ဂျော့သည် အကြီးအကျယ်'ကော' သွားရသဖြင့် ရင်ထုမနာ ဖြစ်ရှာသည်။

' ကိုင်းပါ၊ မောင် ဘယ်တော့ လျှံနဲ့တွေ့ဦးမလဲ'

'မသိဘူးလေ။ မမချော ဘယ်တော့တွေ့နိုင်ဦးမှာလဲ'

'နက်ဖြန်ပေါ့ မောင်ရယ်'

ဂျော့သည် အားရပါးရမရှိလှချေ။ နက်ဖြန်တော့လည်း သူကိစ္စများနေဦးမှာပဲ၊ ဟုတွေးနေ၏။ လျှံကို မချင့်မရဲ ကြည့်ပြီးလျှင် အခန်းတွင်းမှ ထွက်တော့မည် အလှည့်တွင် အခန်းတွင်းသို့ ဝင်လာသော ကက်ပတိန်- ဒီလော့ရင်း နှင့် ရင်ဆိုင် တိုးနေ၏။

လျှံက သူတို့ နှစ်ဦးကို မိတ်ဖွဲ့ပေး၏။ ဂျော့သည် ဒီလော့ရင်း၏ နာမည်ကို ကြားဘူး၏။ မဟာမိတ် ဘက်သားခြင်း အတူတူ ဖြစ်သည်လည်းတစ်ကြောင်း၊ မိမိမှာ အင်္ဂလိပ်စစ်သားမျှသာ ဖြစ်သဖြင့်၊ ပြင်သစ်စစ်ဗိုလ် ဒီလော့ရင်းအား ဝတ္တရားအတိုင်း ဆလံပေးရရှာ၏။ ဂျော့သည် ချစ်သူကို အပ်ခဲ့ရရုံ မကသေး၊ အရိုအသေပါ ပေးခဲ့ရသဖြင့် အသဲနှလုံး ကြေမွလောက်အောင် နာကျည်းမိ၏။ သို့သော် လျှံသည် မိမိအဖို့ ပိုင်ဆိုင်နိုင်မည်မဟုတ်တော့ ရှုံးခြင်းကြီးမလှရှုံးရလေပြီဟု တွေးတောရင်း လျှံ၏ မော်တော်ကား ယူဆောင်ရာ မိမိတည်းခိုသည့်အခန်းသို့ ပြန်းရရှာလေသည်။

• • •

# အခန်း [ ၁၀ ]

၁၉၁၆-ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် အင်္ဂလန်ပြည်ရှိ 'ဖါးလ်မောက်'သင်္ဘော ဆိပ်၌ ဒပ်ချ် သင်္ဘောတစ်စင်းဖြစ်သော ' အက်စ်၊ အက်စ်၊ ဂျလ်ရီးယား'သည် ဟော် လန်ပြည် ရော့တာဒင်း မြို့သို့ ထွက်ခွာရန် လူစီးများတင်လျက်ရှိ၏။ ဆိပ်ကမ်းစောင့် အရာရှိရုံး၌ စာရေးသည် ခရီးသည်များကို စစ်ကြောမေးမြန်းလျက်ရှိ၏။ ခရီးသည် ၁၄ ယောက်ရှိသည့်အနက်၊ အသက် ၂၈ နှစ်အရွယ်ရှိ မိန်းမတစ်ယောက်ပါလေသည်။ နိုင်ငံခြားသွားလက်မှတ်များကို တစ်ခုပြီးတစ်ခု စစ်ဆေးရာ၊ ထိုမိန်းမအလှည့်သို့ရောက် သော် စာရေးသည် ဂရုပိုမို၍စိုက်ဟန်ရှိ၏။ ထိုမိန်းမ၏ နိုင်ငံခြားသွားလက်မှတ်အရ ဆိုလျှင် အမည်မှာ မေဒင်လုံ့ဆောန်ရလ်၊ ပြင်သစ် ဒပ်ချ် ကပြားဖြစ်၍ စပိန်ပြည်၌နေရာ ဟော်လန်ပြည်၊ အမ်စတာဒင်မြို့သို့ သွား၍ကွန်ဗင့်ကျောင်းမှာနေသော သမီးကလေး သြော်ရာကို တွေ့လိုကြောင်းတို့ဖြစ်လေသည်။

စာရေးသည် လုံ့၏ လှပသော ရုပ်ပါရုံကို ငေးမောကာကချေသည်များ ဖြစ်ဖူး သလားဟု မေး၏။ လုံ့က မဖြစ်ဘူးပါဖူးဟုဖြေ၏။ လက်မှတ်တွင်ပါသော ဓာတ်ပုံ



Scanned by CamScanner

ကို ကြည့်ကာ မသင်္ကာစိတ်ဖြစ်လာသော စာရေးသည် ရေကြောင်းဗိုလ်ကြီးအား တယ်လီဖုန်းနှင့် တိုင်တန်း၏။

'အသက်ဘယ်လောက် ရှိပြီလဲ' ဟု ဗိုလ်ကြီးကမေး၏။

'နှစ်ဆယ့်ရှစ်ပါ'

'အရပ် ငါးပေနှင့် ရှစ်လက်မ မဟုတ်လား'

'မှန်ပါတယ်'

'ဒါဖြင့် ဖမ်းထားလိုက်'

ရေကြောင်းတပ် ဌာနချုပ်ကြီးအတွင်း၌ ဗိုလ်ချုပ်ကြီး ဂျင်နရယ် ဂေါ်သွန်းသည် သတင်းစာတွင်ပါသော ရုပ်ပုံတစ်ပုံကို ကြည့်ရင်း မဝေခွဲနိုင်သကဲ့သို့ ဖြစ်နေ၏။ ရုပ်ပုံမှာ မထင်ရှားလှချေ။ ထို့နောက် တယ်လီဖုန်းနှင့် စကော့တလန်ယာဒ် စုံထောက်မင်းကြီးအား စကားပြော၏။

'ဟဲလို ချားလ်၊ ဒီနေ့ခင်ဗျား စုံထောက်ရုံးမှာ မိန်းမ တစ်ယောက်ကို စစ်ချင်တယ်ဗျ၊ သူ့ အခု သင်္ဘောဆိပ်မှာ ဖမ်းထားတယ်။ လက်ဒီယာ ဟက်စ်နှင့်တူတာပဲ။ နာမည်ကတော့ လုံဆောန်ရလ် လို့ ပြောနေတယ်။ သူ့ကိုစစ်ချင်လို့'

ဤသို့ပြောပြီးလျှင် ဗိုလ်ချုပ်ကြီးသည် အခြားလုပ်စရာများကို အရင်စလို လုပ်နေ ၏။ သူ့စိတ်ထဲ၌ 'လစ်ဒီယာဟက်စ်' ကို မိလေပြီဟု ကျေနပ်ခြင်းသာရှိနေ၏။ နေ့လည် စာစားရန်ရုံးမှ ခွာ၍ စုံထောက်မင်းကြီးထံ သွားလေ၏။ စုံထောက်မင်းကြီးနှင့် ဗိုလ်ချုပ်ကြီးတို့သည် ကလပ်တွင် နေ့လည်စာစားကြရင်း သူတို့မိထားသော မိန်းမ သူလျှိုအကြောင်းကို ဆွေးနွေးကြ၏။

စားသောက်ပြီးလျှင် ဗိုလ်ချုပ်ကြီးသည် စုံထောက်မင်းကြီးနှင့် အတူ အဖွဲ့ဌာန ချုပ်ကြီးသို့ သွားကြကာ၊ လစ်ဒီယာဟက်စ်၏ အတ္ထုပ္ပတ္တိ မှတ်တမ်းကို ထုတ်ယူ၍ ဖတ်ရှုနေကြ၏။ လစ်ဒီယာ ဟက်စ် သည် ပြင်သစ်ပြည်မှ သတင်းများကို ဘာလင်မြို့သို့ ပို့နေသော သူလျှိုမဖြစ်၏။ သူသည် ဝဲဘက်လက်၌ လက်ကောက်ဝတ်ထားသည်။ မြွေ သဏ္ဍာန် ရွှေလက်ကောက်ဖြစ်သည်။ မျက်တောင်စင်းစင်းနေတတ်သည်။

ဤသို့ ဖတ်ရှုနေစဉ်ပင်၊ စာရေးတစ်ယောက် ဝင်လာ၍ ဖမ်းထားသောမိန်းမ



Scanned by CamScanner

ရောက်နေပြီ ဖြစ်ကြောင်းကို ပြောလာ၏။ ''ဝင်စေ'' ဟု အမိန့်ပေးလိုက်ကာ၊ ဗြိတိသျှ အရာရှိကြီး နှစ်ဦးတို့သည် တံခါးကိုသာ လှမ်းကြည့်ကာ နေကြ၏။

လှံ့သည် အခန်းထဲသို့ ဝင်လာ၏။ ရဲကြောင်းဗိုလ်ချုပ်ကြီးက 'အင်း တော်တော်ချောတဲ့ ဟာမပဲ' ဟု စိတ်တွင်း၌ ရေရွတ်မိ၏။

'မေခင် ဆောန်ရလ် မဟုတ်လားခင်ဗျာ'

'ဟုတ်ပါတယ်ရှင်'

'ကျွန်ုပ်ကတော့ ဗိုလ်ချုပ်ကြီး ဂေါ်သန်းပဲ၊ သူကတော့ ဆာချားလ်ရင်းလင်'

လှံ့သည် အရာရှိနှစ်ဦးအား မျက်လုံးကို ခပ်ကျယ်ကျယ်ဖွင့်ကြည့်၏။ မျက်တောင်စင်းသည်ကို မမြင်နိုင်အောင်ကြည့်ခြင်းမျိုးလောဟု ဗိုလ်ချုပ်ကြီးကတွေးမိ၏။

'စစ်အတွင်းမှာမို့ အခုလို မေးမြန်းစစ်ဆေးရတာပါခင်ဗျာ၊ စိတ်မရှိပါနဲ့'

'ကျွန်မကို ဘာများမေးစရာရှိလို့ပါလိမ့်။ ကျွန်မ နာမည် လှံ့ဆောန်ရလ်တဲ့၊ ကျွန်မသမီးလေး အင်မစတာဒင်မှာ ကျောင်းနေတာသွားတွေ့မလို့ပဲ၊ ဒါပဲရှိပါတယ်။ ရှင်တို့ မယုံလျှင် ကျွန်မသက်သေခံပစ္စည်းပြပါမယ်ရှင်'

လှံ့သည် ဒေါနှင့်မောနှင့်ပြောလေ၏။

'ခင်ဗျား မက်ဒရစ်မြို့ ဘယ်အရပ်မှာနေပါသလဲ'

ဟု စုံထောက်မင်းကြီးက စုံထောက်ပီပီပြတ်သားတိုတောင်းစွာမေးလေ၏။ လှံ့သည် စုံထောက်မင်းကြီးအား ဒေါသရောင်လွှမ်းသောမျက်လုံးဖြင့်ကြည့်ကာ၊

'ကျွန်မကို စစ်လားကြောလား လုပ်ကြမယ်ဆိုပါတော့' ဟုမေးလေ၏။

'အို… ဒါကတော့ ခင်ဗျားဖြေချင်မှဖြေနိုင်ပါတယ်၊ အတင်းတော့ မခိုင်းနိုင်ပါဘူး'

'ဒါဖြင့် ကျွန်မမပြောဘူး'

'ဒီလိုဆိုရင်တော့ ဘယ်တတ်နိုင်မလဲလေ… ကျွန်ုပ်တို့ ခင်ဗျားကို အကျယ်ချုပ်ထားရုံပဲ ရှိတာပေါ့'

'အကျယ်ချုပ်ထားမယ်'

'ဟုတ်တယ် ကျုပ်တို့ မေးတာမှ မဖြေနိုင်ဘူးဆိုရင် ဒီပြင်နည်းတော့မရှိဘူး'

'မဟုတ်ပါဘူးရှင့်၊ ရှင်တို့က ကျွန်မကို ဘာလူမျိုးမှတ်နေလို့လဲ၊... ပြင်သစ်လူမျိုးပါရှင့်၊ ကျွန်မ နာမည်က ဆောန်ရယ်တဲ့၊ အဲဒါနဲ့ပဲ သိနိုင်ပါတယ်'

'ဒါတွေ အကုန်သိပြီးသားပါ၊ မေးတဲ့ဟာကို မဖြေနိုင်ဘူးဆိုရင်တော့ အခက်သားပဲ'

'အို၊ ဖြေပါ့မယ်၊ အခုနတုန်းကတော့ဒါသဖြစ်မိလို့ပါ။ ကျွန်မ မဒ္ဒရာဇ်မြို့ ပက်ဆီယိုဒီရီ ကိုလီတော့ လမ်းမှာနေပါတယ်'

'ကဲ၊ ဒီလိုပြောလိုက်တော့ဘာဖြစ်သွားတာမှတ်လို့ မဒ္ဒရာဇ်မှာ မနှစ်က တစ်နှစ်လုံးနေတယ်မဟုတ်လား'

'ဟုတ်ကဲ့'

'ဆေးလိပ်သောက်ပါဦး' ဟုဗိုလ်ချုပ်ကြီးက စီးကရက်ဗူးကို ဖွင့်၍ပေး၏။ လျှံသည် လက်ဝဲလက်ဖြင့် လှမ်းယူ၏။ အရာရှိ နှစ်ယောက်တို့သည် အကျီဖုံးထားသော လက်ဝဲလက်ပေါ်လာသည်ကို ဂရုပြု၍ ကြည့်ကြ၏။ လက်ကောက်ဝတ်ထားသည် ကို မတွေ့ရချေ။

'ဂျာမန် နယ်ခြားဝန် လစ်တင်စတိန်းလား'

'ဟုတ်တယ်၊ သိတယ်မဟုတ်လား'

'မသိဘူး၊ ဒါပေမဲ့ တွေ့တော့တွေ့ဘူးပါရဲ့'

စုံထောက်မင်းကြီးသည် မိပြီဟူသော အောင်သံကို စိတ်တွင်း၌အော်ကာ၊ လျှံ အားပြုံး၍ ကြည့်ပြီးလျှင်

'ကဲပါ စကားရှည်မနေပါနဲ့တော့၊ ခင်ဗျား လစ်ဒီယာဟာက်စ် မဟုတ်လားဗျာ' ဟု တိုက်ရိုက်မေးလေ၏။

လျှံသည် စုံထောက်အမှုအားကို သဘောကျလှသဖြင့် အားရပါးရ ရယ်မောလေ၏။ ဗိုလ်ချုပ်ကြီးသည် ထိုရယ်သံကြားရကတည်းက' တို့တော့လူမှားပြီ' ဟု တွက်မိ၏။

'ကျွန်မ လစ်ဒီယာဟာက်စ် မဟုတ်ဘူး။ ရှင်တို့ လစ်ဒီယာဟာက်စ်ကို တွေ့ချင်ရင် အလွယ်ကလေးပါ၊ မဒ္ဒရာဇ်မြို့ကို လေယာဉ်ပျံနှင့် သွားလိုက်ရုံပဲ ခရီးစရိတ်တော့ နည်းနည်းကုန်မှာပေါ့လေ' ဟု လျှံကပြောသော် စုံထောက်သည် အတော်ပင်ရှက်သွား၏။ ဗိုလ်မှူးကြီး

ကလည်း လူပါ၊ စုံထောက်အားလှမ်း၍ မျက်စောင်းထိုးလိုက်၏။

ထိုအခိုက် တယ်လီဖုန်းလာ၏။ ဗိုလ်ချုပ်ကြီးက နားထောင်၍ 'အေး အဲဒါကို ယူခဲ့' ဟု အမိန့်ပေးလိုက်၏။

လျှံသည် သူလွှတ်တော့မည်ဟု သဘောပိုက်မိသဖြင့် ရှေးကကဲ့သို့ ဒေါသမဖြစ်ပဲ ရယ်ရယ်မောမောနှင့် ပြောနေ၏။

'မဟုတ်ပါဘူး၊ ဒီဟက်စ် ဆိုတဲ့ ကောင်မနဲ့ ကျွန်မနဲ့တူလို့လား… မဖြစ်နိုင်တာရှင်၊ ကျွန်မ ဟက်စ်ကို ဒီလာခါနီး သင်္ဘောပေါ်မှာတောင်တွေ့သေးတယ်'

စုံထောက်မင်းကြီးက 'ခင်ဗျားကို လိုက်ပို့တာလား' ဟု မေးသော် လျှံက 'လိုက်ပို့တာတော့မဟုတ်ဘူး၊ ဒီလိုပဲဆုံကြတာပေါ့' ဟု ပြော၏။

'ဒီဟက်စ်နဲ့ ခင်ဗျားသိပါလျက်နဲ့ လစ်တင်စတိန်းနဲ့ မသိဘူးလားဗျာ' ဟု စုံထောက်မင်းကြီးက မယုံသင်္ကာရှိဟန်နှင့်မေး၏။

ထိုအခိုက် စာရေးတစ်ယောက် ဝင်လာ၍'လျှံ၏ပစ္စည်းတွေထဲမှရသောပို့စကပ်ဓါတ်ပုံကလေး တစ်ခုဖြစ်ပါတယ်' ဟုပြော၍ကာ ပို့စကပ်ကို ပေးသွားလေ၏။

ဗိုလ်ချုပ်ကြီးက 'ကဲ ခင်ဗျား ဒီဓာတ်ပုံနဲ့ ပတ်သက်ပြီး ဘာပြောချင်သေးသလဲ' ဟု မေးကာ လျှံ၏ ဓာတ်ပုံဖြစ်၍ အောက်နားတွင် မာဒါဂါရုပ်ဟု ရေးထိုးထားသည့် ပို့စကပ်ကိုပြလေသည်။

လျှံသည် လွှတ်ခါနီးမှ မိရလေသည်။ ဗိုလ်ချုပ်ကြီးသည် အလွန်ကျေနပ်နေဟန်ရှိ၏။ မာဒါဂါရုပ်သည် ဂျာမန်သူလျှိုမတစ်ဦးဖြစ်ကြောင်း စာပေအမှတ်အသား ရှိနေသည်။ လစ်ဒီယာဟက်စ် မှတ်၍ဖမ်းလိုက်ရာ၊ ဟက်စ်ထက်ဆိုးသွမ်း၍ နာမည်ကျော်ကြားသော ကချေသည်မ မာဒါဂါရုပ်ကို မိလျက်နေပေပြီ။ မာဒါဂါရုပ်ကား ဂျာမန်အရာရှိ ဖွန်တရုံး၏ အပျော်မယားဖြစ်၏။ ပြင်သစ်တို့သည် မာဒါဂါရုပ်အား မယုံသင်္ကာမရှိကြချေ။ ဖွန်တရုံးနှင့် ကျွမ်းဝင်နေကြောင်း သိသော်လည်း ထင်ထင်ပေါ်ပေါ် အတူမနေကြသောကြောင့် မသင်္ကာ မရှိကြချေ။ ပြင်သစ်ပြည် အနီးအနားတစ်ဝိုက်၌ ကျက်စားနေသော ဂျာမန်ရေငုပ်သင်္ဘောများ ဓာတ်ဆီကုန်နေ၍ ဒုက္ခရောက်မည့် ဆဲဆဲတွင် မာဒါဂါရုပ်၏ အကူအညီနှင့် ဖွန်တရုံးသည် ဓါတ်ဆီများကို သကြားထည့်သော သံပုံးများနှင့်ထည့်ကာ တိတ်တဆိတ်

တင်ပို့ သဖြင့် ရေငုပ်သဘော်များ အသက်ဆက်မိခဲ့လေသည်။

'ဒါနဲ့များ ရှင်တို့က ကျွန်မကို လစ်ဒီယာဟာက်စ်လား ဘာလားနဲ့များ မေးနေကြရသေးတယ်၊ မာဒါဂါရပ်လားလို့ တိုက်ရိုက်မမေးနိုင်လို့လား'

ဟု လျှံက နှုတ်ခမ်းကလေးမသိမသာမဲ့၍မေးလေ၏။

'ကျုပ်တို့ တကယ်မသိတာပါ၊ ခင်ဗျားခါတ်ပုံကို ခင်ဗျားပစ္စည်းတွေထဲကရမှသာ သိတယ်ဗျ။ ကျုပ်တို့ မသိသေးတာကလေးတွေ ရှိသေးရင် ပြောစမ်းပါဦး'

လျှံသည် ထိုအမေးကို ရယ်မောပစ်လိုက်၏။

'ကျွန်မ ဘာမှ မကြားတော့ဘူး'

'မပြောလည်း သိတန်သလောက်တော့ သိပါရဲ့ဗျာ၊ ခင်ဗျား မိတ်ဆွေကြီးတစ်ယောက်အကြောင်း ကျုပ်တို့ ကောင်းကောင်းကြီးသိပါတယ်'

'ဘယ်သူလဲ'

'ကက်ပတိန် ဖွန်တရုံးလေ'

'သြော် ဒီလိုလား.... ဒီလူ ကျွန်မကို သိပ်ဒုက္ခပေးတာပဲ၊ ကျွန်မကို လိုက်ပိုးနေတယ်ရှင့်၊ ဒါနဲ့လည်း ကျွန်မ ထွက်လာခဲ့ရတာပဲ'

'ဘယ်လို ထွက်လာတာလဲ'

'ရှင်တို့ သိသားနဲ့ပဲ'

'သိပါတယ်၊ ခင်ဗျား ဘာလင်ကို ထွက်လာတာပါ'

'အို မဟုတ်ရပါဘူးရှင်၊ ကျွန်မ ရှောတာဒင်ကို သွားမလို့ပါ၊ ကျွန်မကလေးအင်မစတာဒင်မှာရှိတယ်။ ကျွန်မအဖေက ပြင်သစ်လူမျိုးရှင့်၊ ကျွန်မနာမည်က လျှံဆောန်ရလ်ပါ၊ မာဒါဂါရပ်ဆိုတာက ကျွန်မ ပွဲကတော့ခေါ်တဲ့နာမည်ပါ'

'ခင်ဗျား ကချေသည် ဖြစ်ရက်နဲ့ ရိုးရိုးမိန်းမလို့ ပြောနေသေးတာကိုး'

'ရိုးရိုးမဟုတ်လို့ ဆန်းဆန်းလားရှင့်၊ ကျွန်မ က,လို့ ရတဲ့ပိုက်ဆံနဲ့ ကျွန်မပဲရစ်မှာနေတယ်'

'ပွဲကလို့ ရတာအပြင် ရသေးတယ်မဟုတ်လား'

'ဘာလဲ ရှင်က၊ ကျွန်မကို ဘာမှတ်လို့ ဒီလိုစကားမျိုးပြောရတာလဲ'



Scanned by CamScanner

'အို- မဟုတ်ပါဘူး၊ ခင်ဗျား ဂျာမန် အစိုးရကပေးတဲ့ လခလည်း ရသေးတယ် မဟုတ်လားလို့ ပြောတာပါ'

'ရှင်တို့က ကျွန်မကို သူလျှို မှတ်နေတယ်မဟုတ်လား'

'နို့ မဟုတ်လား၊ ခင်ဗျားအကြောင်းမှတ်တမ်း ဒီစကော့တလန်ယာဒ်မှာ ရှိပါတယ်'

'ဒါ စကော့တလန်ယာဒ်လား'

'ဟုတ်ပါတယ်' ဟု ဗိုလ်ချုပ်ကြီးက ပြောပြီးလျှင် ဆာချားလ်ကို လက်ညှိုး ထိုးပြီးလျှင်' ဒါစုံထောက်မင်းကြီးပေါ့' ဟု ပြောလေ၏။

လျှံသည် ရှေးက မကြောက်ခဲ့သမျှ အခုမှ ကြောက်ရွံ့ ဖြစ်ရှာလေသည်။

'ကျွန်မ ဘာလင်ကို သွားမလို့ မဟုတ်ပါဘူးရှင့်'

ဟု တောင်းပန်သည့်အနေနှင့် ပြော၏။

'ဒါဖြင့် ခင်ဗျား မဒ္ဒရာစ်ကို ပြန်သွားရလိမ့်မယ်' ဟု ဗိုလ်ချုပ်ကြီးကပြော၏။

'ဘာဖြစ်လို့ ပါလဲရှင်'

'မဒ္ဒရာဇ်မှာဆိုတော့ ခင်ဗျား ဒီလောက် မရှုပ်နိုင် မပွေနိုင်ဘူး၊ ဒါပေမယ့် တစ်ခုတော့ မှာလိုက်ပါရစေ၊ ပဲရစ်ကို ဘယ်တော့အခါမျှ မသွားပါနှင့်'

● ● ●

# အခန်း [ ၁၁ ]

လျှံသည် မဒ္ဒရာဇ်ကို ပြန်ပို့လိုက်သဖြင့် ပြန်ရောက်နေရသော်လည်း၊ ပဲရစ်ကို သာသွားလိုစိတ်ရှိနေရကား ၁၉၁၇- ခုနှစ်တွင် ပဲရစ်မြို့သို့ ရောက်နေလေတော့၏။ ပဲရစ်မြို့ ပေါ်တွင် ခြေချင်းလိမ်နေသော စုံထောက်တို့သည် ဗြိတိသျှ ရေကြောင်း ဗိုလ်ချုပ်ကြီး၏ အမိန့်အတိုင်း ကချေသည် မဒါဂါရပ် ပဲရစ်သို့ ပြန်ရောက်၍ ကျက်စားနေကြောင်းသိသည်နှင့် တစ်ပြိုင်နက်၊ အစီရင်ခံကြရလေသည်။ ဗိုလ်ချုပ်ကြီးသည်လည်း မသွားဝါနှင့် ဆိုပါလျှက်နှင့် မသွားဘဲမနေနိုင်သော လျှံကို ဒေါသထွက်မိကာ၊ သတင်းရလျှင်ရချင်းပင် ပဲရစ်သို့ လေယာဉ် ပျံနှင့် လိုက်၍ဖမ်းလေ၏။

၁၉၁၇- ခုနှစ်အတွင်း စစ်ရုံး သူလျှိုမှုများတွင် လျှံဆောန်ရယ်ခေါ် စစ်သူလျှို မလေးကို စစ်ဆေးသော အမှုလောက် မည်သည့်အမှုမျှ ကျော်ကြားခြင်းမရှိခဲ့ချေ။ ဆောန်ရယ်၏ ရုပ်ပုံများကို ကမ္ဘာက မြင်ဖူးနေလေပြီ။ ပဲရစ်တစ်မြို့လုံး၏ အသဲကျော် ကချေသည်မလေး မာဒါဂါရပ်ခေါ် လျှံဆောန်ရယ်သည် စစ်ရုံးတွင် သူလျှိုမှုနှင့် အစစ်ခံရတော့သည်။

သီဟရတနာစာပေ

Scanned by CamScanner

စစ်ရုံး အမှုလိုက်၏ စွပ်စွဲချက်များကို မငြင်းမကွယ်ဘဲ၊ ဘွင်းဘွင်းကြီးဝန်ခံလေသည်မှာ လျှံ၏ သတ္တိထူးကို ပြခြင်းပင် ဖြစ်ပေသည်။

'မယ်မင်းသည် ဂျာမန်စစ်သူလျှို အဖွဲ့ဝင်ဖြစ်၍ ပဲရစ်သို့ ငွေပေါင်း မတ်(ဒင်္ဂါး) သုံးသောင်းပေး၍ အမှုတစ်ခုကို သွားရောက်ထမ်းဆောင်သည်မဟုတ်လော' ဟုမေးသည်ကို လျှံက အပြုံးမပျက် ဟုတ်ကြောင်း ဝန်ခံ၏။ ကျွန်မ ဒီငွေကို ပုလိပ်မင်းကြီးက ပိုးကြေး ပန်းကြေးပေးလို့ ရတယ်ဟုပြော၏။

'ပိုးကြေးကလည်း မများလှဘူးလား'

'ဘယ်များမလဲ၊ နည်းတောင်နည်းသေးတယ်၊ ကျွန်မကို ပိုးတဲ့လူတွေ ဒီထက်များများပေးကြတာချည်းပဲ' ဟုဖြေ၏။

ထို့နောက် ဖွန်တရုံး၏ အပျော်မယားဖြစ်ခဲ့ဖူးသလားဟု မေးသဖြင့် ဖြစ်ခဲ့ဖူးကြောင်းဖြေ၏။ လျှံသည် သူ့အပျော်လင်များ၏ စာရင်းကို ရေတွက်ပြရာ ထိုစာရင်းထဲတွင် ပြင်သစ်ကက်ပတိန် ဒီလောရင့်၊ လာပါရက်တို့ ပါရှိလေသည်။

'ဒီလူများဆီက မယ်မင်းပြည်တွင်းရေးစကားများ ကြားရတယ်မဟုတ်ပါလား'

'ဟုတ်ပါတယ်၊ ကြားရပါတယ်'

'ဒီလောရင်း ဂျာမန်လေယဉ်တွေကို တိုက်မယ်ကြံတုန်းကကော၊ မင်းကို ပြောဘူးသလား'

'ပြောဘူးချင် ပြောဘူးမှာပေါ့'

ထို့နောက် ရုံးပင်က စာတစ်စောင်ကို ထုတ်၍ ဖတ်ပြ၏။ ထိုစာမှာ ဂျာမန်စစ်အရာရှိဖွန်တရုံးက ဂျာမန်အစိုးရအား လျှံကိုပေးရန် ငွေတောင်းသည့်စာဖြစ်၏။

'ကဲ မင်းဒီစာထဲမှာပါတဲ့အကြောင်းကို ဘာဆိုချင်သေးသလဲ၊ မင်းကို မင်းလင်တွေက ပေးနေကျငွေထက်၊ ဒီထဲမှာတောင်းထားတဲ့ငွေနဲတယ်။ ဒါလဲ ဂျာမန်အစိုးရ စစ်ပမ်းလို့ အကုန်အကျများလို့ထင်ပါရဲ့' ဟု ရုံးမင်းကကွန့်လိုက်၏။

'ဒီစာဟာ ရှင်တို့ လုပ်ကြံထားတဲ့စာ စာအစစ်မဟုတ်ဘူး'

'စာအစစ်မဟုတ်လည်း ကျုပ်တို့ကို အပြစ်တင်လို့ မဖြစ်ဘူး။ မယ်မင်း၏



Scanned by CamScanner

လင် ဖွန်တရုံးကိုသာအပြစ်တင်ဘို့ရှိတယ်'

'ရှင်တို့က ကျမကိုသူလျှိုမှတ်နေလို့လား'

ရုံးမင်းသည် လျံ၏စကားကို ကြားသော်၊ ပြုံး၍နေလိုက်၏။ သူလျှိုအမှုနှင့် စစ်ဆေးနေသည်ကိုပင်၊ လျံသည် သူလျှိုမှတ်နေသလားဟု မေးနေသေး၏။

'မယ်မင်း ဘာများ လျှောက်ကြားချင်သေးသလဲ'

'ဘာမှ မပြောချင်တော့ပါဘူးရှင်၊ ရှင်တို့ လက်ထဲရောက်နေပေါ့ဟာ၊ ရှင်တို့ သဘောပေါ့'

ရုံးမင်းသည် လျံ၏ သတ္တိကို ချီးမွမ်းဟန်နှင့် အတန်ကြာ လျံဘက်သို့ စိုက်ကြည့်နေပြီးလျှင် စီရင်ချက်ကိုဖတ်ပြလေ၏။

'မင်းလို ရုပ်ချောတစ်ယောက်ကို သေဒဏ်ပေးရတာဝမ်းနည်းပါတယ်ကွယ်'

ဟု စကားပလ္လင်ခံကာ၊

'ကချေသည်မ မါဒါဂါရီခေါ် လျံဆောန်ရလ်သည် စစ်အတွင်း၌ ရန်သူ၏ သူလျှိုမအဖြစ်နှင့် အသက်ပေါင်းများစွာကို ပျက်စီးအောင်ဆောင်ရွက်သောကြောင့်၊ ဤရုံးက ချိန်းဆိုသောနေ့၌ သေနတ်အပစ်ခံစေဟု စီရင်ချက်ချမှတ်လိုက်လေသတည်း။

* * *

လျံအား မယ်သီလရှင် ကျောင်းကြီး တစ်ကျောင်း၌ မယ်သီလရှင်ကြီး တစ်ဦး၏ အစောင့် အရှောက်နှင့်နေရလေသည်။ တမလွန်ဘဝ ကူးပြောင်းခါနီးတွင် ဘဝကူးကောင်း လေအောင် တရားဘာဝနာများ အားထုတ်စေရန် သီလရှင်ကျောင်းသို့ ပို့ ထားခြင်းဖြစ် သည်။ လျံသည် အခန်းတစ်ခန်းထဲ၌ အပြင်က သော့ခတ်ထားသဖြင့် မထွက်ရပဲနေခဲ့ ရလေသည်။

သုံးရက်မြောက်သောနေ့၌ မိမိမမျှော်လင့်သောသူ ပေါ်လာ၏ ထိုသူကား ဂျော ပင်ဖြစ်၏။

လျံသည် တွေ့ခဲ့ရသော ယောကျ်ားအပေါင်းတို့တွင် ဂျော့ကို အချစ်စစ်နှင့် ချစ်ခဲ့၏။ ဖူးစာကံကလည်း သူတို့ နှစ်ဦးကိုမကြာခဏဆုံပေးပါပေ၏။ အခြားယောကျ်ား များကို တစ်ခါကွဲသွားလျှင် ပြန်မတွေ့ရတော့ချေ။ ဂျော့ကိုကား တစ်ခါမက တွေ့ရသည်။

ဂျော့သည် လက်တွင် ပန်းချီဆွဲရန်ကိရိယာများနှင့် လာ၏။ သီလရှင်ကြီးသည် ဂျော့နောက်မှ ထပ်ကြပ်မကွာလိုက်လာသဖြင့် လွတ်လပ်စွာ နှုတ်ဆက်ခြင်းမပြုရချေ။ သီလရှင်ကြီးမှာ ပြင်သစ်စကားသာတတ်၍ အင်္ဂလိပ်စကားမတတ်ရကား လျှံက ဂျော့အား အင်္ဂလိပ်လိုသာ ပြောရန် ရှေးဦးစွာတောင်းပန်၏။

ထို့နောက် လျှံက ဂျော့အား မည်သို့ ကြံဖန်၍ဝင်လာသနည်းဟု မေးလေ၏။ ဂျော့က မည်သို့မျှ မဟုတ်၊ သူ့အား ဗိုလ်ချုပ်ကြီးက သေခါနီး သူလျှိုမ တစ်ယောက်ရဲ့ ရုပ်ပုံကို အဆွဲခိုင်း၍လာခဲ့ရကြောင်း၊ လျှံမှန်းမသိကြောင်းတို့ကို ပြော၏။

လျှံသည် ရှေးက လျှံမဟုတ်တော့ပြီ။ သေရမည့်ဘေးကို အလွန့်အမင်း ကြောက်နေဟန်ရှိ၏။ ရုပ်အဆင်းသဏ္ဌာန်တို့သည် ပျက်၍နေလေပြီ။ သီလရှင်ကြီး လျှံကိုမြင်တိုင်း သနားဟန်ရှိကာ မျက်နှာလွှဲ၍နေရှာလေ၏။ ဂျော့သည် ပုံကို စ၍ဆွဲ၏။

သီလရှင်ကြီးသည် ဂျော့ထိုင်ရန်အတွက် ကုလားထိုင်ကို ထွက်၍ယူလေ၏။ ထိုလစ်သည့် အခိုက်ကလေးတွင်ချစ်သူနှစ်ဦးတို့သည် အားရပါးရ နှုတ်ဆက်လိုက်ရတော့သည်။

လျှံက 'မောင်... သူတို့က လျှံကို သတ်မယ်ဆိုပါလား၊ သူတို့ တကယ်သတ်မှာ မဟုတ်ပါဘူးနော်' ဟု ပြောရှာ၏။ ဂျော့သည် တွေဝေနေလေ၏။

'စစ်ဗိုလ်ကြီးက လျှံကို မသတ်ဘူး ဆိုတာပြောသေးသလား'

'ဟင့်အင်း မပြောဘူး၊ ဘာမှ မပြောဘူးကွဲ့'

လျှံသည် သေရမည့်ဘေးကို ကြောက်၍ နေရှာလေပြီ။

'မောင် လျှံကို မကယ်နိုင်တော့ဘူးလား ဟင်၊ မောင် ကယ်နိုင်ရင် ကယ်စမ်းပါ။ မောင်...လျှံဟာ ဒပ်ချ် အနွယ်ပဲ၊ ဒီတော့ မောင် ဒပ်ချ်လူမျိုး နိုင်ငံခြားဝန်ကြီးဆီ လျှံ အကြောင်း ပြောပြီး သူတို့ သတ်မှာကိုတားခိုင်းပါလားဟင်'

ဟု မယ်သီလရှင်ကြီးပြန်မရောက်ခင်ကလေး တတွတ်တွတ်ပြောရှာ၏။

မယ်သီလရှင်ကြီးရောက်လာသဖြင့် စကား ဆက်လက်၍ မပြောနိုင်ကြတော့ပဲ ဂျော့သည် ပုံကို ဆွဲမြဲ ဆွဲနေ၏။

အချိန်စေ့သော် ဂျော့အား အခန်းမှ ထွက်ရန် အမိန့်ပေးသဖြင့် ဂျော့သည်လျှံအား



Scanned by CamScanner

ချစ်သူတို့ ဘာဝ နှုတ်မဆက်ရပဲ၊ ရိုးရိုးဦးညွတ်ရုံသာ ညွတ်ခဲ့ရလေသည်။ လျှံသည် သီလရှင်ကြီးရှေ့၌ အင်္ဂလိပ်လိုပင်ဖြစ်သော်လည်း၊ ပူပူဆာဆာ မမှာရဲချေ။ 'မောင် ပြောလိုက်နော်၊ သူတို့ လျှံကို သတ်ကြမှာမဟုတ်ပါဘူး' ဟု ပြောရှာ၏။

* * *

၁၉၁၇ - ခုနှစ်၊ အောက်တိုဘာလ(၁၄)ရက်နေ့ နံနက် လေးနာရီခွဲအချိန့်သည်၊ စစ်ဗိုလ်ချုပ်ကြီး၏ အမိန့်အရ ကချေသည်မ မာဒါဂါရပ်အား သေနတ်နှင့် စီရင်ရန် သီလရှင် ကျောင်းထောင်ကြီးမှ ထုတ်ယူ၍ မြို့ပြင် တလင်းသို့ ခေါ်ဆောင်ရန် အချိန့်ဖြစ်လေသည်။

သတင်းထောက်များသည် ထောင်ကြီးအဝ၌ မှတ်စုစာအုပ်ကလေးများ ကိုယ်စီနှင့် တိုးဝှေ့ စောင့်ဆိုင်းနေကြကုန်၏။ ထိုအခိုက် လျှံဆောန်ရလ်၏ ရှေ့နေကြီးဝင်လာ၍ အရာရှိတို့အား

'အရာရှိမင်းများခင်ဗျား၊ ခင်ဗျားတို့ မေဒင်ဆောန်ရလ်ကို ယနေ့ မသတ်နိုင်ပါ။ ဥပဒေအရ ကိုယ်ဝန်ဆောင်မိန်းမများကို သားဖွားပြီးမှသာ သတ်နိုင်ခွင့်ရှိပါတယ်'

အရာရှိတို့က အသက်ခြောက်ဆယ်ကျော် ရှေ့နေကြီးအားကြည့်၍ အကြီးအကဲဖြစ်သူ အရာရှိက "ဆောန်ရလ် ဘယ်သူနဲ့ ကိုယ်ဝန်ရသလဲ" ဟု မေးလေ၏။

ရှေ့နေကြီးသည် ဘာမျှမပြောဘဲ ခေါင်းငုံ့၍ နေ၏။

အရာရှိက "ခင်ဗျားနဲ့ ရလို့လားဗျ၊ အလကားဗျာ အချိန့်ကုန်အောင် လုပ်မနေစမ်းပါနဲ့"ဟု ပြောကာ လျှံကို စောင့်ရှောက်သော သီလရှင်ကြီးအား လျှံကို နှိုး၍ခေါ်ခဲ့ရန် အမိန့်ပေးကာ သူကိုယ်တိုင် လိုက်သွား၏။

"သူတို့မသတ်ပါဘူး" ဟု အယုံမှားနေရှာသော လျှံသည် အပူအပင်ကင်းသော ကလေးသဖွယ် အိပ်မောကျနေရှာ၏။ အိပ်ပျော်နေသဖြင့် မသိမ်းဆည်းနိုင်ရှာရကား သူ၏ လှပမက်မောဖွယ်ကောင်းလှသော လက်ဝဲရင်သားသည် လျော့ကျနေသော အင်္ကျီအောက်မှ အထင်းသားပေါ်ထွက်နေရကား၊ သီလရှင်ကြီးနှင့် ပါလာသော အရာရှိကြီးသည် အကြောင်သား ငေးမိနေ၏။

သီလရှင်ကြီးကနှိုးသဖြင့် နိုးလာသော လျှံသည် အရာရှိကြီးကိုမြင်သော်

သေရမည် ကို မတွက်မိသေးဘဲ "သူတို့ ငါ့ကိုကြောက်အောင် ချောက်တာပါ" ဟု အတွေးရောက် နေသေး၏။

"ဘာလဲဟင် ရှင်တို့က ကျွန်မကိုကြောက်မလားလို့ လာချောက်တာလား၊ မကြောက်ဘူးရှင့်၊ မကြောက်ဘူး"

"ချောက်တာမဟုတ်ပါဘူး။ တကယ်ပါ။ အထက်အမိန့်အတိုင်း ဆောင်ရွက်ဖို့ လာခဲ့ရတာပါ"

လျှံသည် ထိုအခါမှ "မရတော့ဘူး ငါတော့ သေတော့မှာဘဲ" ဟု စိတ်ချယုံကြည် မိလေတော့၏။ မထူးတော့ဘူးဟု မျှော်လင့်ချက် ကုန်ခမ်းခြင်း အခြေသို့ ရောက်သူသည် ကြောက်စိတ်မရှိတော့ချေ။ မျှော်လင့်ချက်ဆုံးသည်၏ အခြားမဲ့၌ အသက်ရှင်နေသော်လည်း လူသေနှင့် မခြားတော့ရကား၊ ကြောက်စိတ်သည် ရဲစိတ်နှင့် အတူ ခွဲခွာသွားလေသည်။


လျှံကို မော်တော်ကားကြီးနှင့် မြို့ပြင်သို့ ခေါ်သွားကလေသည်။ လျှံ၏ သေမင်းတမန် စစ်သားဆယ့်နှစ်ဦးတို့သည် သေနတ်နှင့် စောင့်လင့်၏။ လျှံသည် သားမွေးလောင်းကုတ် အင်္ကျီကြီးကိုဝတ်၍ လိုက်ပါသွား၏ ကားပေါ်မှဆင်းပြီးသော် အရာရှိကြီးခေါ်ရာ စစ်သားဆယ့် နှစ်ဦးနှင့် မျက်နှာချင်းဆိုင် နေရာသို့သွား၍ရပ်လေ၏။

သူသည်ကြောက်ရွံ့ခြင်းကင်းမဲ့သော အသွင်နှင့် လောကကြီးကို သရော်ပြုံး ပြုံးနေ ၏။ သားမွေးအင်္ကျီကြယ်သီးများကို လက်နှင့်ကိုင်၍ ကစားနေ၏။ "ဤ လျှံဆော်နီရယ် ဆိုသောမိန်းမသည် သူလျှိုမဖြစ်သဖြင့် သေနတ်ပစ်ခံစေ" ဟူသော အမိန့်စာဖတ်သံကို ငုံ့စောင်းကြည့်ရင်း မျက်လုံးကလေးများကို လှန်၍ကြည့်ကာ ပြုံးမဲ့ပြုံးနေ၏။

အရာရှိကြီးက အချက်ပေးလိုက်သောအခါ စစ်သားဆယ့်နှစ်ယောက်တို့သည် သေနတ်ကိုယ်စီ ပစ်ဖောက်ကြလေသည်။ လျှံသည်အရာရှိကြီး၏ အချက်ပေးသံကို ကြားရသည် နှင့် တစ်ပြိုင်နက် သားမွေးအင်္ကျီကို ရုတ်ချည်းခွာလိုက်ကာ ဂျော့အသဲစွဲခဲ့သော ကိုယ်ကာယကို ထင်းလင်းစွာ ပြလိုက်လေသတည်း။

တက်တိုး







ကမ္ဘာကျော်သူလျှိုမယ်

# မာတာဟာရီ

တက်တိုး

Scanned by CamScanner